ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ပထမဝါဆိုလပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့၊ (4-7-2004) (၄၂၈၄)

မာတာပိတု ဥပဋ္ဌာနံ ဧတံ မင်္ဂလ မုတ္တမံ။

အမိအဖတို့ကို ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် "အမျိုးသမီး" ဆိုသည့်ဂုဏ်ပုဒ်သည် ထူးခြားသည့် ကိုယ်ပိုင်ဂုဏ်ဒြပ်ရှိ အမျိုးသားများနှင့်တန်းတူ လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်ခွင့်၊ ဖန်တီးစွမ်းဆောင်နိုင်ခွင့် ရရှိထား နိုင်ငံတော်သစ်ထူထောင်ရေး ကြိုးပမ်းမှုကာလတွင် မြန်မာအမျိုးသမီးထုကြီးကလည်း ရှုပ်ရှုပ်ချွံချွံကြိုးပမ်းစွမ်းဆောင်မှုဝါဒလမ်းစဉ်(၇)ရပ် တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်ဖြစ်ထွန်းလာစေရန် ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်

ရန်ကုန်　　ဇူလိုင်　　၃

၂၀၀၄ခုနှစ် မြန်မာအမျိုးသမီးများနေ့ (Myanmar Women's Day) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း တက်ရောက်၍ ထူးချွန်ဆုများ ချီးမြှင့်ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** *

၂၀၀၄ခုနှစ် မြန်မာအမျိုးသမီးများနေ့ (Myanmar Women's Day) အထိမ်းအမှတ် အခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဧည့်သည်တော်များ ခင်းကျင်းပြသထားသော အမျိုးသမီးရေးရာလှုပ်ရှားမှု ဓာတ်ပုံပြကွက်များကို ကြည့်ရှုကြစဉ်။　(သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

P65　　1　　4/7/04, 12:38 AM

ကြေးမုံ The Mirror

၄-၇-၂၀၀၄
(တနင်္ဂနွေနေ့)

ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေး စိုက်ပျိုးသူများနှင့် လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်း ခိုင်မာရေးအတွက် အမျိုးသားရေးစွမ်းအားစုများ၊ နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်နှင့် လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းအားကို စုစည်းရယူပြီး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒများတွင် ပြည်ပပို့ကုန် တိုးမြှင့်ရေး၊ ပြည်ပသွင်းကုန် လျှော့ချရေးနှင့် သွင်းကုန်အစားထိုးကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားရေးတို့ ပါဝင်သည်။

ထို့ကြောင့် နိုင်ငံတော်က အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းခိုင်မာရေးအတွက်စိုက်ပျိုးရေးကဏ္ဍကိုအခြေခံပြီး စက်မှုကုန်ထုတ်လုပ်ငန်းများအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေး၊ စိုက်ပျိုးရေးအပါအဝင်စက်မှုလက်မှုနှင့် အခြားသော ကုန်ထုတ်လုပ်မှုကဏ္ဍ အသီးသီး၌ ပြည်ပပို့ကုန် တိုးချဲ့ထုတ်လုပ်နိုင်ရေး လုပ်ငန်းများကို အားပေးဖြည့်ဆည်းလျက်ရှိသည်။

စိုက်ပျိုးထုတ်ကုန်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် ပို့ကုန်လုပ်ငန်းတိုးမြှင့်တင်ပို့ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇွန်လ ၃၀ ရက်နေ့က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာတွင် **ပြည်ပပို့ကုန်သီးနှံများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများ၊ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ အထူးသဖြင့် လုပ်ငန်းရှင်များက အမှန်တကယ် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူလယ်သမားများအား ကူညီပံ့ပိုးဆောင်ရွက်ကြရန်လိုကြောင်း** မှာကြားခဲ့သည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်၍ ပြည်ပပို့ကုန်မြင့်မားရေး ကြိုးပမ်းရာတွင် လယ်ယာထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေးသည် အဓိကဖြစ်သည်။ ထို့ကြောင့် ဝယ်လိုအားကောင်းသော ဈေးကွက်ရှိသည့် လယ်ယာကိုင်းကျွန်းသီးနှံများကို တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန် အဘက်ဘက်က အားပေးကူညီ လျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကလိုအပ်သည့် စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရန် နိုင်ငံတော် တစ်ဝန်း၌ ဆည်မြောင်း၊ တာတမံ၊ ရေထိန်းတံခါးပေါင်း ၁၆၁ ခုကို တည်ဆောက်ပေးထားပြီးဖြစ်သည်။

ထို့အပြင်နိုင်ငံတော်အပိုင်းက ဆန်စပါးအပါအဝင် လယ်ယာကိုင်းကျွန်းသီးနှံများ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်လိုသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအား စိုက်ပျိုးမြေ၊ စိုက်ပျိုးရေးနည်းပညာမှစ၍ လိုအပ်ချက်များကို အားပေးဖြည့်ဆည်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ကြသည့် လုပ်ငန်းရှင်များအနေဖြင့် အဓိကသီးနှံများ၊ ဈေးကွက်ဝင်သီးနှံများကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြရန် လိုအပ်သည်။ ဌာနဆိုင်ရာများက စိုက်ပျိုးရေးအတွက် လိုအပ်သည့်သီးနှံ မျိုးကောင်း မျိုးသန့်နှင့် စိုက်ပျိုးရေးနည်းပညာများကို ပံ့ပိုးကူညီပေးလျက်ရှိရာ တိုင်းရင်းသား စိုက်ပျိုးရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၏ လိုအပ်ချက်များကို အပြည့်အဝ ကူညီပံ့ပိုးပေးသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာ မျှော်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများနှင့် လယ်ယာစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအားလုံး စေတနာရှေ့ထားပြီး ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ကိုင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



2004 Noma Concours for Picture Book Illustration
ပြိုင်ပွဲဝင်လက်ရာများစိစစ်ရွေးချယ်ရေးအဖွဲ့ ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇူလိုင် ၃

ဂျပန်နိုင်ငံ၌ ကျင်းပမည့် 2004 Noma Concours for Picture Book Illustration အတွက်မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ပြိုင်ပွဲဝင်လက်ရာများ စိစစ်ရွေးချယ်ရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ၄နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြိုင်ပွဲဝင်လက်ရာများစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်လက်ရာများ စိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြန်ကြား ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူး ချုပ်အောင်သိန်းကအမှာစကားပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်လက်ရာများ စိစစ်ရွေးချယ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူးပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာတည်းမှူးချုပ် ဦးမောင်လှိုင်ကဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်အစည်းအဝေးတက်ရောက်လာကြသည့် ပုဂ္ဂိုလ်များကပြိုင်ပွဲဝင်လက်ရာများစိစစ်ရွေးချယ်ရေးနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်းက လိုအပ်သည်များကို ဖြည့်စွက်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ ပြိုင်ပွဲဝင်လက်ရာများ ပေးပို့ရေးအတွက် သတင်းစာများနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့မှ သီးခြားဖော်ပြမည်ဖြစ်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး **ဗိုလ်မှူးချုပ်အောင်သိန်း ဂျပန်နိုင်ငံ၌ ကျင်းပမည့် 2004 Noma Concours for Picture Book Illustration တွင် မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ပြိုင်ပွဲဝင်လက်ရာများ စိစစ်ရွေးချယ်ရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**(သတင်းစဉ်)

လက်ခံယူ

အမှတ်(၃၃) ဓမ္မစိန္တာလမ်း ကျောက်မြောင်း တာမွေမြို့နယ်နေ ဒေါ်မြမိသားစုက ဒေါ်မြ၏(၈၁)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ထာဝရဆွမ်း၊ ဆေးပဒေသာပင်တို့အတွက် အလှူငွေကျပ် တစ်သိန်းတစ်သောင်းကို ဇွန် ၂၇ရက်ကလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း)လက်ခံယူစဉ်။ (က-ပ)

မြန်မာ့ စိတ်ဓာတ် ဇနက္က

★ မဟာဇနက္က၊ နိုးထလာရန်
ဖုံးသံစိန်သံ၊ ဆူညံသံတွေ
ပြင်းထန်ဟစ်ကြွေး၊ လှုံ့ဆော်ပေးလည်း
ရေးရေးလေးမျှ မလှုပ်ပါ။
★ အေးအေးညင်သာ၊ သာယာကြည်မြ
တေးအလှနှင့်၊ ဂီတသံသာ
ပြုလုပ်ပါမှ၊ မဟာဇနက္က
နိုးထလာကြောင်း
ဇာတ်ကြောင်းမဟာ၊ ရှိခဲ့ပါ၏။
★ မြန်မာဟူသည်
အဘယ်မည်သော၊ သဘောစိတ်ဓာတ်
စွဲကပ်၍နေ၊ မသိလေလျှင်
အဖြေသိချင် မှတ်ပါကြ
မြန်မာ့စိတ်ဓာတ် ဇနက္က။ ။

ဖိုးဝ

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်(၁၄/၃)ရပ်ကွက် မြင်သာ သံသုမာလမ်း၊(၁၂၇/၁)နေ ကွယ်လွန်သူဦးငွေထွန်းအားရည်စူး၍ ဒေါ်မြင့်ဟန် သားသမီးမြေးတစ်စုက သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းကိုနှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ဇွန် ၂၉ရက်က ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ညောင်ကန်အေး ရွှေပြည်သာသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၃

ညောင်ကန်အေး ရွှေပြည်သာသာသနာ့ရိပ်သာ၌ ဝါဆိုဝါကပ် သံဃာတော်များနှင့် ပင့်သံဃာတော်တို့အား ဇောကာဒသမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်တွင် နံနက် ၇ နာရီမှ ၉ နာရီထိ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ လှူဒါန်းလိုသူများ ဝေယျာဝစ္စအဖွဲ့ ညောင်ကန်အေး ရွှေပြည်သာသာသနာ့ရိပ်သာ ရွှေပြည်သာမြို့နယ် ဖုန်း-၆၁၀၃၆၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ဒို့ပြည်ခွန်အား မြန်မာအမျိုးသမီးများ

ခင်ပြည်ချစ်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်အသင်းတို့မှာ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သဘာဝ မတူညီသည့် သဘောတရား ရှိသော်ငြားလည်း မြန်မာအမျိုးသမီးထု ဖွံ့ဖြိုးတိုးတက်စေရန် ရည်သန်ကြိုးပမ်းနေကြသည့် အဖွဲ့အစည်းများ ဖြစ်ကြသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အမျိုးသမီးရေးရာကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သော ကာလတွင် နှစ်ရှည်ကြာမြင့်သည့် အတွေ့အကြုံများ ရရှိထားပြီးဖြစ်သည့်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ထွန်းလာပြီးနောက်တွင် အမျိုးသမီးရေးရာ ကိစ္စရပ်များကို ကဏ္ဍအလိုက် တိုးချဲ့ဆောင်ရွက်လျက် ရှိနေပြီဖြစ်သည်။

မြန်မာကွန်ဗင်းရှင်းစင်တာတွင် ၂၀၀၄ ခုနှစ် မတ်လ ၂၈ ရက်နှင့် ၂၉ ရက်နေ့များက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးကို ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က လမ်းညွှန်မှုများ ပေးခဲ့သည်။ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေကလည်း အဖွဲ့ချုပ်၏ ရည်ရွယ်ချက်များ၊ လိုက်နာရမည့် အခြေခံမှုများ၊ ကဏ္ဍအလိုက် ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့ပြီး **အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့** ဟူသော ဆောင်ပုဒ်အတိုင်း မျိုးနွယ်စောင့်ရှောက်ထိန်းသိမ်းရေးအတွက် မှန်ကန်သောအသိ၊ မှန်ကန်သောခံယူချက်၊ မှန်ကန်သော ရပ်တည်ချက်များ ထားရှိကာ အားမာန်အပြည့်ဖြင့် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်ရင်း နိုင်ငံတော်သစ်ဆီအရောက် ချီတက်ကြရန် မြန်မာအမျိုးသမီးထု တစ်ရပ်လုံးကို နှိုးဆော်တိုက်တွန်းခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကို ၂၀-၁၂-၂၀၀၃ ရက်နေ့က ဖွဲ့စည်းပြီးသည့်နောက် ထားရှိသည့် ရည်မှန်းချက်များနှင့် လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာ အလုပ် အမှုဆောင် အဖွဲ့ဝင်များ ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေး အမြင်ချင်းဖလှယ်လျက်ရှိသည်။ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းကဏ္ဍများ အကောင်အထည်ဖော်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၀၄ ခုနှစ် မေလ ၂၀ ရက်နေ့က ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက အဖွင့်အမှာစကားပြောကြားရာ၌ "အဖွဲ့ချုပ်၏ ရည်ရွယ်ချက်များနှင့် အခြေခံမူများနှင့်အညီ အကောင်အထည်ဖော်သွားကြရန်၊ တစ်ဦးနှင့်တစ်ဦး ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေးကြရန်အတွက် ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များကို ခေါ်ယူ၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပေးမှုများ၊ ရုပ်ပိုင်းဆိုင်ရာ ကာကွယ်ထိန်းသိမ်းမှုများ၊ ပညာပေးမှုများနှင့် အမျိုးသမီးဆိုင်ရာ စည်းရုံးရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်မည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အမျိုးသမီးကဏ္ဍသက်သက်ကို ထိရောက်စွာ ဆောင်ရွက်ပေးမည့် လူမှုရေးအဖွဲ့အစည်းဖြစ်သည်ကို သိရှိစေလိုကြောင်း၊ ပထမသက်တမ်းကာလ အစဖြစ်သည့်အတွက် လုပ်ငန်းများ စနစ်ကျနမှန်ကန်စွာ ဆောင်ရွက်ကြရန် လွန်စွာအရေးကြီးပြီး မှန်ကန်သော စည်းရုံးဦးဆောင်မှု၊ စနစ်ကျနသော လုပ်ငန်းဆောင်ရွက်မှု၊ ပီပြင်သော ပညာပေးကြိုးကြပ်မှု၊ ပုဂ္ဂိုလ်ရေးအားဖြင့် အကျင့်စာရိတ္တ မြင့်မားခိုင်မာမှု၊ မိမိအဖွဲ့အစည်းအပေါ် စေတနာကောင်းထားရှိမှု စသည့်အရည်အသွေးများအားလုံး စံနမူနာဖြစ်ရန် လိုအပ်ကြောင်း" ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချယ်ရီရဲခေါင်က "အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခြင်း၏ ဦးတည်ချက် နှစ်ချက်ရှိကြောင်း၊ ပထမအချက်မှာ ၂၈-၃-၂၀၀၄ ရက်နေ့နှင့် ၂၉-၃-၂၀၀၄ ရက်နေ့တွင် ကျင်းပခဲ့သော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးတွင် မြွက်ကြားခဲ့သော အဖွဲ့ချုပ်နာယကကြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့၏ မှာကြားချက်များကို လမ်းညွှန်မှုအဖြစ် ခံယူရန်၊ လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက် အညွှန်းကိန်းများကို သုံးလတစ်ကြိမ် အစီရင်ခံစာ ပေးပို့ရန်နှင့် သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာ အညွှန်းကိန်းများတွင် ပါဝင်သော အညွှန်းကိန်း (Format) ပုံစံများအရ တိကျမှန်ကန်စွာ လိုက်နာပြီး ဆောင်ရွက်ဖော်ပြကြရန်၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ၏ မှာကြားချက်အရ Community Base ဖြစ်သော ပြည်သူလူထု အခြေပြု လုပ်ငန်းတစ်ရပ်အဖြစ် Workshop အုပ်စုငယ် ဆွေးနွေးပွဲများကို မြို့နယ်မှစ၍ ပြုလုပ်ရန် မှာကြားခဲ့သဖြင့် ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲကြီး ပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း၊ ဒုတိယအချက်မှာ ရန်ကုန်တိုင်း လုပ်ငန်းဆောင်ရွက်ချက်များကို အရှိန်အဟုန်မပျက် စဉ်ဆက်တိုးတက် ဆောင်ရွက်လျက်ရှိကြရာတွင် ခရိုင်အားလုံးနှင့် မြို့နယ် ၄၅ မြို့နယ်မှ တစ်ပြေးညီ ပါဝင်ဆောင်ရွက်ကြရန်၊ ခရိုင်လေးခရိုင် ညီညာစွာ ထိရောက်သည့် လက်တွေ့ကျသည့် လုပ်ငန်းဆောင်ရွက်ချက်များ ပြုလုပ်နိုင်စေရန်၊ ခရိုင်များမှတစ်ဆင့် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ အမျိုးသမီးထုကြီး၏ နိစ္စဓူဝ ဖြတ်သန်းနေရသော လူမှုဘဝအတွင်းသို့ အကြားအလပ်မရှိ ထဲထဲဝင်ဝင် ထိရောက်စွာရောက်ရှိသွားရန်လိုအပ်ကြောင်း၊ မိမိတို့ဒေသနှင့် ကိုက်ညီစွာ ကာလံဒေသံအလိုက် ပေါ့ပါးရှင်လန်း လွယ်ကူချောမွေ့စွာ လုပ်ငန်းများ အချိန်မီ ပြည့်မီစွာ ဆောင်ရွက်နိုင်ရန် လိုအပ်၍ အုပ်စုခေါင်းဆောင်များ၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များသည် လက်တွေ့ကျသော လမ်းညွှန်ချက်များကို အဓိက ဦးတည်ချက်ထားပြီး ဆွေးနွေးအကြံပြုကြရန်၊ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ညီအစ်မရင်းချာနှင့်မခြား တိုင်ပင်ဆွေးနွေးကြရန်၊ အကြံပြုတင်ပြချက်များကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးလေးစားစား အသိအမှတ်ပြု မှတ်သားနာယူ အကောင်အထည်ဖော်ပေးကြရန်" တိုက်တွန်းပြောကြားခဲ့သည်။

ထိုနေ့က အလုပ်ရုံဆွေးနွေးပွဲတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းအဖွဲ့ (၁၄)ဖွဲ့က စင်ဒီကိတ်(၁/၂/၃/၄)အဖွဲ့ လေးဖွဲ့ခွဲပြီး လုပ်ငန်းတာဝန်များကို တက်ကြွစွာ အသေးစိတ် ပါဝင်ဆွေးနွေးကြသည်။ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များအလိုက် ဆွေးနွေးချက်များအပေါ် ရန်ကုန်တိုင်း အုပ်ချုပ်ရေးမှူးက ပြန်လည်ရှင်းလင်း အထောက်အကူပြု ဆွေးနွေးပံ့ပိုးပေးခဲ့သည်။ ရရှိလာသော ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ပြီး စီးပွားရေးလုပ်ငန်းအဖွဲ့က ကွန်ပျူတာသင်တန်း၊ နက္ခတ္တဗေဒသင်တန်း ဖွင့်လှစ်ခြင်း၊ ပညာရေးလုပ်ငန်းအဖွဲ့က ဆင်းရဲနွမ်းပါးသော ကလေးငယ်များအား ပညာသင်စရိတ် ပံ့ပိုးလှူဒါန်းခြင်း၊ စာရင်းကိုင်သင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း၊ စာဖတ်ဝိုင်းများ ပြုလုပ်ခြင်း၊ ကျန်းမာရေးလုပ်ငန်းအဖွဲ့က အာဟာရတိုက်ကျွေးခြင်း၊ ကာကွယ်ဆေး ပုံမှန်တိုက်ကျွေးခြင်း၊ ပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ ငယ်/ရွယ် လုပ်ငန်းအဖွဲ့က အသိပညာပေး ဟောပြောပွဲများပြုလုပ်ခြင်း၊ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့က ယဉ်ကျေးမှုထိန်းသိမ်းရေး ဟောပြောပွဲ၊ ပြပွဲပြိုင်ပွဲများ ကျင်းပခြင်း၊ Roll-play နည်းဖြင့် ယဉ်ကျေးမှု အသိပညာပေးခြင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့က သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ သစ်ပင်ထိန်းသိမ်းခြင်း၊ ပြန်ကြား/ဆက်သွယ်လုပ်ငန်းအဖွဲ့က စာကြည့်တိုက်များ ဖွင့်လှစ်ခြင်း၊ လက်ကမ်းစာစောင်နှင့် ဂျာနယ်များထုတ်ဝေခြင်း၊ ဆောင်းပါးများ ရေးသားခြင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့က ပညာပေးဟောပြောပွဲ ပြုလုပ်ခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးဌာနများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့က ရိုးရာဓလေ့ထုံးစံ အစားအသောက်များ ရောင်းချခြင်း၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က လှုပ်ရှားမှုများအား စည်းကမ်းတကျ ဆောင်ရွက်သွားနိုင်ရန် ကြီးကြပ်ကွပ်ကဲပေးခြင်း၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့က အဖွဲ့ဝင်အင်အားများ တိုးပွားအောင် ဆောင်ရွက်သွားနိုင်ရန် အသိပညာပေးခြင်း၊ ဘဏ္ဍာရေးနှင့် စီမံရေးရာ လုပ်ငန်းအဖွဲ့က ရန်ပုံငွေကို ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းနှင့်အညီ စနစ်တကျ သုံးစွဲရန် သတ်မှတ်ခြင်းတို့ကို ဆုံးဖြတ်ခဲ့ကြသည်။

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးနှင့် ဥက္ကဋ္ဌ ဒေါ်ချယ်ရီရဲခေါင်တို့ အလုပ်ရုံဆွေးနွေးပွဲတွင် လိုက်လံကြည့်ရှုအားပေးစဉ်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများအနေဖြင့် သမိုင်းနှင့်ချီ၍ မောင်တစ်ထမ်း၊ မယ်တစ်ရွက် အိမ်ထောင်ဦးစီးနှင့် အတူ အိမ်ထောင့်တာဝန်ကို နိုင်နင်းစွာ ထိန်းသိမ်းနိုင်ကြသည်။ အချို့နိုင်ငံများကဲ့သို့ တစ်ဖက်သတ်နှိမ့်ချထားခြင်း မခံရဘဲ မျက်မှောက်ခေတ် ဥပဒေပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် အယူအဆများအရသော်လည်းကောင်း အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေးရရှိခြင်းသည် အဆင့်မြင့်မား ခေတ်မီသည့် မြန်မာ့လူ့ဘောင်ယဉ်ကျေးမှု၏ ထူးခြားသည့် ဂုဏ်ဒြပ်များပင်ဖြစ်သည်။

မြန်မာအမျိုးသမီးတို့၏ ကြီးသူကို ရိုသေ လေးစားခြင်း၊ မိသားစုအချင်းချင်း မေတ္တာကရုဏာ သက်ရောက်မှုရှိခြင်းဟူသော ဓလေ့စရိုက်များကြောင့် မြန်မာမိသားစုများတွင် အေးချမ်းသာယာမှုနှင့် ပျော်ရွှင်ချမ်းမြေ့မှုကို ဖြစ်ပေါ်စေသည်။ စံနာမူနာဖြစ်သည့် မြန်မာမိသားစု ဆက်ဆံမှုသည် မေတ္တာကရုဏာကို အခြေခံသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ မြတ်နိုးဖွယ်ရာ အစဉ်အလာကောင်းဖြစ်သည့်အတွက် အမျိုးသမီးများအား အကြမ်းဖက်မှု မဖြစ်စေရန် ကာကွယ်တားဆီးပေးနိုင်သည်ကိုလည်း တွေ့ရှိရသည်။ မိမိနိုင်ငံ၊ မိမိလူမျိုး၏ ယဉ်ကျေးမှုကို ထိန်းသိမ်းရသော အစဉ်အလာကောင်းများ ရှိနေခြင်းသည် မြန်မာအမျိုးသမီးများ၏ ချစ်ခင်ဖွယ်ကောင်းသော ဓလေ့၊ ဂုဏ်ယူဖွယ်ကောင်းသော အမူအကျင့်ပင်ဖြစ်လေရာ အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ခြင်း၊ အမျိုးသမီးများ၏ ယဉ်ကျေးမှုဓလေ့ကို မြတ်နိုးထိန်းသိမ်းခြင်းနှင့် ဖြားယောင်းသိမ်းသွင်းမှု မခံရစေရေးတို့ကို အလေးထား ဆောင်ရွက်သွားကြမည့် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် အနောက်တိုင်းက ပုံစံမမှန်သော သရုပ်ပျက်ယဉ်ကျေးမှုကဲ့သို့ လျှပ်ပေါ်လော်လီ ဝတ်စားဆင်ယင်မှုများနှင့် ပေါ့ပျက်သော အမူအကျင့်များကို ရှောင်ကြဉ်နိုင်အောင် ကူညီဆောင်ရွက်ပေးမည်ဖြစ်ရာ အရေးကြီးသော ကဏ္ဍတစ်ရပ်အဖြစ် အလုပ်ရုံဆွေးနွေးပွဲတွင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားကြကြောင်း တွေ့ရှိရသည်။

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းကဏ္ဍများ အကောင်အထည်ဖော်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်ခဲ့သည်နှင့်အမျှ ရရှိလာသော ဆွေးနွေးချက်များ၊ ဆုံးဖြတ်ချက်များအရ ယခုအခါ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့ (၁၄)ဖွဲ့၏ လုပ်ငန်းတာဝန်များကို ပီပြင်စွာ တက်ညီလက်ညီ လှုပ်ရှားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြပြီ ဖြစ်သည်။ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် လုပ်ငန်းကဏ္ဍများ အကောင်အထည်ဖော်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် ရည်မှန်းချက်များနှင့်အညီ စုစည်းညီညွတ်သော အမျိုးသမီးထု၏ စွမ်းအားဖြင့် နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် မြင့်မားသော အခန်းကဏ္ဍမှ ရပ်တည်ကာ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၇-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၅	၆။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၇။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၈။ **ဆရာတော်ဦးဃောသိတ တရားတော် "ဘူတံဘူတတောပဿတိ"**
၉း၁၀	၉။ အပိတ်နှုတ်ဆက်စကား
၉း၁၁	၁၀။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ မျိုးချစ်တပ်မတော်
၄း၂၀	၄။ သာယာသီကြွေးခေတ်ဆန်းတေး
၄း၃၀	၅။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် ပထမနှစ်အထူးပြုအားလုံး** Coconut
၅း၀၀	၆။ အမေးကမ္ဘာတွေးစရာ
၆း၀၀	၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၈။ နိုင်ငံတကာသတင်း
၆း၂၀	၉။ မိုးလေဝသသတင်း
၆း၂၅	၁၀။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၆း၃၀	၁၁။ မြန်မာ့ရှုခင်း
၆း၄၀	၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ရတနာရွှေအိုး" (အပိုင်း-၁၁)**
၈း၀၀	၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
	၁၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
	၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၉။ **အရှင်ဇနကာဘိဝံသ၏ထေရုပ္ပတ္တိ ပိဋကတ်ဉာဏ်ကွန့်မြူး ထူးချွန်သည့်ဆရာတော်**
	၂၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်၊ ရွှေသားမက်ဘယ်သူလဲ" (အပိုင်း-၁)**
	၂၁။ သင့်အတွက်မနက်ဖြန်
	၂၂။ အပိတ်နှုတ်ဆက်စကား
	၂၃။ ပြီးပါပြီ။

နိုင်ငံတကာ သတင်းများ

ကန်တပ်ဖွဲ့ဝင်များ ဌာနေပြန်လာရေး ဆန်ဖရန်စစ္စကိုလူထု တောင်းဆို

ဆန်ဖရန်စစ္စကို ဇူလိုင် ၂

အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များ ဌာနေပြန်ရောက်လာရေးအတွက် တောင်းဆိုမှုနှင့်စပ်လျဉ်း၍ အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကို မြို့နေလူထုသည် နိဝင်ဘာလတွင် မဲပေးရတော့မည်ဖြစ်ရာ အမေရိကန်ပြည်ထောင်စုတွင် လွတ်လပ်မှုအရှိဆုံး လက္ခဏာတစ်ရပ်ဖြစ်သည်။

အဆိုပါ မဲပေးမှုဆိုင်ရာ ရှေ့ဆောင်ရှေ့ရွက်ပြုမှုကို ပြည်နယ်တာဝန်ရှိပုဂ္ဂိုလ်များက ထောက်ခံအတည်ပြုထားသည်။ ယင်းလှုပ်ရှားမှုက အီရတ်နိုင်ငံအား အမေရိကန်သိမ်းပိုက်မှု အဆုံးသတ်ရေးအတွက် အလျင်အမြန်ဖော်ဆောင်ရေးနှင့် တပ်ဖွဲ့ဝင်များဌာနေသို့ ဘေးမသီရန်မခ ပြန်လည်ခေါ်ယူရေးကို တိုက်တွန်းနှိုးဆော်ထားသည်။ ယင်းဆောင်ရွက်မှုသည် အမေရိကန်ပြည်ထောင်စုတွင် ပထမဆုံးအကြိမ်ပြုလုပ်သည့် ဆောင်ရွက်ချက်ဖြစ်ဖွယ်ရှိသည်။

ခန့်မှန်း

အမေရိကန်တပ်ဖွဲ့များ ဌာနေပြန်လာရေး လှုပ်ရှားမှုအား ထောက်ခံသည့် ဆန်ဖရန်စစ္စကို ကြီးကြပ်သူများ အဖွဲ့ဝင်လေးဦးက အီရတ်စစ်ပွဲစရိတ်သည် အမေရိကန်ဒေါ်လာ သန်း ၅၂၀ ခန့်ရှိမည်ဟု ခန့်မှန်းထားကြပြီး ယင်းငွေဖြင့် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် အိမ်ခြေရာခြေမရှိသူများအတွက် လူမှုဖူလုံရေး ထောက်ပံ့ကြေးအဖြစ် ဆယ်နှစ်စာအသုံးပြုနိုင်ကြောင်း ပြောကြားကြသည်။

အသုံးပြုသင့်

အဖိုးထိုက်တန်လှသည့် ပြည်သူ့ငွေကြေးအရင်းအမြစ်များကိုအချည်းနှီးဖြုန်းတီးကာ အမေရိကန်နိုင်ငံသားများနှင့် အီရတ်ပြည်သူတိုင်း အသက်ချွေးများကို အီရတ်နိုင်ငံ သိမ်းပိုက်ရေးကိစ္စတွင် စတေးနေမည့်အစား ယင်းငွေကြေးများကို ဘဝအထောက်အကူပြု ကြိုးပမ်းမှုများတွင် အသုံးပြုသင့်ကြောင်း ယင်းအဖွဲ့ဝင် လေးဦး၏ ရေးသားချက်ကို ကြေညာချက်တွင် ဖော်ပြထားသည်။

အင်တာနက်။

ဇွန် ၂၆ ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ်ဒေသတွင် နေအိမ်တစ်အိမ်အား စီးနင်းဝင်ရောက်ရှာဖွေရန် ပြင်ဆင်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယား ဓားစာခံအသတ်ခံရမှု ကုမ္ပဏီဥက္ကဋ္ဌ ရှင်းလင်းပြောဆို

ဆိုးလ် ဇူလိုင် ၂

မိမိ၏ ကုမ္ပဏီမှ စကားပြန်တစ်ဦးဖြစ်သူ ကင်ဆွန်အီအား ဓားစာခံအဖြစ် ဖမ်းဆီးထားသူများသည် ၎င်းကို ပြန်လည်လွှတ်ပေးရန် ရည်ရွယ်ရင်းရှိခဲ့ကြောင်း၊ သို့ရာတွင် တောင်ကိုရီးယားအစိုးရက အီရတ်နိုင်ငံသို့ တပ်ဖွဲ့များ ထပ်မံစေလွှတ်သွားရန် ထုတ်ပြန်ကြေညာလိုက်သည့်အခါ ဓားစာခံဖမ်းဆီးထားသူများ စိတ်ပြောင်းသွားကာ ကင်ကို သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားကုမ္ပဏီအကြီးအကဲက ကြာသပတေးနေ့တွင် ပြောကြားသည်။

ထုတ်ပြန်

မိမိသည် ရှေ့နေတစ်ဦးအပါအဝင် ကြားဝင်စေ့စပ်ပေးသော အဖွဲ့တစ်ဖွဲ့မှ တစ်ဆင့် ဓားစာခံဖမ်းဆီးထားသူများနှင့် ဇွန် ၁၈ ရက်အထိ စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ကင် ပြန်လည်လွတ်မြောက်အောင် ကြိုးပမ်းခဲ့ကြောင်း၊ သို့ရာတွင် ဇွန် ၁၈ ရက်တွင် တောင်ကိုရီးယားအစိုးရက အီရတ်သို့ နောက်ထပ် တပ်ဖွဲ့ဝင် ၃၀၀၀ ထပ်မံစေလွှတ်မည်ဟု ထုတ်ပြန်ကြေညာခဲ့ရာ အခြေအနေမှာ ဆိုးရွားသွားပြီး မိမိ၏အလုပ်သမား အသတ်ခံလိုက်ရကြောင်း ကင်နာ အထွေထွေကုန်သွယ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ကင်ချွန်ဟိုက ပြောကြားသည်။

ဂျော်ဒန်နိုင်ငံ အခြေစိုက်အဆိုပါ ကုမ္ပဏီသည် အမေရိကန်တပ်ဖွဲ့အတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့နေသော ကုမ္ပဏီဖြစ်သည်။

အင်တာနက်။

ဇွန် ၃၀ ရက်က ပိုလန်နိုင်ငံ ဝါဆောမြို့ သမ္မတနန်းတော်ရှေ့တွင် ပိုလန်ပြည်သူများ အီရတ်စစ်ပွဲဆန့်ကျင်ရေး ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်၏ စွပ်စွဲပြောဆိုချက်များ လုပ်ကြံမှုသာဖြစ်ကြောင်း အီရန်ကြေညာ

ဝါဆော ဇူလိုင် ၂

အီရန်နိုင်ငံ တီဟီရန်မြို့တော်မှ စစ်အဆောက်အအုံအနီး၌ အီရန်က အဏုမြူ လက်နက်သုတေသန ပြုလုပ်သည်ဆိုသော အမေရိကန်၏ စွပ်စွဲချက်များမှာ လုပ်ကြံမှုသာ ဖြစ်ကြောင်းဖြင့် အီရန်ထိပ်တန်း နျူကလီးယားစေ့စပ်ရေးမှူးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။ အမေရိကန်တို့က အီရန်အစိုးရ အနေဖြင့် တီဟီရန်မြို့လာဗီဇန်ဒေသတွင် လက်နက်သုတေသနပြုလုပ်သည်ဟု သံသယရှိခဲ့သည်။

၂၀၀၃ခုနှစ် ဩဂုတ်လမှ ၂၀၀၄ခုနှစ် မေလအတွင်းထိုဒေသမှ အဆောက်အအုံများနှင့် လမ်းအားလုံးကို ဖျက်ဆီးပစ်ပြီး အပေါ်ယံမြေဆီလွှာအများအပြားကိုပင် ဖယ်ရှားပစ်လိုက်ခြင်းကြောင့် အမေရိကန်တို့အနေဖြင့် ပိုမိုသံသယ ရှိလာခဲ့သည်ဟုဆိုသည်။

သို့သော်လာဗီဇန်ဒေသကို လုံးဝဖြိုဖျက်ခြင်းမှာ ထိုနေရာကိုပိုင်ဆိုင်သည့် မြို့တော်ကောင်စီနှင့် ကြည်းတပ်အကြား အငြင်းပွားမှုကို ကူညီဖြေရှင်းရန်ဖြစ်ကြောင်းဖြင့် အီရန်အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးချုပ် ရိုဟာနီက ဝါဆောသို့ လာရောက်စဉ် ထုတ်ဖော်ပြောဆိုသည်။

အီရန်နိုင်ငံသည် မည်သည့် အဏုမြူလက်နက်လှုပ်ရှားမှုမှ မပြုလုပ်ကြောင်း၊ ယခုအထိအမေရိကန်တို့၏ စွပ်စွဲချက်များ လိမ်ညာလှည့်ဖြားခြင်းသာ ဖြစ်ကြောင်း ရိုဟာနီက ပြောကြားလိုက်သည်။

အမ်အင်အေ၊ရိုက်တာ။

ဇွန် ၂၆ ရက်က အမေရိကန်နိုင်ငံ ဘော်စတွန်မြို့ ကော်ပလေးရင်ပြင်တွင် အီရတ်စစ်ပွဲဆန့်ကျင်ရေး ဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ ဒွန်ချီတောင်ပေါ်ရေကန်ကြီး

ဂေဟစနစ်မပျက်စီးရန် ဒေါ်လာ ၁၁သန်း အကုန်အကျခံ ဆောင်ရွက်မည်

ကူမင်း ဇူလိုင် ၂

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ နာမည်ကျော်ဒွန်ချီတောင်ပေါ်ရေကန်ကြီး၏ ဂေဟစနစ် ပြန်လည်ထိန်းသိမ်းရေးအတွက် တရုတ်ယွမ်ငွေသန်း ၉၀ (အမေရိကန်ဒေါ်လာ ၁၁ သန်း) ရင်းနှီးမြှုပ်နှံ လုပ်ဆောင်သွားမည်ဖြစ်သည်။

အဆိုပါ စီမံကိန်းကို ယခုနှစ်အကုန်တွင် စတင်လုပ်ကိုင်မည်ဖြစ်၏။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရင်းနှီးမြှုပ်နှံမှုစုစုပေါင်းအနက် သုံးပုံတစ်ပုံကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက စိုက်ထုတ်ကျခံမည်ဖြစ်သည်။ ကျန်သုံးပုံနှစ်ပုံကို ဒေသဆိုင်ရာအစိုးရက ကျခံရမည်ဖြစ်ကြောင်း သိရသည်။

ရေကန်ကြီး၏ ဂေဟစနစ်ပြန်လည်ပြုပြင်ရေး အစီအစဉ်အရ ယခင်ရေကန်အနားသတ်ပေါင်ပေါ်တွင် တည်ဆောက်ထားခဲ့သော တာပေါင်ရိုးအချို့ကို ပြန်လည်ဖြိုချသွားမည်ဖြစ်သည်။ ထိုသို့ ဖြိုချခြင်းမှာ ရေကန်ကြီး၏ သဘာဝအလျောက်ပြုပြင်နိုင်စွမ်းကို ပြန်လည်ဖန်တီးရန် ရေလွှမ်းစိမ့်မြေဒေသကို ပြန်လည်ဖန်တီးယူမည် ဖြစ်သည်ဟုဆိုသည်။

ဒွန်ချီတောင်ပေါ်ရေကန်ကြီးမှာ ကီလိုမီတာ ၄၀ ရှည်လျားပြီး ရှစ်ကီလိုမီတာ ကျယ်ဝန်းကာ ရေပမာဏ ကုဗမီတာသန်း ၁၅၀၀ သိုလှောင်နိုင်စွမ်းရှိသည်။ ယူနန်ပြည်နယ် မြို့တော်မှာ ကူမင်းမြို့ဖြစ်သည်။ ထိုရေကန်ကြီးသည် ကူမင်းမြို့တော်၏ စက်မှုလုပ်ငန်းများနှင့်စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေရရှိရာအဓိကအရင်းအမြစ်တစ်ခုဖြစ်သည်။ ထို့အပြင် ကူမင်းမြို့၏ သဘာဝမျှတမှုရှိအောင်လည်း ထိန်းညှိပေးရာ သဘာဝကန်ကြီးလည်း ဖြစ်သည်။

ထိုရေကန်ကြီး၏ အနားမျဉ်းတစ်လျှောက်တွင် ၁၉၈၀ ပြည့်နှစ်များကာလက တာပေါင်အလျား ၁၈၈၆ မီတာကို တည်ဆောက်ခဲ့သည်။ ထိုတာပေါင်များကြောင့်သဘာဝစိမ့်မြေများနှင့်ကန်ကြီးအဆက်ပြတ်သွားပြီးကန်ကြီး၏အလိုအလျောက်သန့်စင်နိုင်မှုစွမ်းအားကို ပျက်ပြားသွားစေခဲ့သည်။ အနီးဝန်းကျင်တွင် စက်မှုလုပ်ငန်းများ လျင်မြန်စွာ ပေါ်ပေါက်လာခြင်းနှင့် စိုက်ပျိုးမြေများ ချဲ့ထွင်ခဲ့ခြင်းကြောင့် လွန်ခဲ့သော အနှစ် ၂၀ အတွင်း ကန်ကြီး၏ သဘာဝဝန်းကျင်ကိုပျက်ယွင်းသွားစေခဲ့သည်။

တောင်ပေါ်ရေကန်၏ ညစ်ညမ်းမှုထိန်းသိမ်းရေးလုပ်ငန်းများကို ၁၉၉၀ ပြည့်နှစ်များကာလအတွင်းမှစ၍ တစ်စတစ်စပြန်လည်ဆောင်ရွက်လာခဲ့သည်ဖြစ်ရာ ယခုအချိန်အထိဆိုလျှင် အမေရိကန်ဒေါ်လာ ၄၂၂ သန်း ကျခံသုံးစွဲကာ ပြုပြင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ညမထွက်ရအမိန့်ထုတ်ပြန်

ဘဂ္ဂဒက် ဇူလိုင် ၂

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် လုံခြုံရေးအခြေအနေကောင်းမွန်စေရေး အထောက်အကူပြုနိုင်ရန်အတွက် ယင်းမြို့ရှိ အာဏာပိုင်များက ည ၈ နာရီခွဲမှ နံနက် ၆နာရီခွဲအထိ ညမထွက်ရအမိန့်ကို ဗုဒ္ဓဟူးနေ့ညမှစတင်၍ ထုတ်ပြန်မည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရဲတပ်ဖွဲ့က ဘဂ္ဂဒက်မြို့တော် တောင်ပိုင်း ကီလိုမီတာ ၁၆၀ ခန့် အကွာရှိ နာဂျက်ဖ်မြို့ တစ်ဝိုက်တွင် ကင်းလှည့်မှုများ ပိုမိုတိုးမြှင့်ထားပြီး စစ်ဆေးရေးဂိတ်များလည်း ဖွင့်ထားကြောင်း ရဲတပ်ဖွဲ့က ထပ်လောင်းပြောကြားသည်။

တွန်းလှန်

နာဂျက်ဖ်မြို့သည် ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ၏သစ္စာခံ မီဒီလက်နက်ကိုင်တပ်သားများက အမေရိကန်ဦးဆောင်သည့် အီရတ်နိုင်ငံ သိမ်းပိုက်ရေး တပ်ဖွဲ့ဝင်များအား ယခုလ စောစောပိုင်း မတိုင်မီကတည်းက အပြင်းအထန် တွန်းလှန်တိုက်ခိုက်သည့် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာဒေသဖြစ်သည်။

ငြင်းဆန်

အယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်သားများက ရဲတပ်ဖွဲ့ဝင်များအား နာဂျက်ဖ်မြို့တစ်ဝိုက်တွင် ဇွန်လ ၄ ရက်က ဖြန့်ကြက်ထားရန် ခွင့်ပြုခဲ့သော်လည်း အများပြည်သူလူထုက ကြည်ညိုသည့် ရှီးယိုက်ခေါင်းဆောင်တစ်ဦး မြေမြှုပ်သင်္ဂြိုဟ်ထားသည့် ဘာသာရေးအဆောက်အအုံတစ်ခုမှ စွန့်လွှတ်ထွက်ခွာရန် ငြင်းဆန်လျက်ရှိသည်။

ပြောကြား

တင်းမာမှုများ လျော့ပါးနေသည့် လက္ခဏာရှိနေစဉ် အယ်လ်ဆာဒါက ၎င်း၏ လက်နက်ကိုင်တပ်သားများအား မိမိအိမ်များသို့ ပြန်ကြရန် လွန်ခဲ့သည့် ရက်သတ္တပတ်က ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ချဉ်းကပ်

ဇွန် ၃၀ ရက်က ဘဂ္ဂဒက်မြို့ ဂါဇီလီယာဒေသတွင် အိမ်တစ်အိမ်အား စီးနင်းဝင်ရောက်ရှာဖွေရန် ချဉ်းကပ်နေကြသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇွန်၂၈ရက်က ဘဂ္ဂဒက်မြို့ ဆာဒါခရိုင်တွင် ရှီးယိုက်တိုက်ခိုက်ရေးသမားတစ်ဦးအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများညှဉ်းပန်းမှုကိစ္စ တိုနီဘလဲအား ပြစ်တင်ဝေဖန်

လန်ဒန် ဇူလိုင် ၂

အီရတ်နိုင်ငံရှိ အပေါင်းပါတပ်ဖွဲ့များ၏ပြုမူဆက်ဆံမှုနှင့် ပတ်သက်၍ ဝန်ကြီးချုပ် တိုနီဘလဲအား ဗြိတိန်နိုင်ငံမှ ခရစ်ယာန်ဂိုဏ်းချုပ်က အပြင်းအထန်ပြစ်တင်ဝေဖန်လိုက်သည်။

အီရတ်အကျဉ်းသားများအားညှဉ်းပန်းနှိပ်စက်မှုသည် နက်နဲသည့်ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေပြီး အနောက်အုပ်စုဝင် အစိုးရများအပေါ် ယုံကြည်မှုနှင့် စိတ်ဓာတ်ရေးရာအရ သြဇာညောင်းမှုကို ထိပါးစေနိုင်ကြောင်း အင်္ဂလန်ခရစ်ယာန်ဘုန်းတော်ကြီးများကိုယ်စား ဒေးဗစ်ဟုပ်က ရေးသားထားသည့်စာတွင် ဖော်ပြထားသည်။

အီရတ်အကျဉ်းသားများအားနှိပ်စက်ညှဉ်းပန်းမှုနှင့် ဆက်နွယ်သည့် နိုင်ငံတကာဥပဒေကိုသိသိသာသာချိုးဖောက်မှုသည် နက်ရှိုင်းလှသည့် ဆိုးကျိုးသက်ရောက်မှုပင်ဖြစ်ကြောင်း ၎င်းတို့ရေးသားသည့်စာကို ဗုဒ္ဓဟူးနေ့ထုတ် တိုင်းမ်သတင်းစာတွင်ဖော်ပြထားသည်။

လိုလျှင်တစ်မျိုး မလိုလျှင် တစ်မျိုး စနစ်နှစ်မျိုးဖြင့် ဆက်ဆံတတ်သည့် အနောက်အုပ်စု အစိုးရများအပေါ် အီရတ်ပြည်သူလူထုနှင့်အစ္စလမ္မစ်ကမ္ဘာမှ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို မလွဲမသွေ လျော့ပါးစေကြောင်း ၎င်းစာတွင်ဖော်ပြထားသည်။

ဝန်ကြီးချုပ်တိုနီဘလဲက အဆိုပါစာ ရရှိထားကြောင်း ဒေါင်းနင်းလမ်းရှိ အစိုးရ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။ ခရစ်ယာန်ဘုန်းတော်ကြီးများက အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခ ဖြေရှင်းရာတွင် တိုးတက်မှုမရှိဖြစ်နေမှုအတွက် စိုးရိမ်မကင်းဖြစ်ကြောင်းထုတ်ဖော်ပြောကြားပြီး အစ္စရေးနှင့် ပါလက်စတိုင်း နှစ်ဖက်ကြား ရှေ့ပြည်အေးသမားအဖြစ် ဆောင်ရွက်နေသည့် ဗြိတိန်၏ ရပ်တည်ချက် ထိခိုက်လာနိုင်ကြောင်းကိုလည်း တိုနီဘလဲအား သတိပေးပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံတွင် အသတ်ခံခဲ့ရသည့် တောင်ကိုရီးယားဓားစာခံတစ်ဦးအတွက် ဆုတောင်းနေသည့် တောင်ကိုရီးယားပြည်သူများကို ဇွန် ၃၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံ၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၈၅၈ဦးရှိပြီ

ဘဂ္ဂဒက် ဇူလိုင် ၂

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ လွန်ခဲ့သည့်နှစ် မတ်လ၌ စစ်ပွဲစတင်ဆင်နွှဲချိန်မှစ၍ ဇူလိုင် ၂ရက်အထိ အီရတ်တွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၈၅၈ဦး ဖြစ်သည်။

ယင်းအနက် ၆၃၆ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၂၂၂ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။ အီရတ်ကို ဆင်နွှဲသော စစ်ပွဲသည် ၂၀၀၃ ခုနှစ် မေလ ၁ရက်၌ ပြီးဆုံးခဲ့သည်။

ထိုနေ့မှစပြီး အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၇၂၀ ဖြစ်ပြီး ယင်းအနက် ၅၂၇ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၁၉၃ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု ဆိုသည်။

အီရတ်၌ အမေရိကန်၏ အခြားအပေါင်းပါ တပ်ဖွဲ့ဝင်များလည်း စစ်ပွဲစတင်ခဲ့သည်မှ သေဆုံးမှုများရှိခဲ့သည်။ အဆိုပါ တပ်ဖွဲ့ဝင်များမှာ ဗြိတိသျှ ၅၉ဦး၊ အီတလီ ၁၈ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယားနှင့် ပိုလန်ခြောက်ဦးစီ၊ ယူကရိန်းလေးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလင်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

(အင်တာနက်)

၂၀၀၃ခုနှစ် ဧပြီ နောက်ပိုင်း အီရတ်သိပ္ပံပညာရှင် ၂၅၀ သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂

၂၀၀၃ခုနှစ် ဧပြီလနောက်ပိုင်းကတည်းက အီရတ်နိုင်ငံသား သိပ္ပံပညာရှင်စုစုပေါင်း ၂၅၀ သေဆုံးခဲ့ကြောင်း သို့တည်းမဟုတ် လုပ်ကြံသတ်ဖြတ်ခံရကြောင်း အီရတ်သတင်းစာ အယ်လ်မာဒါက ကြာသပတေးနေ့က ရေးသားသည်။

ကိုးကားရေးသား

လွန်ခဲ့သည့် ဧပြီလကတည်းက အီရတ်နိုင်ငံတစ်ဝန်းတွင် တက္ကသိုလ်များ၊ ပညာသင်ကြားရေးဌာနများ နှင့် သိပ္ပံဆိုင်ရာ ဌာနအဖွဲ့အစည်းများမှ ပါမောက္ခ ၂၅၀ အသတ်ခံရ သို့တည်းမဟုတ် လုပ်ကြံသတ်ဖြတ်ခံခဲ့ရကြောင်း တက္ကသိုလ် ပါမောက္ခချုပ်အဖွဲ့က ထုတ်ပြန်သည့် စာရင်းဇယားများကို အဆိုပါ သတင်းစာက ကိုးကား၍ ရေးသားသည်။

ခြိမ်းခြောက်

ယင်းသတ်ဖြတ်မှု၏နောက်ကွယ်မှ ကြိုးကိုင်နေသော ပါတီအဖွဲ့အစည်း အချို့ရှိနေပြီး အီရတ်ပြည်သူ လူထု၏ နှံ့နှံ့စပ်စပ်သိလိုသည့် စိတ်ဓာတ်များအား နှိပ်ကွပ်လို၍ ယင်းသို့ပြုလုပ်ခြင်းဖြစ်ကြောင်း အဆိုပါ အဖွဲ့၏ဥက္ကဋ္ဌ အယ်လ်ရာဝီက ပြောကြားသည်။ လုပ်ကြံသတ်ဖြတ်မှုများ၊ ပြန်ပေးဆွဲမှုများနှင့် ခြိမ်းခြောက်မှုများ စဉ်ဆက်မပြတ် ပြုလုပ်မှုကြောင့် တက္ကသိုလ်မှ ပါမောက္ခ ၁၀၀၀ ကျော်တို့သည် အီရတ်နိုင်ငံမှ ထွက်ပြေးခဲ့ရကြောင်း ရာဝီက ထောက်ပြပြောကြားသည်။

ဖြစ်ပွား

မူစတန်ဆီရီယာတက္ကသိုလ် တစ်ခုတည်းပင်လျှင် လူသတ်မှု၊ ခြိမ်းခြောက်မှု၊ ပြန်ပေးဆွဲပြီး ငွေတောင်းမှုစသည့် အမှု ၁၃မှု ဖြစ်ပွားခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရေပိုင်နက်နှင့် စီးပွားရေးသီးသန့်ဇုန် သတ်မှတ်ရန်သဘောတူညီ

ဟန္နွိုင် ဇူလိုင် ၂

ဘေဘူး ပင်လယ်ကွေ့အတွင်း နှစ်နိုင်ငံရေပိုင်နက် နယ်နိမိတ်၊ စီးပွားရေးသီးသန့်ဇုန်နှင့် ကမ်းဦးရေတိမ်ပိုင်းဆိုင်ရာ သဘောတူညီချက် အတည်ပြုသည့် စာချုပ်စာတမ်းများ ဖလှယ်ရေးအခမ်းအနားကိုတရုတ်နှင့် ဗီယက်နမ်တို့ ဟန္နွိုင်မြို့တွင် ဗုဒ္ဓဟူးနေ့က ကျင်းပသည်။

ထိုအတောအတွင်း တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့သည် ဘေဘူး ပင်လယ်ကွေ့အတွင်း ပူးတွဲငါးဖမ်းရေး သဘောတူညီချက် အတည်ပြုရေးစာချုပ်စာတမ်းများကိုလည်း ဖလှယ်လိုက်ကြသည်။

ထို့ကြောင့်တရုတ်ပြည်နှစ် ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ၂၅ ရက်က လက်မှတ်ထိုးခဲ့သည့်ဘေဘူးပင်လယ်ကွေ့ နယ်နိမိတ်သတ်မှတ်ရေး သဘောတူညီချက်နှင့် ဘေဘူး ပင်လယ်ကွေ့အတွင်း ပူးတွဲငါးဖမ်းရေး သဘောတူညီချက်တို့မှာ ၂၀၀၄ ခုနှစ် ဇွန်လ ၃၀ ရက်တွင် စတင်အာဏာသက်ရောက်သွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဇွန် ၂၄ ရက်က အီရတ်နိုင်ငံ ရာမာဒီမြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော ရဲစခန်း အဆောက်အအုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပျက်စီး

အီရတ်နိုင်ငံ မိုဆူးလ်မြို့ ရဲစခန်း တိုက်ခိုက်ခံရမှုတွင် ပျက်စီးသွားသော ကားတစ်စီးကို ဇွန် ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ

The Mirror

အီရတ် မြင်ကွင်း

အီရတ်နိုင်ငံ ဟီလာမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသော အသက် နှစ်နှစ်အရွယ်ရှိ ကလေးတစ်ဦးကို ဇွန် ၂၇ ရက်က ဆေးရုံ၌ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇွန် ၂၆ ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် နေအိမ်တံခါးများဖျက်ဆီးကာ ဝင်ရောက်ရှာဖွေနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇွန် ၂၇ ရက်က အီရတ်နိုင်ငံ ဟီလာမြို့တွင် ကားဗုံးပေါက်ကွဲသဖြင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ရှင်းလင်းဖယ်ရှားနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇွန် ၂၆ ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် စိန်ပြောင်းကျည် ထိမှန်မှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွက်လာရေးအတွက် မကွေးတိုင်း မကွေးမြို့တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသည့် မကွေးဆေးတက္ကသိုလ်၏ ခုတင် (၂၀၀) ဆံ့ သင်ကြားရေးဆေးရုံ တည်ဆောက်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ရန်ကုန်-စစ်တွေကားလမ်းပေါ်တွင် ရာမောင်မြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် ပေ ၁၃၀၀ ရှည် ရာမောင်တံတားကို တွေ့ရစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် နောင်မွန်စံပြကျေးရွာ၌ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ပေးဝေနိုင်ရေး ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ-စည်ပင်)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

မန္တလေးတိုင်း မြစ်သားမြို့နယ် ပိန္နဲပင်ကျေးရွာအနီး ပန်းလောင်မြစ်ကို ဖြတ်ကျော် တည်ဆောက် ထားသည့် ကျေးလက်တံတားကို တွေ့ရစဉ်။ (ဓာတ်ပုံ-စည်ပင်)

နယ်စပ်ဒေသ၌ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် တည်ဆောက် ဖွင့်လှစ်ပေးခဲ့သော တာချီလိတ်မြို့ တိုးချဲ့ အလယ်တန်းကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ငွေးအောင်၊ကြေးမုံ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ခုနှစ် မြန်မာအမျိုးသမီးများနေ့ (Myanmar Women's Day) အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

*** ရှေ့ဖုံးမှ**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒေါက်တာ ဒေါ်မေမေရီ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရ ရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အကြံပေးပုဂ္ဂိုလ်များ ဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကအဖွဲ့ဝင် အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထောက်အကူပြုအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါ်ခင်အေးဝင်းနှင့် အတွင်းရေးမှူး အဖွဲ့ဝင်များ၊လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ပြည်နယ်နှင့်တိုင်း တာဝန်ခံများ၊ လုပ်ငန်းအထောက်အကူပြု အဖွဲ့–အဖွဲ့ဝင် ဌာနဆိုင်ရာအကြီးအကဲများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ထူးချွန်ဆုရရှိကြသည့် အမျိုးသမီးများ၊ အနုပညာရှင်များ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ စုံညီစွာ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် မြန်မာအမျိုးသမီးများသည် ရိုးရာဓလေ့အရ ယဉ်ကျေးသိမ်မွေ့ကြသလို မိမိတို့၏ အမျိုးအနွယ်နှင့် အမျိုးသားယဉ်ကျေးမှုကို စောင့်ရှောက်ထိန်းသိမ်း မြှင့်တင်ကြရာမှာလည်း စံနမူနာယူဖွယ် ထူးခြားသည့် ယဉ်ကျေးမှုဓလေ့စရိုက်ကို ပိုင်ဆိုင်ထားသူများဖြစ်ကြကြောင်း။

ထိုကဲ့သို့ လေးစားဂုဏ်ယူဖွယ် ဂုဏ်ဒြပ်များနှင့်ပြည့်စုံလှသည့် မြန်မာအမျိုးသမီးများကို ဂုဏ်ပြုတင်စားပြီး မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးကို ကိုယ်စားပြုသည့် "မြန်မာအမျိုးသမီးများနေ့"ဟု ထူးခြားစွာ ပေါ်ထွန်းလာခြင်းသည် မြန်မာအမျိုးသမီးထုကြီး၏ ထူးခြားကောင်းမြတ်သည့် ဂုဏ်ရည်တို့ကို ထိုက်တန်စွာမော်ကွန်းတင်မှုသည်း ရေးထိုးပေးလိုက်ခြင်းဖြစ်သည့်အတွက် မြန်မာအမျိုးသမီးတိုင်းအတွက် ဂုဏ်ယူဖွယ်ပင်ဖြစ်ကြောင်း။

အဓိပ္ပာယ်ရှိသောဖော်ဆောင်မှု

မြန်မာအမျိုးသမီးများနေ့ဟု စတင်ဖြစ်ပေါ်လာခြင်းသည်လည်း မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးအတွက် ဘဝလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပင်ကို ရှိထားပြီးဖြစ်သည့် မြန်မာအမျိုးသမီးများ၏ ဂုဏ်ရည် ထိန်းသိမ်းရေး၊ သမိုင်းအစဉ်အလာရှိခဲ့သည့် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရေးစသည့် ရည်မှန်းချက်များဖြင့် မြန်မာအမျိုးသမီးရေးရာ ကော်မတီကို စတင်ဖွဲ့စည်းထူထောင်ခဲ့သည့် ၁၉၉၆ခုနှစ်၊ ဇူလိုင် ၃ ရက်နေ့ကို ဖော်ဆောင်သတ်မှတ်ခဲ့ခြင်းဖြစ်သည့်အတွက် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးအတွက် ကိုယ်စားပြုသည့် အလွန်အဓိပ္ပာယ်ရှိသော ဖော်ဆောင်မှုဖြစ်ကြောင်း။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် "အမျိုးသမီး"ဆိုသည့် ဂုဏ်ပုဒ်သည် ပင်ကိုအားဖြင့် ထူးခြားသည့် ကိုယ်ပိုင်ဂုဏ်ဒြပ် ရှိထားပြီးဖြစ်ခြင်းကြောင့် မြန်မာ့လူ့ဘောင်တွင် မြန်မာလူမျိုးတိုင်းက ထိုက်တန်သည့်နေရာပေးပြီး တန်းတူရည်တူ ဆက်ဆံလျက်ရှိကြကြောင်း။

အစဉ်အလာကောင်းထိန်းသိမ်းထား

မိခင်နှင့်ဖခင်တို့၏ ဂုဏ်ကျေးဇူးကို တန်းတူရည်တူထားပြီး အလေးအမြတ်ပြုထားသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း "အမျိုးသမီး"ဆိုသည့် ဂုဏ်ပုဒ်သည် မိခင်တို့၏ မေတ္တာ၊ ကရုဏာနှင့် အကြင်နာတရားဆိုသည့် ဂုဏ်ရည်များကို ကိုယ်စားပြုထားပြီးဖြစ်သလို အိမ်ထောင်ဦးစီးဖြစ်သူ ဖခင်နှင့် ယှဉ်တွဲပြီး မိသားစုအရေးအရာများကို မောင်တစ်ထမ်း မယ်တစ်ရွက် ဦးဆောင်ဦးရွက်ပြုလျက်ရှိသည့် မိရိုးဖလာအစဉ်အလာကောင်းကို ထိန်းသိမ်းထားနိုင်သူများလည်း ဖြစ်ကြကြောင်း။

အမျိုးသားများနှင့်တန်းတူ လွတ်လပ်စွာ လုပ်ရှားဆောင်ရွက်ခွင့်၊ မိမိတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို မိမိဖန်တီးစွမ်းဆောင်နိုင်ခွင့် ရရှိထားကြသည့်အတွက် မြန်မာအမျိုးသမီးထုကြီးသည် စွမ်းဆောင်ရည် ထူးချွန်ထက်မြက်ပြီး ကိုယ်ရည်ကိုယ်သွေး ပြသနိုင်သည့် အခွင့်အလမ်းများလည်း ရရှိထားပြီးဖြစ်ကြောင်း။

ဣန္ဒြေသိက္ခာစောင့်စည်း

သို့သော်လည်းတစ်ဖက်မှာ ဘာသာတရား၏ အဆုံးအမများ၊ အပြန်အလှန် စောင့်စည်းထိန်းသိမ်းရမည့် လူမှုကျင့်ဝတ်များ၊ ဟီရိဩတ္တပ္ပတရား နှစ်ပါးကို အခြေခံသည့် ယဉ်ကျေးသိမ်မွေ့သည့် ဓလေ့စရိုက် အစဉ်အလာများ၏ ထိန်းကွပ်မှုများကြောင့် မြန်မာအမျိုးသမီးများသည် ဣန္ဒြေသိက္ခာ စောင့်စည်းပြီး မိမိကိုယ်ကိုမိမိ မာန်မာနကင်းစွာ နှိမ့်ချဆက်ဆံခြင်း၊ အမျိုးသားများအပေါ် အလေးအမြတ်ထားနေရာပေးဆက်ဆံခြင်းတို့သည် မြန်မာအမျိုးသမီးတိုင်း လိုက်နာကျင့်သုံးလေ့ရှိကြသည့် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်း တစ်ရပ်ပင်ဖြစ်ကြောင်း။

ထို့ကြောင့်လည်း ရှည်လျားခိုင်မာသည့် မြန်မာ့သမိုင်းအစဉ်အဆက်တွင် မြန်မာအမျိုးသမီးများသည် ယဉ်ကျေးသိမ်မွေ့သည့်စရိုက်ရှိသော်လည်း အရည်အသွေးနှင့် စွမ်းဆောင်ရည်တို့မှာ အမျိုးသားများနှင့် မခြားထက်မြက် မြင့်မားခဲ့ကြကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင်လည်း အမျိုးသားများနှင့် တန်းတူရည်တူ ကြည်ဖြူစွာ ယှဉ်တွဲဆောင်ရွက်နိုင်ခဲ့သည့်အတွက် ထူးချွန်ထက်မြက်သည့် အမျိုးသမီးစွမ်းဆောင်ရှင်များသည် အမျိုးသားများနှင့် ရင်ပေါင်တန်း ပေါ်ထွန်းလာနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်ရန်လို

ယနေ့အချိန်အခါသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံတကာအလယ်တွင် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သော နိုင်ငံတစ်နိုင်ငံအဖြစ်နှင့် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်စေရေးတို့အတွက် တစ်မျိုးသားလုံးက စုစည်းညီညွတ်သည့်စွမ်းပကားနှင့် တက်ညီလက်ညီ လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရန် အထူးလိုအပ်နေသည့် အချိန်အခါဖြစ်ကြောင်း။

ထိုအခြေအနေ အချိန်အခါမျိုးတွင် နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အမျိုးသမီးကဏ္ဍ၏ အရေးပါမှုနှင့် အမျိုးသားရေးအကျိုးစီးပွား ဖော်ဆောင်ရေးတွင် အမြဲထာဝရ တက်ကြွထက်မြက်စွာ ပါဝင်ကြိုးပမ်း စွမ်းဆောင်ခဲ့ကြသည့် မြန်မာအမျိုးသမီးထုကြီး၏စွမ်းပကားနှင့် အစဉ်အလာကောင်းများကို တန်ဖိုးထား အလေးအမြတ်ပြုပြီး အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားရေးစွမ်းအားစုတစ်ရပ်အဖြစ် ပီပီပြင်ပြင် ဖြစ်ပေါ်လာစေရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် မြန်မာအမျိုးသမီးများ ထိုက်တန်သည့် အခန်းကဏ္ဍက ပါဝင်စွမ်းဆောင်နိုင်ရေးတို့အတွက် စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

၁၉၉၆ခုနှစ်ကစပြီး မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ်နှင့် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသားအဆင့်ကနေ စနစ်တကျ ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်သွားမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ ကော်မတီများကို နိုင်ငံတော်အစိုးရက ဖွဲ့စည်းထူထောင်ပေးသည့်အတွက် ယင်းအမျိုးသမီးရေးရာ ကော်မတီအဆင့်ဆင့်၏စည်းရုံးစီမံဆောင်ရွက်မှုများကြောင့် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည် ပိုမိုတိုးတက်မြင့်မားလာခဲ့သလို ပိုမိုစနစ်ကျနပြီး အမျိုးသားရေးအနှစ်သာရနှင့်လည်း ပိုမိုပြည့်စုံလာခဲ့သည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

ထိုကဲ့သို့ မြန်မာအမျိုးသမီးများကဏ္ဍ ပြန်လည်တစ်ခေတ်ဆန်းသစ်ပြီး မြန်မာအမျိုးသမီးထုကြီး၏ ထက်မြက်သည့် စွမ်းဆောင်ရည်နှင့် ကောင်းမြတ်သည့် အစဉ်အလာကောင်းများ ပြန်လည်တောက်ကြွားရှင်သန်ဖွံ့ဖြိုးနေသည့် အခြေအနေ အချိန်အခါကောင်းတွင် အမျိုးသမီးစွမ်းအားစုကြီး တစ်ရပ်လုံး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်သည့်အပြင် အမျိုးသမီးများကိုယ်တိုင် ဦးဆောင်ပြီး စနစ်တကျ တာဝန်ခွဲဝေဖွဲ့စည်းထားသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီးအဖြစ်နှင့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ထိုကဲ့သို့ စုစည်းခိုင်မာပြီး စည်းလုံးညီညွတ်သည့် အမျိုးသမီးများ၏ အားကိုးအားထားပြုရာ အမျိုးသားရေး စွမ်းအားစုတစ်ရပ်အဖြစ် ပေါ်ထွန်းလာခြင်းသည် သမိုင်းအစဉ်အလာ ကြီးမားတောက်ပြောင်ခဲ့သည့် မြန်မာအမျိုးသမီးထုကြီး၏ ဂုဏ်ဒြပ်နှင့် ဆီလျော်ထိုက်တန်လှသည့် တိုးတက်ဖြစ်ထွန်းမှုတစ်ရပ်ဟု ဆိုရမှာဖြစ်ကြောင်း။

ပါဝင်နိုင်ခွင့်ရှိ

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အဆင့်အတန်းမရွေး၊ အလွှာမရွေး မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးကို လိုလားသူ အမျိုးသမီးတိုင်း၊ အမျိုးချစ်သူ အမျိုးသမီးတိုင်း မိမိဆန္ဒရှိခဲ့လျှင် ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိပြီးဗဟို၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်မှ ရပ်ကွက် ကျေးရွာအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးဖွဲ့စည်း ဆောင်ရွက်နိုင်သည့် လူမှုရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်ခြင်းကြောင့် စည်းရုံးဖွဲ့စည်းမှုမှာသာမက လုပ်ရှားဆောင်ရွက်မှုမှာပါ ပိုမိုသွက်လက်ထက်မြက်ပြီး စွမ်းအားပိုမိုကြီးမားကျယ်ပြန့် ထိရောက်သည့် အားလျော်စွာ မြန်မာအမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်များနှင့်အညီ အောင်မြင်ဖြစ်ထွန်းရေးအတွက် အားတက်သရော တက်ညီလက်ညီဝိုင်းဝန်း ကြိုးပမ်းကြရမှာ ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီးသည် ဖြစ်ထွန်းတည်ရှိပြီးဖြစ်သည့် အမျိုးသမီးအခွင့်အရေးများ ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်စေရေး၊ မြန်မာအမျိုးသမီးအခွင့်အရေးများ ခေတ်ကာလနှင့်အညီ ဆက်လက်တိုးတက်ဖြစ်ထွန်းစေရေးတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပြန်ကြားရေး၊ နိုင်ငံတကာဆက်ဆံရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးစသည့်ကဏ္ဍများ ခွဲခြားပြီး စနစ်တကျကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ထို့အပြင် အမျိုးသမီးများကဏ္ဍနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအတွင်း သိမ်မွေ့နက်နဲသော ပြဿနာများ မရှိသေးသော်လည်း နိုင်ငံတကာတွင် အထူးအာရုံစူးစိုက် ဆောင်ရွက်နေကြသည့် အမျိုးသမီးများ အကြမ်းဖက်ခံရမှု၊ လူကုန်ကူးခံရမှု ပြဿနာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အမျိုးသမီးငယ်ရွယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးဆက်ပွား ကျန်းမာရေး အသိပညာပေးရေး စသည့် လုပ်ငန်းကဏ္ဍများကိုပါ အလေးထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

ရည်ရွယ်ချက်များ

အထူးသဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီးသည် အမျိုးသမီးငယ်ရွယ်များ ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်ပြီး–

- **အမျိုးသမီးများ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး၊**
- **အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရေး၊**
- **အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊**
- **အမျိုးသမီးများနဲ့ ကလေးသူငယ်များအား လူကုန်ကူးမှု ကာကွယ် တားဆီးရေးနှင့် ပပျောက်ရေးအတွက်အမျိုးသားရေး တာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်ရေး၊**
- **တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရေး**

ဆိုသည့် တိကျခိုင်မာ မွန်မြတ်သည့် ရည်ရွယ်ချက်များထားရှိပြီး တစ်နိုင်ငံလုံးဖြန့်ကြက် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အနေနှင့် စည်းရုံးရေးနှင့် တိုင်းရင်းသားရေးရာ ကဏ္ဍများပါ တိုးချဲ့ပြီး စည်းရုံးလှုပ်ရှားဆောင်ရွက်နေသလို အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအမှုဆောင်များ ကိုယ်တိုင် နယ်စပ်အစွန်အဖျားဒေသများသို့ သွားရောက်ပြီး တိုင်းရင်းသူအမျိုးသမီးငယ်ရွယ်များနှင့် ထိတွေ့ကာ အမျိုးသမီးငယ်ရွယ်များနှင့် မိဘများကို စီးပွားရေးသမားအချို့၏ ဖြားယောင်း သွေးဆောင်မှုကြောင့် နားယောင်ပြီး လွဲမှားသည့်အယူအဆများ မဝင်ရောက်စေရေးနှင့် လမ်းမှားမလိုက်မိစေရန် ပညာပေး စည်းရုံးလှုံ့ဆော်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် တားဆီးကာကွယ်ရေးအစီအမံများ၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးရေးနှင့် မိသားစုစီးပွားရေး အထောက်အကူပြုရေး အစီအမံများကိုပါ ယှဉ်တွဲဖြည့်ဆည်း ဆောင်ရွက်ပေးလျက်လည်းရှိသည်ကို တွေ့ရကြောင်း။

လမ်းမှားမရောက်ရေး

သို့သော်လည်း ဝိသမစီးပွားရေးသမားများ၏ လိမ်ညာလှည့်ဖြားမှုများအပြင် တစ်ဖက်နိုင်ငံ နယ်စပ်ဒေသများတွင် လူမှုရေးအဖွဲ့ အစည်းအမည်ခံပြီး နိုင်ငံရေးလုပ်စားနေကြသည့် မသမာသူများ၏ သွေးဆောင်ဖြားယောင်းမှုများ၊ လူမျိုးရေးသွေးခွဲသပ်လျှိုမှုများကြောင့် နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုများ တိုးပွားဖြစ်ပေါ်လာနိုင်မည့် အခြေအနေများ၊ နိုင်ငံကြီးအချို့၏ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအကြောင်းပြချက်ဖြင့် စီးပွားရေး ပိတ်ဆို့မှုများကြောင့် ဝိသမလောဘသားများ၏ သွေးဆောင်ဖြားယောင်းမှုနောက် လွဲမှားရောက်ရှိသွားနိုင်သည့် အခြေအနေများကြောင့် တိုင်းရင်းသူ အမျိုးသမီးငယ်များ လမ်းမှား ရောက်မသွားစေရအောင် မိမိတို့၏ ပညာပေးစည်းရုံးမှုများကို ပိုမိုတိုးမြှင့် ဆောင်ရွက်သွားရန် လိုအပ်သည်ဟု ပြောကြားလိုကြောင်း။

မည်သို့ပင်ဆိုစေကာမူ ယနေ့အချိန်အခါသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း အမျိုးသမီး အခွင့်အရေးနှင့်အခွင့်အလမ်းများအစွမ်းကုန်ပွင့်လင်းလျက်ရှိသည်သာမက မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအားထက်မြက်ခိုင်မာသော တိုင်းကျိုးပြည်ဆောင် အပြုသဘော စွမ်းအားစုကြီးတစ်ရပ်အဖြစ် ပီပီပြင်ပြင် ဖြစ်ထွန်းလာရေးတို့အတွက် အမျိုးသမီးများကိုယ်တိုင် ဦးဆောင်စည်းရုံးတာဝန်ယူ ဆောင်ရွက်သွားမည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီးသည်လည်း စနစ်တကျ ပေါ်ထွန်းနေပြီ ဖြစ်ခြင်းကြောင့် မြန်မာ အမျိုးသမီးများအ... ကြည်လင်တောက်ပသည့် အနာ... ကို စတင်တွေ့မြင်နေရပြီဟု ဆ... နေပြီဖြစ်ကြောင်း။

စည်းရုံးဦးဆောင်

ထို့ကြောင့် မြန်မာနိုင်ငံအမျိုး... ရေးရာ အဖွဲ့ချုပ်ကြီးအနေ... အဖွဲ့ချုပ်ကြီး၏ မွန်မြတ်မြင့်မား... ရည်မှန်းချက်များနှင့်အညီ မြ... အမျိုးသမီးများကဏ္ဍ ပိုမိုတိုး... မြင့်မားစေရန် ဇာတိမာန်ထက်... သော၊ ယဉ်ကျေးသိမ်မွေ့... မြန်မာမှုကို မြတ်နိုးသော၊ ဘ... ဖွံ့ဖြိုးတိုးတက်သော၊ စွမ်းဆောင်... ပြည့်ဝထက်မြက်သော မြန်မာအ... သမီး စွမ်းဆောင်ရှင်များ စဉ်ဆ... မပြတ်ပေါ်ထွန်းနေစေရန် ဆက်... ပြီး စည်းရုံးဦးဆောင် အကေ... အထည်ဖော် ဆောင်ရွက်သွားကြ... မှာကြားလိုကြောင်း။

အထူးသဖြင့် ပြည်ထောင်စု... အခွန့်ရှည် တည်တံ့ခိုင်... နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့... တိုးတက်စေရေးအတွက် မြ... အမျိုးသမီး ငယ်ရွယ်များအ... အမျိုးသားယဉ်ကျေးမှု မြ... ထိန်းသိမ်းတတ်သည့် စိတ်ဓ... တိုင်းရင်းသား စည်းလုံးညီညွတ်... စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓ... တို့နှင့်တကွ ကိုယ့်နိုင်ငံကိုယ့်လူ... တိုးတက်ကြီးပွားရေးကိုသာလို... သည့် အမျိုးသားရေးစိတ်ဓာတ်... အားမာန်များ အစဉ်ထာဝရ ထွန်း... ပြန့်ပွားခိုင်မာစေရအောင် တ... လက်ညီ ကြိုးပမ်းသွားကြပ... ထပ်လောင်းပြောကြားလိုကြော...

အခိုင်အမာယုံကြည်

နိုင်ငံတော်အစိုးရအနေနှင့် ... နိုင်ငံသူ၊ နိုင်ငံသား ပြည်သူမျာ... ကိုယ့်အားကိုယ်ကိုး မှန်ကန်... ကြိုးပမ်းအားထုတ် စွမ်းဆော... များဖြင့်သာ မိမိနိုင်ငံ၊ မိမိလူ... တိုးတက်ကြီးပွားရေးကို ဖော်ဆေ... ပေးနိုင်မှာ ဖြစ်ခြင်းကြောင့် ... ပြည်သူများ၏ စွမ်းအားဖြင့်... နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်... စွမ်းဆောင်နိုင်မည်၊ လွတ်လပ်ရေ... အချုပ်အခြာအာဏာထိန်းသိမ်း... ကာကွယ်စောင့်ရှောက်ပေးနိုင်... ဟုလည်း အခိုင်အမာယုံကြည်... ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံ... ကြီး၏ နှစ်ပေါင်းထောင်ချီရှည်... သည့် မြန်မာ့သမိုင်းကြောင်း... လျှောက်မှာ ရိုးသားဖြူစင်... သဘောထားဖြင့် အမျိုးသ... အမျိုးသမီးမရွေး လူသားအချင်း... တန်ဖိုးထားလေးစားမှု၊ အချင်း... အပြန်အလှန် စာနာထောက်ထာ... အပြန်အလှန် ရိုင်းပင်းကူညီမှုတ... အခြေခံသည့် မြန်မာ့လူမှုတ... မြန်မာ့လူမှုနှုန်းစံစစ်စစ်တို့နှင့်အ... စည်းလုံးညီညွတ်သော အမျိုး...

န်မာ အမျိုးသမီးများအတွက် ဥ်ည်လင်တောက်ပသည့် အနာဂတ် ို စတင်တွေ့မြင်နေရပြီဟု ဆိုနိုင် နပြီဖြစ်ကြောင်း။

စည်းရုံးဦးဆောင်

ထို့ကြောင့် မြန်မာနိုင်ငံအမျိုးသမီး ရေးရာ အဖွဲ့ချုပ်ကြီးအနေနှင့် ဖွဲ့ချုပ်ကြီး၏ မွန်မြတ်မြင့်မားသည့် ည်မှန်းချက်များနှင့်အညီ မြန်မာ မျိုးသမီးများကဏ္ဍ ပိုမိုတိုးတက် င့်မားစေရန် ဇာတိမာန်ထက်သန် သာ၊ ယဉ်ကျေးသိမ်မွေ့သော၊ န်မာမှုကို မြတ်နိုးသော၊ ဘက်စုံ ဖြိုးတိုးတက်သော၊ စွမ်းဆောင်ရည် ည့်ဝထက်မြက်သော မြန်မာအမျိုး မီး စွမ်းဆောင်ရှင်များ စဉ်ဆက် ပြတ်ပေါ်ထွန်းနေစေရန် ဆက်လက် း စည်းရုံးဦးဆောင် အကောင် ထည်ဖော် ဆောင်ရွက်သွားကြရေး ကြားလိုကြောင်း။

အထူးသဖြင့် ပြည်ထောင်စုကြီး ခွန့်ရှည် တည်တံ့ခိုင်မြဲပြီး င်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုး ိုးတက်စေရေးအတွက် မြန်မာ မျိုးသမီး ငယ်ရွယ်များအကြား မျိုးသားယဉ်ကျေးမှု မြတ်နိုး ိန်းသိမ်းတတ်သည့် စိတ်ဓာတ်၊ ိုင်းရင်းသား စည်းလုံးညီညွတ်ရေး တ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ို့နှင့်တကွ ကိုယ့်နိုင်ငံကိုယ့်လူမျိုး ိုးတက်ကြီးပွားရေးကိုသာလိုလား ည့် အမျိုးသားရေးစိတ်ဓာတ်နှင့် ားမာန်များ အစဉ်ထာဝရ ထွန်းကား န့်ပွားခိုင်မာစေရအောင် တက်ညီ က်ညီ ကြိုးပမ်းသွားကြပါဟု ပ်လောင်းပြောကြားလိုကြောင်း။

အခိုင်အမာယုံကြည်

နိုင်ငံတော်အစိုးရအနေနှင့် မိမိ င်ငံသူ၊ နိုင်ငံသား ပြည်သူများ၏ ိယ့်အားကိုယ်ကိုး မှန်ကန်သော ိုးပမ်းအားထုတ် စွမ်းဆောင်မှု ားဖြင့်သာ မိမိနိုင်ငံ၊ မိမိလူမျိုး ိုးတက်ကြီးပွားရေးကို ဖော်ဆောင် းနိုင်မှာ ဖြစ်ခြင်းကြောင့် မိမိ ည်သူများ၏ စွမ်းအားဖြင့်သာ င်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို မ်းဆောင်နိုင်မည်၊ လွတ်လပ်ရေးနှင့် ချုပ်အခြာအာဏာထိန်းသိမ်းမှုကို ကာကွယ်စောင့်ရှောက်ပေးနိုင်မည် လည်း အခိုင်အမာယုံကြည်ထား ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ကြီး၏ နှစ်ပေါင်းထောင်ချီရှည်လျား ည့် မြန်မာ့သမိုင်းကြောင်းတစ် လျှောက်မှာ ရိုးသားဖြူစင်သော ဘောထားဖြင့် အမျိုးသား၊ မျိုးသမီးမရွေး လူသားအချင်းချင်း န်ဖိုးထားလေးစားမှု၊ အချင်းချင်း ပြန်အလှန် စာနာထောက်ထားမှု၊ ပြန်အလှန် ရိုင်းပင်းကူညီမှုတို့ကို ခြေခံသည့် မြန်မာ့လူမှုတန်ဖိုး န်မာ့လူမှုနှန်းစံစစ်စစ်တို့နှင့်အညီ ည်းလုံးညီညွတ်သော အမျိုးသား

နိုင်ငံတော်ကြီး တစ်နည်းအားဖြင့် ပြည်ထောင်စုကြီးကို တစ်ဆင့်ပြီး တစ်ဆင့် အောင်အောင်မြင်မြင် ခိုင်ခိုင်မာမာ ထူထောင်လာနိုင်ခဲ့ကြပြီး ဖြစ်ကြောင်း။

လမ်းစဉ် (၇)ရပ်

ရှေ့အနာဂတ်တွင်လည်း သမိုင်း အစဉ်အလာကောင်းများနှင့် အညီ မြန်မာ့အမျိုးသားရေးစရိုက်လက္ခဏာ၊ မြန်မာ့လူမှုတန်ဖိုး၊ မြန်မာ့လူမှုနှုန်းစံ၊ မြန်မာ့ယဉ်ကျေးမှုတို့ကိုအခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ကို မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူ များ၏ ပင်ကို စွမ်းအားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည် ဆောက်သွားနိုင်စေရန် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ထားပြီး ပထမဆုံး အဆင့်ဖြစ်သည့် အမျိုးသား ညီလာခံကြီးကိုလည်း အောင်အောင် မြင်မြင် ကျင်းပနေပြီလည်းဖြစ် ကြောင်း။

ထို့ကြောင့် ယနေ့ကာလဖြစ်သည့် နိုင်ငံတော်သစ် ထူထောင်ရေး ကြိုးပမ်း မှုကာလတွင် မြန်မာအမျိုးသမီးထုကြီး ကလည်း သမိုင်းအစဉ်အဆက်က အစဉ်အလာကောင်းများနှင့် အညီ အမျိုးသားများနှင့် လက်တွဲပြီး နိုင်ငံတော်၏ ဦးဆောင်မှုအောက်မှာ ရှုပ်ရှုပ်ချုံချုံ တက်တက်ကြွကြွ ညီညီ ညွတ်ညွတ် ကြိုးပမ်းစွမ်းဆောင်ကြရန် အထူးလိုအပ်နေပြီဖြစ်ကြောင်း။

ထိုကဲ့သို့ အမျိုးသားရေးအတွက် စုစည်းခိုင်မာသည့် စွမ်းအားစုများ ထူထောင်ပြီး ကြိုးပမ်းဆောင်ရွက်ကြ ရန် အထူးလိုအပ်နေသည့် အချိန်အခါ သမယတွင် မြန်မာအမျိုးသမီးထု ကြီးတစ်ရပ်လုံးက ဖွဲ့စည်းတည် ထောင်ထားပြီးဖြစ်သည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီး၏ အလံတော်အောက်တွင် စည်းလုံး ညီညွတ်သောအမျိုးသားရေးစွမ်းအားစု တစ်ရပ်အဖြစ် ပီပြင်ခိုင်မာစွာ ရပ်တည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော်ဆောင် ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

သူတစ်ပါးသြဇာခံမဖြစ်ရေး

အမျိုးသမီး၊ အမျိုးသား မခွဲခြားဘဲ နိုင်ငံသူ၊ နိုင်ငံသားတိုင်းက မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွား ဖြစ်ထွန်းရေး အတွက် ထက်သန်သည့် အမျိုးသား ရေး အာသီသဖြင့် အမြဲမပြတ် ကြံဆောင်ကြိုးပမ်းနေမည် ဆိုပါက တိုင်းရင်းသား ပြည်သူတိုင်းက ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်ခိုင် မာမာမွေးပြီး သူတစ်ပါးသြဇာခံ မဖြစ် ရေးအတွက် ကာကွယ်ထိန်းသိမ်းနိုင် ကြမည်ဆိုပါက ပြည်ထောင်စုမြန်မာ နိုင်ငံတော်၏ ဂုဏ်သိက္ခာသည် ယနေ့ကမ္ဘာတွင် ထာဝရ ဝင့်ကြွား မြင့်မားနေမှာဖြစ်ကြောင်း။

ထို့ကြောင့် သမိုင်းအစဉ်အဆက်၌ အမျိုးစောင့်တရားဖြစ်သည့် ဝံသာနု ရက္ခိတစိတ်ဓာတ် အစဉ်ထာဝရ ထက်သန်မြင့်မားလာခဲ့သည့် မြန်မာ အမျိုးသမီးထုကြီး တစ်ရပ်လုံးက မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးဂုဏ် ဇာတိဂုဏ်ကို စောင့်ရှောက်မြင့်တင် နိုင်စေရန်အတွက် ခိုင်မာပြတ်သား သော အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို မွေးပြီး ညီညွတ် တက်ကြွစွာ ကြိုးပမ်းစွမ်း ဆောင်ပေးကြပါဟု တိုက်တွန်းပြော ကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် အမျိုးကိုချစ် သည့် မြန်မာအမျိုးသမီးထုကြီးကို ပြောကြားလိုသည်မှာ–

- **မြန်မာ အမျိုးသမီးထုကြီး တစ်ရပ်လုံးနှင့် ထိုက်တန်စွာ ဖြစ်ထွန်းလာခဲ့သည့် “မြန်မာ အမျိုးသမီးများနေ့”ကို အမွှန် အမြတ်ထားပြီး မြန်မာပီသ သော မြန်မာအမျိုးသမီးစစ်စစ် များ၏ ထူးခြားကောင်းမြတ် သည့် ဂုဏ်ရည်များကို ထိန်း သိမ်းကြိုးပမ်း မြှင့်တင်သွား ကြပါ၊**
- **မြန်မာ အမျိုးသမီးထုကြီး၏ ထက်မြက်သည့် စွမ်းရည်ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီး၏ အလံတော် အောက်တွင် အမျိုးသားရေး စွမ်းအားစု တစ်ရပ်အဖြစ် ခိုင်ခိုင်မာမာစုစည်းစည်းရုံးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး နှင့် နိုင်ငံတော်တည်ဆောက် ရေး လုပ်ငန်းများတွင် ထိုက် တန်စွာ ပါဝင်ကြိုးပမ်း စွမ်း ဆောင်သွားကြပါ၊**
- **အမျိုးသားရေးမျှော်မှန်းချက် ဖြစ်သည့် စည်းကမ်းပြည့်ဝပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ရှေ့ ဆက်လျှောက်လှမ်းမယ့် မူဝါဒ လမ်းစဉ် (၇)ရပ် တစ်ဆင့်ပြီး တစ်ဆင့် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ် ထွန်းလာစေရန် မြန်မာအမျိုး သမီးများ၏ ထူးခြားကောင်း မြတ်သော အစဉ်အလာများနှင့် အညီအမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ထက်သန်ခိုင်မာစွာဖြင့် ကျရာ ကဏ္ဍက ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါ**

ဟုတိုက်တွန်းပြောကြားသွားသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ဆက်လက်၍ မြန်မာနိုင်ငံအမျိုး သမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက နှုတ်ခွန်း ဆက်စကား ပြောကြားရာတွင် မြန်မာ နိုင်ငံတွင် စုစုပေါင်းလူဦးရေ၏ ၅၀ ဒသမ ၃ ရာခိုင်နှုန်းသည် အမျိုးသမီး များဖြစ်ကြကြောင်း၊ နိုင်ငံတော်အစိုးရ သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ရန် ကြိုးပမ်း ဆောင်ရွက်ရာတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဦးစားပေး အဆင့်မှ ဆောင်ရွက်ပေးလျက် ရှိကြောင်း။

နေ့ထူးနေ့မြတ်

၁၉၉၅ခုနှစ်၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ဘီဂျင်းမြို့မှာ ကျင်းပသည့် စတုတ္ထအကြိမ် အမျိုးသမီးညီလာခံ ကြီးက အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက် ရေးဆောင်ရွက်ရာတွင် နိုင်ငံတိုင်း၌ အမျိုးသားအဆင့် ယန္တရား (National Machinery) တစ်ခု ဖွဲ့စည်း ပြီး ဆောင်ရွက်ရန် ချမှတ်ခဲ့သည့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း ၂၀၀၄ခုနှစ် မြန်မာ အမျိုးသမီးများနေ့(Myanmar Women's Day) အထိမ်းအမှတ်အခမ်း အနားတွင် ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ ပထမအဆင့်ဖြင့် အမှတ်အများဆုံးရရှိသော ခြောက်ဘာသာဂုဏ်ထူးရှင် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းမှ မခိုင်သက်ဆုအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း ၂၀၀၄ခုနှစ် မြန်မာ အမျိုးသမီးများနေ့ (Myanmar Women's Day) အထိမ်းအမှတ် အခမ်းအနားတွင် ထူးချွန်ဆုရ ကရင်ပြည်နယ် ဘားအံမြို့နယ် ကြက်ခြေနီ သူနာပြုတပ်ရင်းမှ တပ်ခွဲမှူး မနန်းခင်သန္တာလွင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း ၂၀၀၄ခုနှစ် မြန်မာ အမျိုးသမီးများနေ့ (Myanmar Women's Day) အထိမ်းအမှတ် အခမ်းအနားတွင် ထူးချွန်ဆုရ မှုခင်းတပ်ဖွဲ့(အင်းစိန်)မှ ရဲအုပ် အေးအေးသိန်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အလျောက် နိုင်ငံတော်အစိုးရက ၁၉၉၆ခုနှစ် ဇူလိုင် ၃ရက်နေ့တွင် “မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ရေးရာကော်မတီ”ကို ဖွဲ့စည်းပေးခဲ့ ကြောင်း၊ အဆိုပါ ကော်မတီစတင်ဖွဲ့ စည်းသည့် ဇူလိုင်လ ၃ရက်နေ့ကို “မြန်မာအမျိုးသမီးများနေ့”ဟု သတ် မှတ်ခဲ့၍ မြန်မာအမျိုးသမီးသမိုင်းတွင် ဂုဏ်ယူထိုက်သည့် မှတ်တိုင်တစ်ခု စိုက်ထူပေးသည့် နေ့ထူးနေ့မြတ်ဖြစ် ကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ရေးရာကော်မတီသည် အမျိုးသမီး များဘဝ တိုးတက်ဖွံ့ဖြိုးရေးနှင့် လုံခြုံ ရေးဆိုင်ရာ လုပ်ငန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အမျိုးသမီးများအားအကြမ်းဖက်မှုမှ ကာကွယ်ရေး၊ ပတ်ဝန်းကျင်ထိန်း သိမ်းရေး၊ ပြန်ကြား/ဆက်သွယ်ရေး၊ ယဉ်ကျေးမှုထိန်းသိမ်းရေး၊ အပြည် ပြည်ဆိုင်ရာ ဆက်သွယ်ရေး၊ ဥပဒေ များ ပြန်လည်သုံးသပ်အကြံပေးရေး၊ အမျိုးသမီး ငယ်/ရွယ် ဘက်စုံဖွံ့ဖြိုး ရေးနှင့် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးစသည့် လုပ်ငန်း အဖွဲ့ ၁၁ဖွဲ့ ဖွဲ့စည်းပြီး ၁၉၉၆ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ ဗဟိုအဆင့် ပြည် နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအဆင့်ထိ ရောက်ရှိ အောင် လုပ်ငန်းများ ဆောင်ရွက် ခဲ့ကြောင်း။

ကျင်းပနိုင်ခဲ့

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ရေးရာကော်မတီက ၁၉၉၉ခုနှစ်တွင် ရှေး ခေတ်တော်ဝင်အမျိုးသမီးကြီး များ၏ စိတ်ဓာတ်ကို ယခုခေတ် အမျိုးသမီး ငယ်/ရွယ် များစံနမူနာ ထားစေရန်နှင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့် ရှောက်ရန် ရည်ရွယ်ချက်ဖြင့် တော်ဝင် နှစ်ပါးသွားကဇာတ်ကို အမျိုးသား ကဇာတ်ရုံကြီးတွင် တင်ဆက်ကပြခဲ့ ပါကြောင်း၊ ၂၀၀၁ခုနှစ်တွင် ခေတ် ဟောင်း ဂန္ထဝင်တေးများ ပြန်လည် ဖော်ထုတ်ပြီး မြန်မာ့ရိုးရာသံစဉ် တေးသွားများကို ထိန်းသိမ်းတတ်စေ ရန်အတွက် ခေတ်ဟောင်းဂန္ထဝင် တေးဂီတဖျော်ဖြေပွဲကို အမျိုးသား ကဇာတ်ရုံ၌ပင် တင်ဆက်ခဲ့ကြောင်း၊ ၂၀၀၂ခုနှစ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်တည်ဆောက်ရေး တွင် အမျိုးသမီးများ၏ ပါဝင် စွမ်းဆောင်မှုကို သိရှိစေရန် ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ “မြန်မာအမျိုးသမီးများ၏ ကြိုးပမ်း စွမ်းဆောင်မှုပြပွဲ”ကို အောင်မြင်စွာ ကျင်းပခဲ့ပါကြောင်း၊ ၂၀၀၃ခုနှစ် မေလတွင် ပြည်ထဲရေးဝန်ကြီးဌာန နှင့် ပူးပေါင်း၍ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေး အမျိုးသား အဆင့်ဆွေးနွေးပွဲ (National Seminar on Trafficking in Persons)နှင့် ၂၀၀၃ခုနှစ် အောက် တိုဘာလတွင် အားကစားဝန်ကြီး ဌာနနှင့် ပူးပေါင်းပြီး အမျိုးသမီးများ နှင့် အားကစားဆိုင်ရာ အမျိုးသား အဆင့်ဆွေးနွေးပွဲ (National Seminar on Women and Sports) အစရှိသည်တို့ကို ကျင်းပနိုင်ခဲ့ ကြောင်း။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ရေးရာ လုပ်ငန်းကော်မတီဝင်များ သည် ၂၀၀၂ခုနှစ်တွင် ပြည်နယ်/ တိုင်းများသို့ ကွင်းဆင်း၍ ဒေသခံ သွေးချင်းသားချင်း တိုင်းရင်းသူများ နှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်မှု ကို အဟန့်အတား ဖြစ်စေသည့် လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများကို အလေး ထား ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ၎င်းအပြင် သက်ဆိုင်ရာဌာနအသီး သီးမှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့ အစည်းများ၊ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖ များ၊ အမျိုးသမီး ငယ်/ရွယ်လေးများ နှင့်ပါ ရင်းနှီးပွင့်လင်းစွာ အနီးကပ် တွေ့ဆုံဆွေးနွေးခဲ့ကြပါကြောင်း။

ယင်းနောက် အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးကို ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိရောက် စွာ လွှမ်းခြုံနိုင်ရန်နှင့် လုပ်ငန်းသဘာဝ ခြင်း တူညီသည့် ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများနှင့်လည်း ပိုမို ထိရောက်စွာ ဆက်သွယ်ဆောင်ရွက် နိုင်ရန် “မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်ကြီး”ကို ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၂၀ရက်နေ့တွင် ဖွဲ့စည်းခဲ့ ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အမျိုး သမီးရေးရာ အဖွဲ့ချုပ်သည် စေတနာ့ ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းတ ဖြစ်သည်နှင့်အညီ အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံ ကဏ္ဍများကို ကျယ်ကျယ်ပြန့် လွှမ်းခြုံဆောင်ရွက်နိုင်ရန် ရည်ရွ ချက် ခုနစ်ရပ်ချမှတ်ကာ ဆောင်ရွ လျက်ရှိကြောင်း၊ အမျိုးသမီးရေး အဆင့်ဆင့် လုပ်ငန်းအဖွဲ့များ ပြည်နယ်/တိုင်း အဆင့်မှသ

စာမျက်နှာ ၁၀ ကော်လံ ၁သို့

● စာမျက်နှာ ၉ မှ

ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ပါဝင်ဆောင်ရွက်နိုင်မည့် စေတနာ့ဝန်ထမ်း အမျိုးသမီးများနှင့်စနစ်တကျကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်းထားရှိကာ လုပ်ငန်းရပ်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီး ရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ၂၀၀၄ ခုနှစ် မြန်မာ အမျိုးသမီးများနေ့ (Myanmar Women's Day)**အထိမ်းအမှတ် အခမ်းအနားတွင် နှုတ် ခွန်း ဆက် စကားပြောကြားစဉ်။**

(သတင်းစဉ်)

အမျိုးသမီးကဏ္ဍဖွံ့ဖြိုးရေး

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကဲ့သို့ပင် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်နေသည့် အခြားလူမှုရေး အဖွဲ့အစည်းများလည်း ရှိကြောင်း၊ ၎င်းတို့အနက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်နှင့် အခြားအမျိုးသမီး လူမှုရေးအဖွဲ့အစည်းများကလည်း တူညီသော ရည်ရွယ်ချက်များနှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအနေဖြင့် အမျိုးသမီးများ၏ ကျန်းမာရေး၊ ပညာရေးနှင့် မိသားစုဘဝ အဆင့်အတန်း မြင့်မားရေးကို ရှေးရှုလျက် ဝန်ကြီးဌာနများ၊ ကမ္ဘာ့ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းကြီး၏ အဓိကလုပ်ငန်းသုံးရပ်မှာ ကျန်းမာရေး၊ ပညာရေးနှင့် လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးနိုင်သည့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်ကြောင်း၊ ထိုလုပ်ငန်းများတွင် ပြည်သူလူထုအတွက် အထူးအလေးထား ဆောင်ရွက်နေသည့် မျိုးဆက်ပွားကျန်းမာရေး၊ HIV/AIDS ကာကွယ်တားဆီးရေး၊ အမျိုးသမီးကင်ဆာရောဂါ စောစီးစွာ ရှာဖွေပေးရေးနှင့် မွေးရာပါ အင်္ဂါချို့ယွင်းသောသူများကို အခမဲ့ ခွဲစိတ်ကုသပေးခြင်းများ ပါဝင်ကြောင်း။

အားသွန်ခွန်စိုက်

ပညာရေးဆိုင်ရာ လုပ်ငန်းများတွင် ချို့တဲ့ကလေးပညာစရိတ် ထောက်ပံ့ခြင်း၊ ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးအတွက် မူကြိုကျောင်းများ ဖွင့်လှစ်ပေးခြင်းတို့အပြင် စာတတ်မှုနှုန်း တိုးမြှင့်ပေးရန် အသုံးလုံးကျေသင်တန်းများ ဖွင့်လှစ်၍ စာသင်ကြားပေးလျက်ရှိကြောင်း၊ ထို့မျှမက လူမှောင်ခိုကုန်ကူးမှု လျော့နည်းပပျောက်ရေးနှင့် ကာကွယ်တားဆီးနိုင်ရေးလုပ်ငန်းများတို့ကိုပါ ထည့်သွင်း၍ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်နေကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ အနာဂတ်ခေါင်းဆောင်များဖြစ်မည့် ယနေ့လူငယ်လူရွယ်များကိုပါ ပြုစုပျိုးထောင်ရေး အစီအစဉ်များကို အားသွန်ခွန်စိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်အသင်း အနေနှင့်လည်း အမျိုးသမီးများအား စီးပွားရေးဆိုင်ရာ ပညာရပ်များအတွက် ပြည်တွင်းပြည်ပမှ ပညာရှင်များဖိတ်ခေါ်၍ သင်တန်းပေးခြင်းနှင့် ဝင်ငွေနည်းသော မိသားစုများအတွက် အသေးစား ချေးငွေများ ထုတ်ပေးခြင်း၊ အလုပ်ရှာဖွေပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးနေကြောင်း။

အမျိုးသမီးအားကစား အဖွဲ့ချုပ်ကလည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် နိုင်ငံ့ဂုဏ်ဆောင် အမျိုးသမီးအားကစားမယ်များ ပေါ်ထွက်လာရေးအတွက် ပြုစုပျိုးထောင်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း။

အခြား လူမှုရေး အမျိုးသမီးအဖွဲ့အစည်းများအနေနှင့်လည်း အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမြတ်သော ရည်ရွယ်ချက်များ ထားရှိကာ ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယဉ်ကျေးမှုထိန်းသိမ်း

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင်အစဉ်အဆက် ရိုးရာယဉ်ကျေးမှုကို ကြာရှည်စွာ ထိန်းသိမ်းနိုင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ကိုယ့်နိုင်ငံကိုယ့်လူမျိုး၏ ယဉ်ကျေးမှုကို ထိန်းသိမ်းပေးသည့် အစဉ်အလာကောင်းများ ရှိနေခြင်းသည်လည်း မြန်မာအမျိုးသမီးများ၏ ချစ်ခင်ဖွယ်ကောင်းသည့်ဓလေ့၊ ဂုဏ်ယူဖွယ်ကောင်းသည့် အမူအကျင့်ဟု ဆိုနိုင်ကြောင်း၊ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းတတ်စေဖို့ အမျိုးသမီးငယ်/ရွယ်များကို နည်းမျိုးစုံဖြင့် ပညာပေးလျက်ရှိကြောင်း၊ ထိုသို့ပညာပေးရာတွင် မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် အခွင့်အရေးတန်းတူ ရရှိထားပြီးဖြစ်သည့်အတွက် အချို့နိုင်ငံတွေမှာကဲ့သို့ အမျိုးသမီးများ၏ အခွင့်အရေးကို အတင်းအကြပ် တောင်းဆိုရန် မလိုကြောင်း၊ သို့သော် မြန်မာတို့၏ ယဉ်ကျေးမှုနှင့် ထုံးတမ်းဓလေ့များအရ အမျိုးသမီးများသည် အိမ်ထောင်ဦးစီးဖြစ်ကြသည့် ယောကျ်ားများအပေါ် လွှမ်းမိုးနေရာယူလေ့မရှိသည့် အပြင် အိမ်ဦးနတ်သဖွယ် လေးလေးစားစား ဆက်ဆံကြကြောင်း၊ ထိုအပြုအမူများကို ပြည်ပအမြင်အားဖြင့် အမျိုးသမီးများနှင့် အမျိုးသားများတန်းတူ အခွင့်အရေးမရကြဘူးလို့ ထင်နေကြပါကြောင်း၊ အမှန်တကယ်အားဖြင့် ပြည်ပ၏ အမြင်လွဲမှားနေကြခြင်းသာ ဖြစ်ပါကြောင်း၊ အေးချမ်းပြီး ခေတ်မီတိုးတက်သည့် အသွင်သို့ ကူးပြောင်းနေသည့် အမိနိုင်ငံတော်အတွင်းတွင် သာယာချမ်းမြေ့သည့် ဘဝနှင့် အေးချမ်းပျော်ရွှင်စွာ နေကြရသည့် မိမိတို့မြန်မာအမျိုးသမီးများအဖို့ လွန်စွာ ဂုဏ်ယူဖွယ်ကောင်းလှကြောင်း။

ထို့ကြောင့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားမှုနှင့် အမျိုးသမီးများ၏ ဘဝလုံခြုံမှုတို့အတွက် အမျိုးသမီးထု တစ်ရပ်လုံးက စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါစို့ဟု ဖိတ်ခေါ်ရင်း နိဂုံးချုပ်လိုက်ကြောင်းဖြင့် ပြောကြားသွားသည်။

ဆုများချီးမြှင့်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ဒေါ်မြမြစန်းက ၂၀၀၃ခုနှစ်တွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင် စာမေးပွဲ၌ ဂုဏ်ထူးခြောက်ဘာသာ ရမှတ်ပေါင်း ၅၅၃မှတ်ဖြင့် မြန်မာနိုင်ငံ တစ်နိုင်ငံလုံး၌ ပထမအဆင့်ဖြင့် အမှတ်အများဆုံး ရရှိအောင်မြင်ခဲ့သူ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသူ မခိုင်သက်ဆုအားလည်းကောင်း၊ မီးဘေး၊ ရေဘေး၊ သဘာဝဘေးအန္တရာယ်များ ကယ်ဆယ်ခြင်းလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ခဲ့သည့်အပြင် ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲသို့ နှစ်ကြိမ်တက်ရောက်ခဲ့ပြီး စွမ်းရည်ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိကာ ကြက်ခြေနီ သင်တန်းများအား မြို့ပေါ်တွင် သာမက ကျေးရွာအထိ သင်တန်းနည်းပြအဖြစ်ဆောင်ရွက်ခဲ့သူ ဘားအံမြို့နယ် ကြက်ခြေနီသူနာပြု တပ်ရင်းမှ တပ်ခွဲမှူးမနန်းခင်သန္တာလွင်အား လည်းကောင်း၊ ပြည်သူများ စိတ်ဝင်စားသော အရေးကြီးမှုခင်းများအား ဖော်ထုတ်နိုင်ခဲ့ကာ အချိန်တိုအတွင်း မှုခင်းဖော်ထုတ်နိုင်ခြင်း၊ လုပ်ငန်းအပေါ် အာရုံစူးစိုက်မှုရှိခြင်း၊ စေတနာထားမှု၊ ဖြတ်ထိုးဉာဏ်ကောင်းမှု၊ လုပ်ငန်းကျွမ်းကျင်မှုတို့ဖြင့် အမျိုးသားများနှင့် တန်းတူမှုခင်းများ ဖော်ထုတ်နိုင်ခဲ့သည်သာမက အခြားအမျိုးသမီးတပ်ဖွဲ့ဝင်များအား စံနမူနာထားလောက်အောင် စွမ်းဆောင်နိုင်သည့် ထူးချွန် အမျိုးသမီးရဲတပ်ဖွဲ့ဝင် မှုခင်းတပ်ဖွဲ့(အင်းစိန်)မှရဲအုပ်အေးအေးသိန်းအားလည်းကောင်း၊ အထပ်မြင့်အဆောက်အအုံများ မီးလောင်လျှင် ဒုက္ခကြုံတွေ့ရမည့်လူအများ၏ အသက်ကို ကယ်ဆယ်လိုသော လူမှုရေးအခြေခံစိတ်ဖြင့် အခြားတပ်ဖွဲ့ဝင်များပါ ကယ်ဆယ်ရေးလုပ်ငန်းဆိုင်ရာအတွေ့အကြုံများ ထက်မြက်ပြည့်ဝလာစေရန် လျှပ်တစ်ပြက် ကယ်တင်နိုင်ရေး လုပ်ငန်းများကို ထူးချွန်စွာလုပ်ဆောင်နိုင်ခဲ့ရုံသာမက တပ်ဖွဲ့ဝင်များအား သရုပ်ပြသခြင်း အကြိမ် ၈၀၀ကျော် ဆောင်ရွက်ခဲ့သူ ထူးချွန်အမျိုးသမီး မီးသတ်တပ်ဖွဲ့ဝင် မီးသတ်ဦးစီးဌာနချုပ်မှ ဒုတိယတပ်ကြပ် မိုးမိုးစိုးအားလည်းကောင်း၊ ၂၀၀၁ခုနှစ်နှင့် ၂၀၀၃ ခုနှစ် အာဆီယံနိုင်ငံများ၏ မသန်စွမ်းအားကစားပြိုင်ပွဲများ၌လုံတံပစ်၊ သံပြားပစ်၊ သံလုံးပစ်နှင့် အလျားခုန်ပြိုင်ပွဲများတွင် ရွှေတံဆိပ်၊ ငွေတံဆိပ်နှင့် ကြေးတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည့် ထူးချွန်အမျိုးသမီး မသန်စွမ်းအားကစားမယ် မနန်းမစိန်အားလည်းကောင်း၊ အရှေ့တောင် အာရှအားကစားပြိုင်ပွဲ၊ အာရှဝူးရှူးတံခွန်စိုက်ပြိုင်ပွဲ၊ ကမ္ဘာ့ဝူးရှူးတံခွန်စိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည့် ထူးချွန်အမျိုးသမီးအားကစားမယ်မခိုင်ခိုင်မော်အား လည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဧည့်သည်တော်များအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ကြီးမှူးစီစဉ်တင်ဆက်သည့် ပြန်ကြား/ဆက်သွယ်ရေးအဖွဲ့မှ ဒါရိုက်တာ ဒေါ်ရိုးရိုးရိုက်ကူးသည့် "လေကိုဆန်၍ပြန်လေသော်" ပညာပေးဗီဒီယိုကားဖြင့် ပြသသည်။

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ပြည်တွင်းဖြစ် အဝတ်အထည်များဖြင့် ဆင်ယင်ထုံးဖွဲ့မှုများကို ပြသသည့် အမျိုးသမီးများ ဝတ်စား ဆင်ယင်ထုံးဖွဲ့မှုပြပွဲတွင် ပါဝင်ခဲ့ကြသော မျိုးဆက်သစ် ကျောင်းသူလေးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန ဧည့်ကြိုခန်းမ၌ ခင်းကျင်းပြသထားသော အမျိုးသမီးရေးရာ လှုပ်ရှားမှုဓာတ်ပုံပြကွက်များ အမျိုးသမီးရေးရာနှင့် ပတ်သက်သော စာအုပ်စာတမ်းများနှင့် မဂ္ဂဇင်းများကို ကြည့်ရှုကြသည်။

(သတင်းစဉ်)

☆ **အမျိုးသားညီလာခံမှ**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများက လှိုက်လှဲစွာ ကြိုဆိုကြသည်။

အစီအစဉ်အရ အမျိုးသားညီလာခံကိုယ်စားလှယ်များအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက စတူဒီယို(အေ)၌ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရည်မှန်းချက်တာဝန်များကို ရှင်းလင်းပြောကြားကာ ဌာနခွဲအလိုက် ဆောင်ရွက်ချက်များကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အဖွဲ့များခွဲကာ စတူဒီယို(ဒီ)၌မြန်မာ့ဆိုင်းအဖွဲ့နှင့် အတူတေးသံရှင်များဖြစ်ကြသော မေဘရဏီခိုင်၏ "အောင်ကြောင်းမင်္ဂလာ"၊ ရဲရင့်ဝေလွင်၏ "သီရိရတနာ"နှင့် သီတာမိုး၏ "မလေးလက်ခတ်သံ" တေးသီချင်းများအသံသွင်းနေမှုကို လည်းကောင်း၊ စတူဒီယို(စီ)၌ "မိသားစု၏အိမ်" ဇာတ်လမ်းပမာအသံသွင်းနေမှုကို လည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ရုပ်မြင်သံကြားထုတ်လွှင့်မှု ဗဟိုဌာနရှိ မြန်မာ့ရုပ်မြင်သံကြား စတူဒီယိုအခန်း(၁)၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ဝန်ထမ်းအနုပညာရှင်များ၏ "ရာမသမင်လိုက်ခန်း" ရုပ်မြင်သံကြားရိုက်ကူးမှုအစီအစဉ်များကို ကြည့်ရှုလေ့လာကြပြီး သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိ သူများက ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြန်မာ့ရုပ်မြင်သံကြား စတူဒီယိုအခန်း(၂)၌ တေးသံရှင် စိမ်းမို့မို့နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခင်နန်းယုယုထွေးတို့၏ တေးသီချင်းသီဆိုရိုက်ကူးမှုကို ကြည့်ရှုလေ့လာကြပြီး အမျိုးသားညီလာခံကိုယ်စားလှယ်များက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပြီး အမျိုးသားညီလာခံကိုယ်စားလှယ်များသည် နံနက်၁၀နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့် ဖြသဖျော်ဖြေ

ရန်ကုန် ဇူလိုင် ၃

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ် ည၇နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာမောင်နန္ဒရိုက်ကူးပြီး သရုပ်ဆောင်ညွှန့်ဝင်း၊ နေအောင်၊ ရဲအောင်၊ ဇင်မာဦးတို့ပါဝင်သရုပ်ဆောင်ထားသည့် "သီတာခုနစ်တန်" ရုပ်ရှင်ဇာတ်ကားဖြင့် တင်ဆက်ပြသရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။

(သတင်းစဉ်)

အိုလံပစ်နေ့ အထိမ်းအမှတ် ကျွမ်းဘားပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၃

မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကျွမ်းဘားပြိုင်ပွဲကို ဇွန် ၃၀ ရက် နံနက် ၉ နာရီတွင် အလုံမြို့နယ် သစ်လုပ်ငန်း ပင်မပစ္စည်းဌာန ကျွမ်းဘားအားကစားရုံ၌ ကျင်းပရာ အားကစား ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်မှ အမှုဆောင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အမျိုးသမီးအားကစားသမားရှစ်ဦး၊ အမျိုးသား ၃၂ဦး စုစုပေါင်း ၄၀ ဦးတို့ ပြိုင်ပွဲခုနစ်မျိုး၊ အတန်း ၁၄ တန်း၌ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲအပြီးတွင် အောင်နိုင်ဆုများကို အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ရန်ကုန်မိုးရေချိန်

(၃–၇–၂၀၀၄)

ကမ္ဘာအေး	–	၀ ဒသမ ၂၈ လက်မ
ရန်ကုန်မြို့လယ်	–	၀ ဒသမ ၅၁ လက်မ
မင်္ဂလာဒုံ	–	၁ ဒသမ ၁၁ လက်မ

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် အမျိုးသမီးများ အားကစားစွမ်းရည်ပြပွဲ အခမ်းအနားကျင်းပ

ရန်ကုန်   ဇူလိုင်   ၃

၂၀၀၄ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် အမျိုးသမီးများ အားကစားစွမ်းရည်ပြပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏဥ္စကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ တက်ရောက်အားပေးသည်။ (အပေါ်ပုံ)

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယ ဥက္ကဋ္ဌများ ဖြစ်ကြသော ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့နှင့် အကြံပေးပုဂ္ဂိုလ်များ၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အေးဝင်း၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၊ သူနာပြုတက္ကသိုလ်မှ သင်တန်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ အားကစားမယ်များ၊ ကျောင်းသူလေးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အားကစားသရုပ်ပြမယ်များနှင့် ဘင်ခရာ၊ ပန်းဖွားအဖွဲ့များက ကွင်းအတွင်း နေရာယူကြသည်။

ပြန်လည်ထွက်ခွာ

ထို့နောက် အာကစားသရုပ်ပြအဖွဲ့ဝင်များက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ရွတ်ဆိုပြီး အားကစားသရုပ်ပြအဖွဲ့များသည် ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြသည်။

ဆက်လက်၍ အေရိုးဗစ်အဖွဲ့၊ ဘင်ခရာအဖွဲ့၊ ဝူရှူးအဖွဲ့၊ မြန်မာ့သိုင်း၊ ကရာတေးအဖွဲ့၊ ပန်းဖွားအကအဖွဲ့များမှ အားကစားမယ်လေးများက ဧည့်သည်တော်များအား သရုပ်ပြသကြသည်။

ယင်းနောက် အားကစားသရုပ်ပြအဖွဲ့များက ဧည့်သည်တော်များအား စုပေါင်း ဂုဏ်ပြုနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၇-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၁၅ ၇။ ထပ်ဆင့်အောင်ပွဲ ဇာတ်ဝတီ တံတား (ဒေးဒရဲ)
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Say it in English.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
- ၁၁း၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာချစ်ပန်း(အပိုင်း-၆)**
- ၁၂း၁၅ ၅။ မူးယစ်ဆန့်ကျင် အောင်ပွဲဆင် (အပိုင်း-၁)
- ၁၂း၃၀ ၆။ **မြန်မာရုပ်ရှင် နှလုံးလှလူမိုက် (မင်းမော်ကွန်း၊ နေအောင်၊ ညီနန္ဒ၊ မြင့်မြင့်ခင်၊ ခိုင်သင်းကြည်၊ မေသဥ္ဇာဦး၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-မောင်တင်ဦး)**
- ၂း၄၅ ၇။ International News.
- ၃း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ English for Everyday Use.
- ၄း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅း၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၅း၁၅ ၆။ တေးဂီတအစီအစဉ်
- ၅း၃၀ ၇။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
- ၅း၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၃၀ ၉။ ညနေခင်းသတင်း
- ၇း၀၀ ၁၀။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်" (အပိုင်း-၂၆)**
- ၇း၃၅ ၁၂။ **မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဇာတ်လမ်း "လေကိုဆန်၍ပျံလေသော်" (ခန့်စည်သူ၊ နွဲ့ဒါလီလင်း) (ဒါရိုက်တာ-ရိုးရိုး)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားထဲက တစ်ခုတည်းသော အချစ်" (အပိုင်း-၄)**
- ၀၀း၃၀ ၁၇။ **EURO 2004 ဗိုလ်လုပွဲ သုံးသပ်ချက်**
- ၀၁း၁၅ ၁၈။ **EURO 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် ဗိုလ်လုပွဲ ပေါ်တူဂီနှင့်ဂရိ**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

အိုင်အယ်လ်ဘီစီဖလားအလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန်   ဇူလိုင်   ၃

မြန်မာနိုင်ငံပိုက်ကျော်ခြင်း အားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ILBC Cup အမျိုးသားအလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမတွင်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့် တက်ရောက်ကြည့်ရှုအားပေးပြီး ပထမဆုရအသင်းများအား တံခွန်စိုက်ဖလားများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အလှူရှင်များ၊ ဆုရအသင်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဉာဏ်ထွန်းက ဒုတိယတန်းပြိုင်ပွဲတွင် စတုတ္ထဆုရ ပါကေးဆရာလေးအသင်းအား ဆုကြေးငွေကျပ် သုံးသောင်း၊ တတိယဆုရ ပို့ဆောင်ရေးအသင်းအား ဆုကြေးငွေကျပ် ငါးသောင်း၊ ဒုတိယဆုရ ပြည်ထဲရေး (က)အသင်းအား ဆုကြေးငွေကျပ်တစ်သိန်း ပထမဆုရ ပြည်ထဲရေး(ခ) အသင်းအား ဆုကြေးငွေကျပ်တစ်သိန်းခွဲတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်း အားကစား အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်ဝင်း (မန်နေဂျင်းဒါရိုက်တာ၊ ILBC)က ပထမတန်းပြိုင်ပွဲ၌ စတုတ္ထဆုရ(တပ်မတော်-ရေ)အသင်းအား ဆုကြေးငွေကျပ်ငါးသောင်း၊ တတိယဆုရ မုံရွာ (၁)အသင်းအား ဆုကြေးငွေကျပ်တစ်သိန်း၊ ဒုတိယဆုရ လယ်/ဆည်(ခ) အသင်းအား ဆုကြေးငွေကျပ် နှစ်သိန်း၊ ပထမဆုရ လယ်/ဆည်(က)အသင်းအား ဆုကြေးငွေကျပ် နှစ်သိန်းခွဲတို့ကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဦးချစ်ခိုင်(မန်နေဂျင်းဒါရိုက်တာ၊ ဇေဒင်အုပ်စုကုမ္ပဏီလီမိတက်)က လက်ရွေးစင်အသင်းများ၏ ပတ်လည်ခြေစမ်းပွဲများတွင် ဆုရရှိကြသော အမျိုးသမီးပြိုင်ပွဲ ပထမဆုရ လက်ရွေးစင်(က)၊ ဒုတိယဆုရလက်ရွေးစင်(ဂ)၊ အမျိုးသားပြိုင်ပွဲ ပထမဆုရ လက်ရွေးစင်(က)၊ ဒုတိယဆုရလက်ရွေးစင်(ဂ)အသင်းတို့အား ဆုတံဆိပ်နှင့် ငွေသားတို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဒုတိယတန်းပြိုင်ပွဲပထမဆုရပြည်ထဲရေး (ခ)အသင်း၊ ပထမတန်းပြိုင်ပွဲ ပထမဆုရ လယ်ဆည်(က)အသင်းတို့အား တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ရန်ပုံငွေအတွက် အလှူငွေများလှူဒါန်းကြရာ ဦးချစ်ခိုင်(မန်နေဂျင်းဒါရိုက်တာ၊ ဇေဒင်အုပ်စုကုမ္ပဏီလီမိတက်)က ငွေကျပ် သိန်း ၂၀၀၊ ကမ္ဘောဇ အုပ်စုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌဦးအောင်ကိုဝင်းက ငွေကျပ် ၁၀သိန်း၊ Mr. Lu Wenjun (China National Heavy Machinery Corporation) က ငွေကျပ် ၁၀သိန်း၊ Myanmar Cosco က ငွေကျပ် ၁၀သိန်း၊ ဦးတင်မောင်ဝင်း (မန်နေဂျင်းဒါရိုက်တာ ILBC)က ငွေကျပ် ငါးသိန်း၊ ဦးအောင်ရွှေ (မန်နေဂျင်းဒါရိုက်တာ၊ Fantasy World)က ငွေကျပ်ငါးသိန်း တို့ကိုပေးအပ်လှူဒါန်းရာ ဝန်ကြီးကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ များ ပြန်လည်ပေးအပ်ချီးမြှင့်သည်။ ထို့နောက် အလှူရှင်များက အလှူငွေများဆက်လက်လှူဒါန်းကြရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်သည့် ဦးဉာဏ်ထွန်းနှင့် ဦးတင်မောင်ဝင်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ အလှူရှင်များလှူဒါန်းသော အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၃၁၂သိန်း ဖြစ်သည်။

(ကြေးမုံ)

မြန်မာအမျိုးသမီးများ

* မြန်မာပြည်က
မြန်မာပီသ၊ မိန်းမလှများ
ရိုးသားအတိ၊ ရှက်ကြောက်ရှိကာ
သိက္ခာတန်ကြေး၊ အလေးပေး၍
ယဉ်ကျေးလိမ္မာ၊ ဘာသာကိုင်းရှိုင်း
စိတ်ရိုင်းမရှိ၊ အလိုက်သိကြ။

* မိဘရိုသေ၊ မောင်ဘွားတွေအား
လေးစားချစ်ခင်၊ အမွှမ်းတင်ကာ
ခင်ပွန်းလင်သား၊ အိမ်ဦးထား၍
သွားကျိုးဆံဖြူ၊ ချစ်ရည်တူစွာ
သစ္စာမယွင်း၊ ကြင်နာခြင်းလျှင်
အစဉ်ထာဝရ၊ ခိုင်မြဲကြ။

* မြန်မာ့ထုံးတမ်း၊ မြန်မာ့စည်းကမ်းကို
ရှိသေလိုက်နာ၊ ကျင့်သုံးကာဖြင့်
ရိုးရာကိုမြှင့်၊ မျိုးဂုဏ်တင့်စွာ
ကရုဏာကျွေး၊ မေတ္တာပေး၍
မွေးဖွားသန့်စင်၊ ရင်ခွင်မှာထွေး
ရင်သွေးစစ်စစ်၊ ရင်နှစ်များ၏
သားကောင်းမိခင်၊ အသွင်ပီသ
မြန်မာပြည်က၊ မိန်းမလှ။ ။

(မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလျက်)

နန်းမွန်ဟိန်း

နယ်စပ်ဒေသများပါမကျန် မီဒီယာကာဗာဖြစ်ရေး ကျရာတာဝန် ကျေပွန်အောင်ထမ်းဆောင် ကမ္ဘာသို့ မီဒီယာထိုးဖောက်နိုင်ရေး သွက်လက်ထက်မြက် အဆင့်အတန်းမြင့်မားသော မီဒီယာဖြစ်အောင် ဆောင်ရွက်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ (၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆုချီးမြှင့်ပွဲနှင့် ကျောင်းနေဝန်ထမ်း သားသမီးများအား ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားတွင် ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၃

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ (၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆုပေးပွဲနှင့် ကျောင်းနေဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ခြင်းအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဇာတ်လမ်းရုပ်ရှင်ရုံးခွဲ အသံခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ ပြန်ကြားရေး ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အငြိမ်းစားပုဂ္ဂိုလ်များ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြန်ကြားရေးဝန်ကြီးဌာနရုံးအဖွဲ့မှူး၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ (၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့ ဖြစ်သကဲ့သို့ ချီးမြှင့်ထိုက်သော ဝန်ထမ်းများအား ဆုချီးမြှင့်သည့် မင်္ဂလာရှိသော နေ့ပင်ဖြစ်ကြောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် (၃၄)နှစ်တာကာလ တစ်လျှောက်လုံး အောင်မြင်စွာ ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများကို အရင်းခံ၍ အနာဂတ်ကာလအတွက် ပိုမိုတိုးတက်အောင် လုပ်ဆောင်နိုင်တော့မည်ဟု ယုံကြည်ပါကြောင်း။

ထို့အတူပင် ယခုနှစ်ပတ်လည် အခမ်းအနားတွင် ချီးမြှင့်ထိုက်သော ဝန်ထမ်းများအား ဆုများချီးမြှင့်သည့် အစီအစဉ်ကိုပါ ထည့်သွင်းကျင်းပနိုင်သည့်အတွက် ဆုရရှိသူ ဝန်ထမ်းများ အနေဖြင့် ဤအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းကာ မိမိဌာန၏ တိုးတက်ရာ တိုးတက်ကြောင်းတို့ကို အစဉ်ထာဝရ အလေးထားလုပ်ဆောင်ကြရန်ဖြစ်ကြောင်း၊ ဝန်ထမ်းတိုင်းသည် အလုပ်တာဝန်များကို ထမ်းဆောင်ရာတွင် ကောင်းသော ယှဉ်ပြိုင်ခြင်းဖြင့် မိမိဌာန ပိုမိုတိုးတက်လာစေရမည်ဟူသော စိတ်ဓာတ်ကိုယ်စီဖြင့် ရိုးသားနိုးကြား ကြိုးစားကြရန် ဖြစ်ကြောင်း။

ရွေးချယ်ချီးမြှင့်

ယခုအခါ ဌာနအနေဖြင့် ချီးမြှင့်ထိုက်သော ဝန်ထမ်းများအား ရွေးချယ်ဆုချီးမြှင့်သကဲ့သို့ ဝန်ထမ်းများ၏ သားသမီးများ ပညာရေးအတွက် ပညာသင်စရိတ်များကိုပါ ထောက်ပံ့ပေးလျက်ရှိကြောင်း။

ထိုကဲ့သို့ နှစ်ပတ်လည် အခမ်းအနားပြုလုပ်၍ ဆုများချီးမြှင့်ရခြင်းမှာ ဝန်ထမ်းများအားလုံး ကောင်းသော ယှဉ်ပြိုင်ခြင်းဖြင့် ယှဉ်ပြိုင်ကြပြီး ဌာန ပိုမို ဖွံ့ဖြိုး တိုးတက်လာစေရန်နှင့် ဝန်ထမ်းတစ်ဦးချင်းစီ၏ အရည်အချင်း ပိုမိုတိုးတက်လာစေရန်၊ နှစ်ဟောင်းမှ အားနည်းချက် အားသာချက်များကို သုံးသပ်ပြီး နှစ်သစ်တွင် လုပ်ငန်းတိုးတက်စေမည့် အစီအမံကောင်းများ ချမှတ်၍ ဆောင်ရွက်နိုင်စေရန် စီမံဆောင်ရွက်ရခြင်းပင်ဖြစ်ကြောင်း။

မြန်မာ့ ရုပ်ရှင်လုပ်ငန်းအနေဖြင့် ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်အတွက် ရည်မှန်းချက်တာဝန်များကို ပြည့်မီစွာ ဆောင်ရွက်နိုင်မှု မည်မျှရှိသည်၊ တွေ့ကြုံရနိုင်သော အခက်အခဲများကို မည်သို့ကျော်လွှားမည် စသည်တို့ကို သုံးသပ်၍ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ခြိုးခြံချွေတာ

မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုအဆင့်အတန်းမြင့်မားရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားကြ စေလိုကြောင်း၊ ဝင်ငွေနှင့် အသုံးစရိတ်အပိုင်းတွင် ဝင်ငွေပိုမိုရရှိရေး နည်းလမ်းများ ရှာကြံလုပ်ဆောင်ရန်နှင့် မဖြစ်မနေ ကုန်ကျမည့် အသုံးစရိတ်များကို စနစ်တကျ ခြိုးခြံချွေတာ သုံးစွဲကြရန်ဖြစ်ကြောင်း၊ ထုတ်လုပ်သော ရုပ်ရှင်ဗီဒီယိုဇာတ်ကားများကို မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်များနှင့် ကိုက်ညီအောင် စနစ်တကျ ထုတ်လုပ်ရေး၊ ရုပ်ရှင်ဗီဒီယိုဇာတ်ကားများကို အကဲဖြတ်ရမည့် ဆင်ဆာမှုများနှင့်အညီ စိစစ်အကဲဖြတ်ရေး၊ နယ်စပ်ဒေသများပါမကျန် မီဒီယာ ကာဗာဖြစ်ရေးအတွက် မိမိတို့ကျရာ တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရမည့်အပြင် ကမ္ဘာသို့ မီဒီယာ ထိုးဖောက်နိုင်ရေး၊ သွက်လက်ထက်မြက်ပြီး အဆင့်အတန်း မြင့်မားသော မီဒီယာဖြစ်အောင် ဆောင်ရွက်ရေး စသည်တို့ကို အလေးထား ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ဆုချီးမြှင့်

မြန်မာ့ ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည် မြန်မာ့ရုပ်ရှင် လုပ်ငန်း၏ (၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆု ချီးမြှင့်ပွဲနှင့် ကျောင်းနေဝန်ထမ်း သားသမီးများအား ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားတွင် ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးတွင် မိမိတို့ ကျရာကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ နိုင်ငံတော်၏ မူဝါဒများကို ပြည်သူများသိရှိပြီး ပူးပေါင်းပါဝင်လာအောင် မီဒီယာနည်းဖြင့် စည်းရုံးဆောင်ရွက်ရေးတို့ကို ဦးလည်မသုန် ခံယူဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ပိုမိုထောက်ပံ့

နယ်လှည့်ရုပ်ရှင်များ ပြသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ကြရန်နှင့် ရုပ်ရှင်ရုံများတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု သတင်းကားများ ပြသနိုင်အောင် စီစဉ်ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်ပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် ရုပ်ရှင်ရုံများကို အမြဲမပြတ် ပြုပြင်ထိန်းသိမ်းကြရန်နှင့် ဝန်ထမ်းများ လိုက်နာကျင့်သုံးရမည့် အချက် (၁၄)ချက်ကို လိုက်နာ၍ မိမိတစ်ဦးချင်းဘဝ အောင်မြင်တိုးတက်ရေး၊ မိမိဌာနအတွက် အကျိုးရှိရေး၊ နိုင်ငံတော် အကျိုးစီးပွား တိုးတက်ရေးကို အမြဲမပြတ် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့အပြင် သက်သာဝင်ငွေ တိုးပြီး ဝန်ထမ်းများအား ပိုမိုထောက်ပံ့ပေးနိုင်ရန် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို နည်းလမ်းရှာ၍ အလေးထား ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ကျောင်းနေဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ခြင်းအဖြစ် အခြေခံပညာ မူလတန်းအဆင့် ကျောင်းသားတစ်ဦးလျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် ၉၁ဦး၊ အခြေခံပညာ အလယ်တန်းအဆင့် ကျောင်းသားတစ်ဦးလျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် ၆၅ဦး၊ အခြေခံပညာအထက်တန်း အဆင့်ကျောင်းသားတစ်ဦးလျှင် ကျပ် ၄၀၀၀ နှုန်းဖြင့် ၈၀ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၃၆ဦးတို့အတွက် ပညာသင် ထောက်ပံ့ကြေးငွေ ကျပ် ၇၄၂၅၀၀ ကိုပေးအပ်ရာ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်က လက်ခံသည်။

ဂုဏ်ပြုဆုများချီးမြှင့်

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ၂၀၀၃-၂၀၀၄ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေအများဆုံး ရှာဖွေခဲ့ကြသည့် ရုံးခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ရာ ဝင်ငွေကျပ် သန်းပေါင်း ၁၄၀ ဒသမ ၁ ဖြင့် ပထမဆုရ ဗီဒီယိုလုပ်ငန်းနှင့် ဗီဒီယိုဆင်ဆာအဖွဲ့ကိုယ်စား ညွှန်ကြားရေးမှူး ဦးသိန်းထွန်းအောင်အားလည်းကောင်း၊ ဝင်ငွေကျပ်သန်းပေါင်း ၁၀၇ဒသမ၅ဖြင့် ဒုတိယဆုရ ရန်ကုန်ရုံးခွဲကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းအားလည်းကောင်း၊ ဝင်ငွေကျပ်သန်းပေါင်း ၅၉ဒသမ၃ဖြင့် တတိယဆုရ ဇာတ်လမ်းရုပ်ရှင်ရုံးခွဲ ကိုယ်စား ဒုတိယညွှန်ကြားရေးမှူး ဦးစန်းနွယ်အားလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံဝန်ထမ်းလောင်း (အငယ်တန်း) သင်တန်းအပတ်စဉ် (၂၂)၌ မြန်မာ့ရုပ်ရှင်လုပ်ငန်းအတွက် ဂုဏ်ဆောင်ခဲ့သော သင်တန်းသား တတိယဆုရ ဇာတ်လမ်းရုပ်ရှင်ရုံးခွဲမှ ဒု-ကြီးကြပ်ရေးမှူး (ကူးဆေး) ဦးစိုးမင်းအား ဂုဏ်ပြုဆုချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသိန်းစိန်က ၂၀၀၃-၂၀၀၄ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်နှင့်တိုင်းအလိုက် ဝင်ငွေအကောင်းဆုံး ရှာဖွေပေးနိုင်သည့် လုပ်ငန်းစုရုံးများအား ဂုဏ်ပြုဆုချီးမြှင့်ရာ ဝင်ငွေကျပ်သန်းပေါင်း ၂၄ ဒသမ၄ဖြင့် ပထမဆုရ ရန်ကုန်တိုင်း ဗီဒီယိုလုပ်ငန်း/စိစစ်ကြီးကြပ်ရေး ကော်မတီရုံးကိုယ်စား ဌာနခွဲစာရေး ဒေါ်ရီရီဝင်းအား လည်းကောင်း၊ ဝင်ငွေကျပ်သန်းပေါင်း ၁၈ ဒသမ၇ဖြင့် ဒုတိယဆုရ မန္တလေးတိုင်း ဗီဒီယိုလုပ်ငန်းစိစစ် ကြီးကြပ်ရေး ကော်မတီ မန္တလေးလုပ်ငန်းစုရုံး ကိုယ်စား ဒုတိယညွှန်ကြားရေးမှူး ဦးဌေးလွင်အားလည်းကောင်း၊ ဝင်ငွေကျပ်သန်းပေါင်း ၉ဒသမ၆ဖြင့် တတိယဆုရ ဧရာဝတီတိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ ပုသိမ်လုပ်ငန်းစုရုံးကိုယ်စား ဌာနခွဲမှူး (ငွေစာရင်း) ဒေါ်သူဇာအောင်အား လည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးသိန်းစိန်က မြန်မာ့ရုပ်ရှင်လုပ်ငန်း ဝန်ထမ်းများအတွက် နှစ်ပတ်လည်လက်ဆောင်များကိုပေးအပ်ရာ ရုံးချုပ်မှ ဝန်ထမ်း ၁၄၇ဦးကိုယ်စား ဒုတိယညွှန်ကြားရေးမှူး(ငွေစာရင်း) ဒေါ်ဖြူဖြူဝင်း၊ မော်ကွန်းရုပ်ရှင်ရုံးခွဲမှ ဝန်ထမ်း ၁၄၃ဦး အတွက် ဒုတိယညွှန်ကြားရေးမှူး ဦးဆွေသန်း၊ ဇာတ်လမ်းရုပ်ရှင်ရုံးခွဲမှ ဝန်ထမ်း ၅၅ဦးအတွက် ဒုတိယညွှန်ကြားရေးမှူး ဦးစန်းနွယ်၊ ရန်ကုန်ရုံးခွဲမှ ဝန်ထမ်း ၂၉ဦးအတွက် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်း၊ အောက်မြန်မာနိုင်ငံရုံးခွဲမှ ဝန်ထမ်း ၆၇ဦးအတွက် ဌာနခွဲမှူး (တာဝန်ခံ/စီမံ) ဦးကျော်ဇင်သန့်နှင့် အထက်မြန်မာနိုင်ငံရုံးခွဲမှ ဝန်ထမ်း ၈၃ဦးအတွက် ဒုတိယ ညွှန်ကြားရေးမှူး ဦးဌေးလွင်တို့က လက်ခံကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းဆိုင်ရာ ဆုတံဆိပ်ရရှိသူ ဝန်ထမ်းသုံးဦးနှင့် ရုံးတက်မှန်၊ ခွင့်မယူ၊ စည်းကမ်းကောင်း ဝန်ထမ်း ၁၈ဦးတို့အား မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ယနေ့ကျင်းပသည့် အခမ်းအနားတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ကျောင်းနေဝန်ထမ်း သားသမီးများအတွက် ပညာသင် ထောက်ပံ့ကြေးငွေကျပ် နှစ်သိန်းကို မင်္ဂလာကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်မင်းက ထောက်ပံ့လှူဒါန်းကြောင်း သိရသည်။

(သတင်းစဉ်)

❍ မြန်မာအမျိုးသမီးများနေ့မှ

ရှေးဦးစွာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံးခန်းသစ်ကိုလည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အစည်းအဝေးခန်းမသစ်ကိုလည်းကောင်း ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ရုံးခန်းသစ်နှင့် အစည်းအဝေးခန်းမသစ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ်အရ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပရခြင်းနှင့် ရန်ကုန်တိုင်းအတွင်းမှ ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက ရန်ကုန်တိုင်းအတွင်းမှ ထူးချွန်အမျိုးသမီးများဖြစ်သည့် ပညာရေးထူးချွန်ဆုရ မဟေမာမြင့်နှင့် မခိုင်သက်စု၊ ကြက်ခြေနီထူးချွန်ဆုရ မနေဇာဝင်းနှင့် မရင်ရင်မြင့်၊ မီးသတ်ထူးချွန်ဆုရ မတင်စန္ဒာချို၊ အားကစားထူးချွန်ဆုရ မဖူးဖူးမောင်နှင့် မသက်စုထွေး၊ အနုပညာထူးချွန်ဆုရ မအိအိထွန်းနှင့် မဝင့်သဥ္ဇာစတင်းတို့နှင့် ၂၀၀၄ခုနှစ် ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း အမျိုးသမီး ဘော်လီဘောအသင်းတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့သို့ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဦးကျော်နိုင်ဦး (ဥက္ကဋ္ဌ Naing Group ဆောက်လုပ်ရေးနှင့် ချယ်ရီဦး နာရီအရောင်းပြခန်းများ)က အလှူငွေကျပ်ခုနစ်သိန်း၊ ဒေါ်ကျင်မေ(Fresh Upစားသောက်ဆိုင်)က အလှူငွေကျပ်သုံးသိန်း၊ တောင်ဥက္ကလာပစက်မှုဇုန်က အလှူငွေကျပ်နှစ်သိန်း၊ ဒေါ်မြင့်မြင့်ဝင်း (Olso Co., Ltd)၊ ဦးဝင်းနိုင် (Asia Express ခရီးသွားလုပ်ငန်း)တို့က အလှူငွေကျပ် ၁၅၀၀၀၀စီ၊ ဦးမောင်သိန်း (ဂျမ်ဘိုခြင်ဆေးခွေ)၊ ဦးအောင်မြင့် (စိန်ဘဲလေး ဘိလပ်မြေရောင်းဝယ်ရေး)၊ ဦးစိန်မင်း-ဒေါ်အေးအေးမွန် (နှစ်သက်စရာ ရတနာရောင်းဝယ်ရေး)၊ ဦးသိန်း(ဥက္ကဋ္ဌ ဒဂုံဆိပ်ကမ်းစက်မှုဇုန်)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၃) စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီတို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူရှင် ၁၄ဦးတို့က အလှူငွေကျပ် ၂၃သိန်းကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီရဲခေါင်က ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ရုံးခန်းသစ် ဖွင့်လှစ်ရေး ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့အထည်အလိပ်လုပ်ငန်း စက်ရုံများ ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၃

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက် ၇နာရီတွင် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် မြန်မာ့အထည်အလိပ်လုပ်ငန်း သဃ်န်းကျွန်း စောင်စက်ရုံ အမှတ်(၂၁)သို့ ရောက်ရှိပြီး စောင်ရက်လုပ်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ဆေးဆိုးဌာနရှိ ဆေးဆိုးခြင်းလုပ်ငန်းများကို လည်းကောင်း၊ ရက်ကန်းရက်လုပ်မှု အခြေအနေများကိုလည်းကောင်း၊ အကျႌကော်လာတံဆိပ်ရက်လုပ်မှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ချုပ်ဌာနရှိ လုပ်ငန်းများနှင့်စက်ရုံမှ ထုတ်လုပ်သည့် စောင်အမျိုးမျိုးကို ကြည့်ရှုစစ်ဆေးပြီး အဆင်အသွေးကောင်းမွန်လှပသော စောင်များ တိုးတက် ထုတ်လုပ်ဖြန့်ဖြူးသွားရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် သဃ်န်းကျွန်းမြို့နယ် ဦးဘဟန်လမ်းရှိ သဃ်န်းကျွန်း ပဝါစက်ရုံ အမှတ်(၂၄) ပဝါရက်လုပ်ခြင်းလုပ်ငန်းများနှင့် စက်ရုံထုတ် ပဝါများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် သဃ်န်းကျွန်း အထည်စက်ရုံ အမှတ်(၁၅)ရှိ ရက်ကန်းရက်လုပ်ခြင်း လုပ်ငန်းများ၊ အပူပေးအနံ့ဆန့်ခြင်း လုပ်ငန်းများနှင့် စက်ရုံ၏ ဘွိုင်လာများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် သဃ်န်းကျွန်းမြို့နယ် နတ်စင်ပြွန်လမ်းရှိ သဃ်န်းကျွန်း ပဝါစက်ရုံ အမှတ်(၂၅)သို့ ရောက်ရှိပြီး ပဝါရက်လုပ်မှု လုပ်ငန်းများကိုလည်းကောင်း၊ စက်ရုံထုတ် ပဝါထည်မျိုးစုံကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ရန်ကင်းမြို့နယ် ကံဘဲ့ဘုတာရုံလမ်းရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း အပ်ချည်စက်ရုံ အမှတ်(၂၈)သို့ ရောက်ရှိပြီး အချောကိုင်ဌာနစိတ်ရှိ စိန်တံဆိပ်အပ်ချည်လုံး ထုတ်လုပ်မှု လုပ်ငန်းများကိုလည်းကောင်း၊ ကျစ်စက်ဌာနရှိ ချည်ကျစ်ခြင်းလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး စက်ရုံအဆင့်တိုးမြှင့်ရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

စစ်ဆေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း သဃ်န်းကျွန်း စောင်စက်ရုံ အမှတ်(၂၁)၏ စောင်ထုတ်လုပ်မှု လုပ်ငန်းများကို စစ်ဆေးစဉ်။ (စက်မှု-၁)

အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ (ဃ)အုပ်စုပွဲစဉ်များ ကျင်းပပြီးစီး

ရန်ကုန် ဇူလိုင် ၃

၂၀၀၄-၂၀၀၅ ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်းတွင် ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

အဆိုပါပွဲတွင် စီးပွား/ကူးသန်းအသင်းက တပ်မတော်ကြည်း(က) အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ (ဃ)အုပ်စုပွဲစဉ်များ ယနေ့ပြီးဆုံးသွားရာ စီးပွား/ကူးသန်းက နှစ်ပွဲကစား၊ နှစ်ပွဲနိုင်၊ ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ ပြည်ထဲရေးအသင်းက နှစ်ပွဲကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ သုံးမှတ်ဖြင့် အုပ်စုဒုတိယတို့ဖြင့် နောက်တစ်ဆင့် တက်သွားသည်။ တပ်မတော်ကြည်း(က)မှာ နှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့သဖြင့် အမှတ်မရှိဘဲ ပြိုင်ပွဲမှ ထွက်ရသည်။

ကွာတားဖိုင်နယ် ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းက အမျိုးသားအားကစားလေ့ကျင့်ရေးစခန်းတွင် မဲနှိုက်ရေးဆွဲခဲ့ရာ ဇူလိုင် ၅ရက်တွင် သုဝဏ္ဏကွင်း၌ စီးပွား/ကူးသန်းနှင့် မြို့တော်စည်ပင်၊ အောင်ဆန်းကွင်း၌ ဘဏ္ဍာ/အခွန်နှင့် ကမ္ဘောဇ၊ ဇူလိုင် ၆ရက်တွင် သုဝဏ္ဏကွင်း၌ စွမ်းအင်နှင့်လယ်ယာထွက်ကုန်၊ အောင်ဆန်းကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးတို့ အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို သုဝဏ္ဏကွင်း၌ ဇူလိုင် ၇ရက်နှင့် ၈ရက်တွင်လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲကို ဇူလိုင် ၁၀ရက်တွင် သုဝဏ္ဏကွင်း၌ လည်းကောင်း ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

ငှက်ဖျားရောဂါ နှိမ်နင်းကာကွယ်ပါ

၁။ ငှက်ဖျားရောဂါသည် ငှက်ဖျားရောဂါပိုးသယ်ဆောင်သော ခြင်ကိုက်ခံရခြင်းကြောင့် ကူးစက်ဖြစ်ပွားပါသည်။ ငှက်ဖျားပိုး သယ်ဆောင်သောခြင်သည် ညအခါများတွင် ကိုက်လေ့ရှိသဖြင့် ညဘက်တွင် ခြင်ကိုက်ခံရပါက ငှက်ဖျားရောဂါဖြစ်ပွားနိုင်သည်။

၂။ ငှက်ဖျားရောဂါသည် အသက်အရွယ်မရွေးဖြစ်ပွားနိုင်ပြီး ငှက်ဖျားရောဂါကင်းစင်သောဒေသများမှ ငှက်ဖျားရောဂါ ထူထပ်သောဒေသများသို့ သွားရောက်နေထိုင် အလုပ်လုပ်ကိုင်သူများတွင် ရောဂါပိုမိုဖြစ်ပွားလွယ်ပြီး ဖြစ်ပွားပါက ရောဂါပြင်းထန်ပါသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများတွင် ဖြစ်ပွားပါကလည်း ရောဂါပြင်းထန်တတ်ပါသည်။

၃။ ငှက်ဖျားရောဂါ လက္ခဏာများမှာ-

(က) ချမ်းတုန်၍ ဖျားခြင်း

(ခ) တက်ဖျားကျဖျားအသွင် ဖျားခြင်း

(ဂ) ရောဂါပြင်းထန်ပါက

- တစ်ပါးသူ၏ အကူအညီမပါဘဲ မထနိုင်၊ မထိုင်နိုင် လမ်းမလျှောက်နိုင်ခြင်း၊
- ဆေးမသောက်နိုင်အောင် အန်ခြင်း၊
- မှိန်းခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ သတိလစ်ခြင်း၊ တက်ခြင်းတို့ ဖြစ်နိုင်သည်။

၄။ ငှက်ဖျားရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက ၂၄နာရီအတွင်း နီးစပ်ရာ ကျန်းမာရေးဌာနသို့ စောလျင်စွာ သွားရောက်ပြသ၍ သွေးဖောက်စစ်ဆေးပြီး ဆေးပတ်လည်အောင် ကုသမှုခံယူပါ။ ငှက်ဖျားရောဂါကို စောစီးစွာ ဖော်ထုတ်၍ ထိရောက်စွာ ကုသမှုခံယူခြင်းသည် ဦးနှောက်သို့ ငှက်ဖျားပိုးဝင်ခြင်းအပါအဝင် ပြင်းထန်သော ငှက်ဖျားရောဂါဖြစ်၍ အသက်ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်သည်။

၅။ ငှက်ဖျားရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ပါ။

(က) ခြင်ကိုက်ခံရမှုမှ ကာကွယ်ခြင်း

(၁) ခြင်ထောင်ဖြင့်အိပ်ပါ။ ဖြစ်နိုင်လျှင် ဆေးစိမ်ခြင်ထောင်သုံးပါ။

(၂) ညအခါ ခြင်ထောင်အပြင်တွင်ရှိသောအချိန်များတွင် ခြင်ကိုက်မခံရအောင် အဝတ်အစား လုံလုံခြုံခြုံဝတ်ပါ။

(၃) အဝတ်အစားလွတ်သော လက်၊ခြေ၊မျက်နှာတို့တွင် ခြင်မကိုက်သည့်ဆေး လိမ်းပါ။

(ခ) ခြင်ကိုနှိမ်နင်းခြင်း

(၁) ခြင်မခိုအောင်းရန်အတွက် အိမ်အနီးရှိ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းပါ။

(၂) ရပ်ကွက်၊ ကျေးရွာအနီးရှိ စိမ့်စမ်းချောင်းများကို ရေစီးရေလာကောင်းအောင် လူထုအားဖြင့် စုပေါင်းဆောင်ရွက်ပါ။

(၃) ပိုးလောက်လမ်းစားငါးများကို ရေတွင်း၊ ရေကန်များတွင် ထည့်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

✧ ယူရို-၂၀၀၄ မှ

အိမ်ရှင်ပေါ်တူဂီသည် အုပ်စုဖွင့်ဆော်ဦးပွဲတွင် ဂရိကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးသည်။ ရုရှားကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ စပိန်ကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်းနိုင်ပြီး အုပ်စုပထမဖြင့် တက်လာသည်။ ကွာတားဖိုင်နယ်တွင် အင်္ဂလန်ကို ပိုင်နယ်တီအဆုံးအဖြတ်ဖြင့် လည်းကောင်း၊ ဆီမီးဖိုင်နယ်၌ ဟော်လန်(နယ်သာလန်)ကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း နိုင်ကာ ဗိုလ်လုပွဲသို့ ရောက်လာခြင်းဖြစ်သည်။

ဂရိသည် ပွဲစဉ်ငါးပွဲတွင် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးသည်။ အိမ်ရှင်ပေါ်တူဂီသည် ဖွင့်ဆော်ဦးပွဲ ရှုံးသည်မှအပ ကျန်ပွဲစဉ်အားလုံးကို နိုင်သည်။

နှစ်ပွဲကောင်း

ဂရိကစားခဲ့သော ပွဲစဉ်ငါးပွဲတွင် ပွဲဦးထွက်ကစားခဲ့သော ပေါ်တူဂီနှင့်ပွဲ၊ ဆီမီးဖိုင်နယ်ကစားခဲ့သော ချက်နှင့်ပွဲတို့သာ ခြေစွမ်းထက်သည်။ စပိန်နှင့်ကစားသောပွဲတွင် ဂရိသည် လေးပြီးဆိုင်းနေသည်။ ကစားကွက်လည်း ပျောက်နေသည်။ တစ်ချိန်လုံး စပိန်၏ ဖိကစားခြင်းကို ခံရသည်။ ရုရှားနှင့်ပွဲတွင် ဂရိ၏ကစားပုံသည် စိတ်ပျက်ဖွယ်ကောင်းသည်။ ရှေ့နှစ်ပွဲထက် ညံ့သည်။ ကွာတားဖိုင်နယ်၌ ပြင်သစ်နှင့် ကစားသော ခြေရည်မှာလည်း သင့်ရုံလောက်သာရှိသည်။ ပြင်သစ်အားမထည့်၍သာ နိုင်ခြင်းဖြစ်သည်။ သို့သော် ချက်နှင့်ကစားသော ဂရိ၏ခြေသည် ပွဲဦးထွက် ပေါ်တူဂီနှင့် ကစားသောပုံစံအတိုင်း ထွက်လာသည်။ ကွင်းလယ် ဖျက်နိုင်ပြီး ခံစစ်အား ကောင်းသည်။

ခြေစွမ်းပြ

ပေါ်တူဂီသည် ရုရှားနှင့်ကစားသောပွဲမှလွဲ၍ ကျန်ပွဲအားလုံးကောင်းသည်။ ပေါ်တူဂီသည် ဂရိကို ရှုံးသော်လည်း ဒုတိယပိုင်းကစားပုံ ကောင်းသည်။ အထက်စီးမှ ကစားနိုင်သည်။ ရုရှားနှင့်ပွဲတွင် အထက်စီးမှ ကစားရသော်လည်း ကစားပုံမှာ လျော့ရိလျော့ရဲနိုင်သည်။ စပိန်နှင့်ပွဲတွင် ပေါ်တူဂီသည် တစ်လျှောက်လုံး ဖိကစားနိုင်သည်။ ကစားကွက်၊ ကစားအားပါ ကောင်းသည်။ ပေါ်တူဂီ၏ အကောင်းဆုံးပွဲမှာ အင်္ဂလန်နှင့်ပွဲဖြစ်သည်။ ဗျူဟာပြောင်းပုံ၊ နည်းပရိယာယ်ကအစ ကောင်းသည်။ ဟော်လန်(နယ်သာလန်)နှင့်ပွဲမှာ နိုင်သော်လည်း ပေါ်တူဂီ၏ကစားပုံ သင့်ရုံလောက်သာရှိသည်။

အုံဖွဲ့မှုတောင့်

နှစ်သင်းစလုံး၏ ဇုန်အလိုက် နေရာများကို လေ့လာကြည့်ရာတွင် ဂရိသည် နောက်တန်းတစ်ခုတည်းတွင်သာ အားသာချက်ရှိသည်။ ဂိုးသမား နှစ်ယောက်စလုံး ကောင်းကြသည်။ ကွာဟချက် သိပ်မရှိ။ ကွင်းလယ်တွင် အိမ်ရှင်ပေါ်တူဂီက ပို၍ကောင်းသည်။ တစ်ဖန်ရှေ့တန်းကို လေ့လာကြည့်ရာတွင်လည်း ပေါ်တူဂီသာသည်။ ဂရိမှ ပါပါဒိုပူးလော့စ်၊ စတီးရပ်(စ်)၊ ဘရိုင်ဇက်တို့သည် ရော်နယ်ဒို၊ ပေါ်လေတာတို့ကို မမီချေ။ အရန်အင်အားဖြစ်သည့် ပေါ်စတီဂါ၊ နူနိုဂိုးမက်(ဇ)၊ ဆီမာအိုတို့လည်းရှိသည်။ ကွင်းလယ်အရန်မှာလည်း ပီတစ်နှင့် ရူအီကော့စတာတို့ရှိသည်။

နည်းဗျူဟာ၊ နည်းပရိယာယ်မတူ

တစ်ဖန်နှစ်သင်းစလုံး၏ နည်းဗျူဟာ၊ နည်းပရိယာယ်ပိုင်းများကို လေ့လာကြည့်ရာတွင် ဂရိသည် ခံစစ်ကို လုံခြုံအောင် တည်ဆောက်ပြီး တန်ပြန်တိုက်စစ်ဆင် ကစားခြင်းဖြစ်သည်။ ခံစစ်ပိုင်းတွင် ပြိုင်ဘက်၏ တိုက်စစ်စတင်နေရာများကို လက်ဦးမှုရအောင် ဖျက်ထုတ်ပစ်လေ့ရှိသည်။ ဂရိ၏ နည်းပရိယာယ်ပိုင်းမှာ တစ်ဖက်အသင်း၏ အငိုက်ကိုဖမ်း၍ ကစားခြင်းနှင့် ဖရီးကစ်၊ ထောင့်ကန်ဘောများမှ ဂိုးရရှိအောင် ကြိုးစားခြင်းတို့ဖြစ်သည်။

ပေါ်တူဂီ၏ဗျူဟာမှာ တိုက်စစ်ရော၊ ခံစစ်ပါ ဖွင့်ကစားခြင်းဖြစ်သည်။ ကွင်းလယ်ကိုချုပ်ကိုင်ပြီး ပြိုင်ဘက်ကို အနိုင်ယူခြင်းဖြစ်သည်။ ပြိုင်ဘက်နောက်တန်းများ သက်လုံကုန်ခန်းသွားအောင် နေရာစုံထောင့်စုံမှ လှုပ်ရှားကစားသောနည်းဖြစ်သည်။

သို့ဖြစ်၍ အိမ်ရှင်ပေါ်တူဂီနှင့် ဂရိတို့၏ ဗျူဟာ၊ နည်းပရိယာယ်တို့သည် မတူကြချေ။ မည်သို့ပင်ဖြစ်စေ နှစ်သင်းစလုံးသည် ဤနည်းဗျူဟာ၊ နည်းပရိယာယ်တို့ဖြင့် ဗိုလ်လုပွဲသို့ တက်လာခဲ့ကြသည်။ လောလောဆယ်အားဖြင့် ဂရိတို့၏ နည်းဗျူဟာနှင့် နည်းပရိယာယ်တို့သည် ပို၍ အောင်မြင်သည်ဟု ကောက်ချက်ဆွဲနိုင်သည်။ ဂရိသည် ပေါ်တူဂီ၊ ပြင်သစ်၊ ချက်တို့ပွဲတွင် အထက်တွင် ဖော်ပြသော နည်းဗျူဟာ၊ နည်းပရိယာယ်တို့ဖြင့် ကစားသွားသည်။ ကွင်းလယ်စိုးမိုးကစားတတ်သော ပေါ်တူဂီ၊ စပိန်၊ ပြင်သစ်၊ ချက်တို့သည် ဂရိ၏ ထိုးဖောက်ခြင်းကို ခံခဲ့ရလေသည်။

ကစားကွက်ပျက်

အမှန်တကယ်တွင် ပေါ်တူဂီနှင့် ယှဉ်လျှင် ဂရိသည် အောက်အသင်းဖြစ်သည်။ တစ်နည်းဆိုရသော် ကော်ကောင်ဟုလည်း ဆိုနိုင်သည်။ ဂရိအသင်းအနေဖြင့် အသင်းကြီးများ၏ အားသာချက်၊ အားနည်းချက်များကိုကြည့်ပြီး ကစားရမည်မှာ ဓမ္မတာဖြစ်သည်။ သဘာဝလည်းကျသည်။ ယနေ့ ယူရိုတွင် ရေပန်းစားနေသော အသင်းကြီးများသည် ကွင်းလယ်ကို စိုးမိုးကာ ကစားနေကြသည်။ ၎င်းကွင်းလယ်ကို ဖျက်ထုတ်နိုင်မည်ဆိုလျှင် အောက်အသင်းများအဖို့ အနိုင်ရနိုင်သော နည်းလမ်းဖြစ်သည်။ ဒုတိယ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ဂရိကို ချက်အသင်း ရှုံးခြင်းမှာ ၎င်းသဘောပင်ဖြစ်သည်။ ချက်ကွင်းလယ်မှ ဘောလုံးဖြန့်သူများကို ဂရိက လက်ဦးမှုယူပြီး ဖျက်ထုတ်ပစ်သည်။ ထိုးစစ်ဆင်ကစားမည့် ပိုဘော့စကီး၊ နက်ဗက်တို့ ဘာမှမလုပ်နိုင်ဘဲ ကစားကွက် ပျက်ခဲ့ရသည်။

သင်ခန်းစာပေးခဲ့

ပေါ်တူဂီသည် ကွင်းလယ်ကို စိုးမိုးကစားသည့် အသင်းဖြစ်သည်။ ဒေကို (သို့) မန်နီချီမှ ဖီဂို၊ ရော်နယ်ဒိုတို့ဆီ ဘောလုံးဖြန့်သည်။ (အထူးသဖြင့် ဒေကို ဘောလုံးအဖြန့်များသည်) ရော်နယ်ဒိုနှင့် ဖီဂိုတို့ ဘေးစွယ်မှ လှုပ်ခတ်ထိုးဖောက်ကစားသည်။ အကယ်၍ ဂရိက ဒေကို ဘောလုံးမဖြန့်နိုင်အောင် ဖျက်ထုတ်ထားမည်ဆိုလျှင် ပေါ်တူဂီ ကစားကွက် ပျက်သွားနိုင်သည်။ ချန်ပီယံဆုနှင့် ဝေးသွားနိုင်သည်။ ပေါ်တူဂီကို ဂရိသည် ပွဲဦးထွက်ပွဲတွင်လည်းကောင်း၊ ချက်ပွဲတွင်လည်းကောင်း နမူနာပြခဲ့ပြီ။ သင်ခန်းစာပေးခဲ့ပြီးပြီဖြစ်သည်။

နည်းပရိယာယ်ပြောင်းသင့်

ဤသို့ဆိုလျှင် ချန်ပီယံဖြစ်အောင် စကိုလာရီ ဘယ်လိုလုပ်မည်နည်း။ လုပ်စရာနည်း နှစ်နည်းသာရှိသည်။ ပထမနည်းမှာ ကွင်းလယ်ကစားကွက် စိုးမိုးနိုင်အောင် ကြိုးစားအားထုတ်ကစားရမည်ဖြစ်သည်။ နောက်တစ်နည်းမှာ မဟာဗျူဟာနှင့် ပရိယာယ်ပြောင်းခြင်းဖြစ်သည်။ ပေါ်တူဂီအတွက် အကောင်းဆုံးနည်းမှာ နည်းပရိယာယ်ပိုင်း ပြောင်းခြင်းသည် အကောင်းဆုံးနည်းဖြစ်သည်။ နည်းဗျူဟာပြောင်းရန်မလိုဟုထင်သည်။ပေါ်တူဂီမှာ အရန်အင်အားတောင့်တင်းသော အသင်းဖြစ်သည်။

အိမ်ရှင်ပေါ်တူဂီရော ဂရိပါ ယူရိုပြိုင်ပွဲတွင် သမိုင်းမော်ကွန်း မရှိသေးသော အသင်းများဖြစ်သည်။ ဗိုလ်လုပွဲမရောက်ဖူးသေးသော အသင်းများဖြစ်သည်။ နှစ်သင်းစလုံးသည် အောင်မြင်မှုသမိုင်းမှတ်တိုင်တစ်ခုတည်ဆောက်လိုသော ဆန္ဒကိုယ်စီရှိကြပေလိမ့်မည်။ အိမ်ရှင်ပေါ်တူဂီက ဂရိထက်ပို၍ သမိုင်းကမ္ပည်း ထိုးချင်ပေလိမ့်မည်။ ၎င်းမှာ အိမ်ရှင်ပေါ်တူဂီအတွက် သဘာဝကျသော စိတ်ကူးရည်ရွယ်ချက် ဖြစ်သည်။ နောက်တစ်ချက်မှာ နာမည်ကြီးအသင်းတစ်သင်းလည်းဖြစ်သည်။ ပို၍ဖြစ်သင့်ဖြစ်ထိုက်ပေသည်။

ဂုဏ်သတင်းတစ်ခု

ဂရိမှာ အသင်းငယ်တစ်သင်းဖြစ်ပြီး ဗိုလ်လုပွဲသို့ ရောက်ရှိနိုင်ခြင်းမှာ ကြီးမားသော ဂုဏ်သိက္ခာတစ်ခုဖြစ်သည်။ ဂရိ၏ ဘောလုံးစွမ်းရည်ကို ဥရောပနှင့် ကမ္ဘာတစ်လွှားမှ ပရိသတ်များ မျက်ဝါးထင်ထင် တွေ့ကြပြီဖြစ်သည်။ အေသင်အိုလံပစ်အတွက်လည်း ဂုဏ်သတင်းတစ်ခု တိုးသွားခဲ့သည်။ ဂရိအနေဖြင့် ဤအဆင့်ဖြင့် ရောင့်ရဲမည်ဆိုလျှင်လည်း ရောင့်ရဲနိုင်သော အနေအထားဖြစ်သည်။ ထိုအပြင် အကယ်၍ ဒုတိယရခဲ့မည်ဆိုလျှင်လည်း ဆုကြေးငွေကမနည်းလှ။ ဂုဏ်ရော၊ ငွေကြေးပါ တင့်တယ်နေပြီဖြစ်သည်။

သို့ဖြစ်၍ နောက်ဆုံးအချက်တစ်ချက်အနေဖြင့် ပရိသတ်များ ထည့်သွင်းစဉ်းစားသင့်သော အချက်မှာ "အိမ်ရှင်အသင်းများ ချန်ပီယံဖြစ်ဖူးသောအစဉ်အလာနှင့် ယူရို-၂၀၀၄ ပြိုင်ပွဲ"ဟူ၍ဖြစ်သည်။ ။

ထူးပေစွ၊ မြတ်ပေစွ၊ ထာဝရ 'ပန်း'ဒါန

※ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီက ဦးဆောင်လျက်"ထာဝရ ဒါန" "အရိပ်အလှူ ပန်းအလှူ"ပွဲတော်ကြီး ဆင်နွဲနေပါပြီ။

※ "မနာပ ဒါယီ လဘတေ မနာပံ"
မြတ်နိုးဖွယ် ဝတ္ထုပစ္စည်းကို ပေးလှူသူသည်
မြတ်နိုးဖွယ်ဝတ္ထုပစ္စည်းကို ရရှိနိုင်သည်။
(ဒေသနာတော်)

※ အာရာမရောပ ဒါန = ပန်းပင်သစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း
ဝန ရောပ ဒါန = အရိပ်ကောင်းသော သစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း...တို့သည်
ဥပဿယ ဒါန = ဇရပ် တန်ဆောင်း၊ ဂူကျောင်းပြာသာဒ် ဆောက်လုပ်လှူဒါန်းခြင်း...နှင့် ထပ်တူထပ်မျှ ကုသိုလ်ရကြောင်း
ဒါနဋီကာ ကျမ်းမဟာတို့တွင် ညွှန်းဆိုပြဖွင့် ကမ္ပည်းဆင့်ခဲ့ပါသည်။

※ "သစ်တစ်ပင်ကောင်း ပန်းတစ်သောင်း"

ရွှေတိဂုံစေတီတော်မြတ်၏ သိင်္ဂုတ္တရဥယျာဉ်တော်ကြီးအတွင်း ရှင်ဥပဂုတ္တ ကန်တော်မင်္ဂလာ မဟာဝန်းကျင်တွင် ဘက်စုံထောင့်စုံ အာရုံညွှတ်ဖူး ကြည်နူးချမ်းမြေ့စေရေးအတွက် "အရိပ်ရပင်များ""ပန်းအလှပင်များ"စိုက်ပျိုးရန် လိုအပ်လျက်ရှိပါသည်။

※ ဤနေရာမြတ်တွင်...
ပန်းတစ်ပင်စိုက်ပျိုးခြင်းသည် ရူပဒါန(အဆင်းအလှူ)
ဂန္ဓဒါန(နံ့သာအလှူ)တို့ကို တစ်ပြိုင်နက်ပြုပြီးဖြစ်ရုံသာမက
အပင်က ပန်းပွင့်လေတိုင်း...
ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကိုယ်တိုင် ကိုယ်ကြပ် ပန်းကပ်ဆက်လှူ ဒါနယူနေသကဲ့သို့ ထပ်တူဝေဖြိုး ကုသိုလ်တိုးနေပါတော့မည်။
စေတနာမိုး ရွာသွန်းဖြိုးစဉ်
ဒါနအပင်ကို ရှင်အောင်မြဲအောင် စိုက်ပျိုးရှက်ဆောင်ကြပါစို့။

※ သစ်ပင်စိုက်ရာသီအမီ ဒါနပြုနိုင်သော အပင်များကို သဒ္ဓါအားနှင့် ချိန်ဆရွေးချယ်လှူဒါန်းနိုင်ပါသည်။

		လိုအပ်သောအရေအတွက်	တစ်ပင်နှုန်း
အရိပ်ရပင် –	ဆီအုန်း	၃၂	ကျပ် ၅၀၀၀၀
	ကြိမ်ထန်း	၁၇၉	ကျပ် ၅၀၀၀
	အုန်းငှက်ပျော	၁၆၁၅၀၀၀	
ပန်းအလှပင် – (Ground Cover)	ဗုဒ္ဓသရဏ	၂၃၅၆၈၀	ကျပ် ၅၀
	ရွက်လှ	၆၁၇၈	ကျပ် ၁၅၀
	ပိန်း	၁၃၉၄	ကျပ် ၂၀၀၀–၁၀၀၀၀
	ရွှေဝါ	၃၄၉၇	ကျပ် ၁၂၀၀
	ကြက်တူရွေး	၅၈၈၇၅	ကျပ် ၂၀၀
	ခေါင်ရန်း	၁၂၆၅၅	ကျပ် ၁၅၀
	ပုလ္လာရိက်ကြီး	၂၅၉၁၉	ကျပ် ၅၀၀
	စံပယ်	၁၁၉၄၀	ကျပ် ၂၅၀
	ကြိမ်စပ်	၈၀၀	ကျပ် ၇၀၀
	ဒန့်ဒကူး	၁၃၇၁	ကျပ် ၅၀၀
	နဂါးစက်ဂမုန်း	၈၅၀	ကျပ် ၂၀၀
	ပျိုမနိုင်	၄၂၀	ကျပ် ၂၀၀
	ဗုဒ္ဓသရဏ(အရွက်နီ)	၂၈၀၀	ကျပ် ၂၅၀
	ချင်းနီ	၂၆၇၀	ကျပ် ၂၅၀
	ကိုင်းမြက်	၂၈၀၀၀	ကျပ် ၂၀၀
	ကိုယ်ရုံလေး	၁၅၈၆၀	ကျပ် ၁၅၀
	စလူ	၂၀၉၅	ကျပ် ၅၀၀
	ယိုးဒယားပိစပ်	၈၆၈၉၅၀	ကျပ် ၅၀
	ချင်းကြား	၁၂၀၀	ကျပ် ၂၀၀
	ဝါးမြက်	၈၉၉၉၅	ကျပ် ၂၀၀
	ပိတ်စွယ်	၉၀၀၀၀	ကျပ် ၂၀၀

လှူဒါန်းရန်နေရာ – ရွှေတိဂုံစေတီတော်၊ မြောက်ဘက်မုခ်၊ သွေးဆေးကန်အနီး၊ အလှူခံဌာန

လှူဒါန်းရန်ကာလ – ယနေ့မှစ၍ ဩဂုတ်လကုန်အထိ

ဆက်သွယ်စုံစမ်းရန် – ရွှေတိဂုံစေတီတော်၊ ဂေါပကအဖွဲ့ရုံး (ဖုန်း–၂၅၁၈၅၁၊၂၄၀၀၀၄)

ရွှေတိဂုံစေတီတော်ထာဝရဘက်စုံ
ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဇွန်၂၉ရက်မှ ဇူလိုင်၂ရက်အထိ ကျင်းပခဲ့သည့် (၃၇)ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ အာဆီယံ + ၃ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၁)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဆွေးနွေးပွဲ (အေအာရ်အက်ဖ်)၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ထိုင်းနိုင်ငံမှတစ်ဆင့် ဇူလိုင် ၃ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့်ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ လေဆိပ်တွင် ကြိုဆိုသူများနှင့် အတူတွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန်–ပဲခူး အသွားအပြန် စက်ဘီးပြိုင်ပွဲ ဩဂုတ် ၁ရက် နောက်ဆုံးထားစာရင်းပေးနိုင်

ရန်ကုန် ဇူလိုင် ၃

ရွှေသံလွင် ဆောက်လုပ်ရေးကုမ္ပဏီနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် ရန်ကုန်–ပဲခူးအသွားအပြန် အမျိုးသား၊ အမျိုးသမီးတာဝေးစက်ဘီးပြိုင်ပွဲကို ဩဂုတ် ၈ရက်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် ဆုကြေးများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ရာ ပထမဆုကြေး ကျပ်ငါးသိန်းနှင့် ပြိုင်စက်ဘီးတစ်စီး၊ ဒုတိယ–ကျပ်လေးသိန်းနှင့် ပြိုင်စက်ဘီးတစ်စီး၊ တတိယ–ကျပ်သုံးသိန်းနှင့် ပြိုင်စက်ဘီးတစ်စီး၊ စတုတ္ထဆု ကျပ်နှစ်သိန်း၊ ပဉ္စမဆု ကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆု ငါးဆုကို ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ဩဂုတ် ၁ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ အသေးစိတ်သိရှိလိုပါက လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမြင့်ဟန်ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ဩဂုတ် ၈ရက် နံနက် ၅နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှေ့မှ စတင်တာလွှတ်မည်ဖြစ်သည်။ (ကြေးမုံ)

ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

ရန်ကုန် ဇူလိုင် ၃

၂၀၀၄ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ အစီအစဉ်အရ စတုတ္ထနေ့အဖြစ် ယမန်နေ့နံနက်၉နာရီမှစ၍ ကျောက်မျက်အတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့်ရောင်းချရာ ညနေ၃နာရီမိနစ်၄၀တွင် ကျောက်မျက်အတွဲပေါင်း ၃၁တွဲကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူသွားကြသည်။

ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲတွင် ကျောက်မျက်တန်ဖိုးအများဆုံး ဝယ်ယူသွားသည့် ထိုင်းနိုင်ငံမှ Ms. Sathinee Mahadum Rongkiat အား အထူးရောင်းချပွဲ ကျင်းပရေးဗဟိုကော်မတီဝင် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းတည်က ကျောက်ကပ်ပန်းချီကားချပ် ဂုဏ်ပြုချီးမြှင့်သည်။

၂၀၀၄ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲတွင် ဇွန်၂၉ရက်မှ ဇူလိုင် ၁ရက်အထိ သုံးရက်အတွင်း ကျောက်စိမ်းအတွဲပေါင်း ၄၆၈တွဲကိုလည်းကောင်း၊ ဇူလိုင်၂ရက်နေ့တွင် ကျောက်မျက်အတွဲပေါင်း ၃၁တွဲကို လည်းကောင်း ရောင်းချရသည်။

၂၀၀၄ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲသို့ နိုင်ငံပေါင်းခုနစ်နိုင်ငံ၊ ကုမ္ပဏီပေါင်း ၁၈၉ခုမှ ရတနာကုန်သည် ၄၈၇ဦး၊ ပြည်တွင်းကုမ္ပဏီ ၁၂၉ခုမှ နိုင်ငံသား ရတနာကုန်သည် ၃၈၃ဦး စုစုပေါင်း ရတနာကုန်သည် ၈၇၀ဦး တက်ရောက်ခဲ့ကြပြီး အပြိုင်အဆိုင်ဝယ်ယူခဲ့ကြသည်။ (သတင်းစဉ်)

ရွှေသီရိ

(U-9)

ဝေါင်းဆောင်မှုစွမ်းရည် ဖွံ့ဖြိုးမှုသင်တန်း
(Mon & Tue 6:00 - 7:30 p.m.) 05-July-04 (Mon)
MENTOR LMC

D GROUP
CAR & GENSET FACTORY
❖ Auto Governor
❖ Over Load Protector
❖ Silent Type
❖ ATS (Auto Transfer System)
❖ RSS (Remote Starter System)
Yangon Sales & Service Centre ☎01 - 663209, 706575
Mandalay Sales & Service Centre ☎09 - 90 60314
Factory & Sales Centre ☎02 - 53233, 53234, 54233, 54234, 54714

မှတ်သားဖွယ်ရာမိုးရေချိန်များ
(၃-၇-၂၀၀၄)
ဟုမ္မလင်း–၃ဒသမ၅၀လက်မ
ကသာ–၁ဒသမ၅၄လက်မ

PRINCESS
☎ 535195

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ်**သ/၅၃၇၈** မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍(၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

ကံကောင်းကျေးရွာ ပညာ့အလင်း စာကြည့်တိုက်ဖွင့်လှစ်
ကျေးရွာတိုင်း စာကြည့်တိုက်ဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်နေ

မိတ္ထီလာ ဇွန် ၂၇

မိတ္ထီလာမြို့၊ လိန်တောကျေးရွာအုပ်စု ကံကောင်းကျေးရွာ ပညာ့အလင်း ကိုယ်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက် ဖွင့်ပွဲကို ဇွန် ၂၇ရက် မွန်းလွဲ ၁နာရီက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်းရှိ သီရိရတနာမဏ္ဍပ်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ပညာ့အလင်း စာကြည့်တိုက်ကိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း၊ နာယက ကျောင်းတိုက်ဆရာတော် ဦးဇောတိကနှင့် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုးသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ရန်ကုန်မြို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းထံမှ လှူဒါန်းသည့် သုတ၊ ရသစာအုပ်မျိုးစုံ ၁၂၃၁အုပ်နှင့် ခရိုင် ပြန်/ဆက်မှ လှူဒါန်းသော မဂ္ဂဇင်း၊ ဂျာနယ်၊ စာအုပ်များကို ဦးစီးအရာရှိ ဦးယဉ်မောင်က လှူဒါန်းရာ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းက လက်ခံယူပြီး နာယကအဖွဲ့ဝင် ဦးစိန်မောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့အတူ မိတ္ထီလာခရိုင် ပြန်/ဆက်ဦးစီးဌာနသည် ပြန်/ဆက်ဦးစီးဌာနမှ ချမှတ်ချက်များအရ ကျေးရွာတိုင်း စာကြည့်တိုက် ဖွင့်လှစ်နိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ (ခရိုင်ပြန်/ဆက်)

မော်လမြိုင်ကျွန်းမြို့နယ် ပုားမွတ်လျှော်ချောင်းကျေးရွာအုပ်စု အလိမ္မာ ကိုယ်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက် ဖွင့်ပွဲကို ဇွန် ၂၁ ရက် နံနက်က ပုားမွတ်လျှော်ချောင်း ကျေးရွာအုပ်စု ကျုံလတာကျေးရွာ ကျေးလက်စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်အေးအေးယု၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဘဏ္ဍာရေးမှူး ဒေါ်ဝင်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

မြို့နယ်လုံးကျွတ် ရေကောင်းရေသန့်ရရှိ

မြင်းခြံ ဇွန် ၂၄

မြင်းခြံမြို့နယ်၊ မြင်းခြံစည်ပင်သာယာရေးအဖွဲ့က (၁၀)နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်နေသော ကျေးလက်ဒေသ ရေပေးဝေရေးလုပ်ငန်းကို ခြောက်နှစ်ဖြင့် ရေတွင်းပေါင်း ၂၀၂ တွင်းကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့၍ တစ်မြို့နယ်လုံး သန့်ရှင်းသောရေ မြို့နယ်လုံးကျွတ်ရရှိပြီဖြစ်သည်။

မြင်းခြံစည်ပင်သာယာရေးအဖွဲ့က ကျေးရွာအုပ်စု ၆၆ အုပ်စု၊ ကျေးရွာ ၁၈၅ ရွာတွင် ရေခက်ခဲသောရွာ ၁၂၅ ရွာရှိနေရာ၊ အဖွဲ့ရံပုံငွေဖြင့် ၆၅ တွင်း၊ အလှူရှင်ဖြင့် ၅၈ တွင်း၊ အခြားအဖွဲ့အစည်းများ အစီစဉ်နှင့် ၇၉ တွင်း စုစုပေါင်း ၂၀၂ တွင်းကို ခြောက်နှစ်အတွင်း အကောင်အထည်ဖော်နိုင်ခြင်းဖြစ်သည်။

မြင်းခြံမြို့နယ်လုံးကျွတ်ရေကောင်းရေသန့်ရရှိသုံးစွဲနိုင်ပြီး ဆိုင်းဘုတ်ကိုလည်း ဇွန် ၃ ရက်က မြင်းခြံမြို့တွင် အခမ်းအနားဖြင့် ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း သိရသည်။ (၉၅)

ဖဲကြိုးဖြတ်ဖွင့်လှစ်

မိတ္ထီလာမြို့နယ် ကံကောင်းကျေးရွာ ပညာ့အလင်း ကိုယ်အားကိုယ်ကိုး စာကြည့်တိုက်ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်း တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်တံတားမြို့နယ် စစ်တန်းကျေးရွာတွင် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၈ရက်က ကျင်းပရာ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်းက နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်စဉ်။

(မြို့နယ်ပြန်/ဆက်)

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့်အကြောင်းအရာ
၁။	ဒေါ်လင်းထက်မြိုင်မြိုင်	၁၂/ဥကတ(နိုင်)၁၆၂၅၂၂	အမှတ်-၆၅၃၊ အင်းစ-၁၇လမ်း၊ မြေကွက်၊ တောင်ဥက္ကလာ	ဒဂုံတောင်	၂၀	၆၂၅	ဦးမောင်မောင်စိုး	ဂရန်သစ်
၂။	ဒေါ်ခင်ခင်အေး	၁၂/ဗဟန(နိုင်)၀၄၁၃၀၄	ခ/၇၊ အောင်သပြေငြိမ်သာ၊ မရမ်းကုန်း	ဒဂုံတောင်	၂၀/က	၂၃၀	ဦးတင်ညွန့်	ဂရန်သစ်
၃။	ဒေါ်တင်တင်ဝေ	၁၂/ဗဟန(နိုင်)၀၇၃၅၇၃	အမှတ်-၄၂/က၊ အင်းယားမြိုင်လမ်း၊ ဗဟန်း	ဗဟန်း	၃၀B	၄၂/A၁	ဗိုလ်မှူးချုပ်တင်ဦး(ငြိမ်း)	မြေပုံကူး
၄။	ဒေါ်မြင့်မြင့်အေး	၁၀/မလမ(နိုင်)၀၉၇၀၄၃	၂၀၇၊ အနော်ရထာလမ်း၊ ၉ရပ်ကွက်၊ ဒဂုံအရှေ့	ဒဂုံမြောက်	၃၅	၆၉၈	ဦးမြအောင်	အမည်ပြောင်း
၅။	ဦးသိန်းဝင်း+၂	၁၂/ဒဂန(နိုင်)၀၂၂၂၃၆	အမှတ်-၅၅၊ တော်ဝင်လမ်း၊ ဒဂုံမြို့နယ်	ဒဂုံ	၄၆A	၉၉D	ဦးကြာတင်+၃	မြေပုံကူး
၆။	ဒေါ်မြင့်တာရှေ	၁၂/အလန(နိုင်)၀၂၉၄၉၆	၁၆၁၊ အလုံလမ်း၊ ဌာနရပ်ကွက်	အလုံ	၂၃H	၁၀၁	ဦးကျော်မင်း+၁	အမည်ပြောင်း
၇။	ဒေါ်ခင်သန်းမြင့်+၁	၁၂/ကမရ(နိုင်)၀၂၇၇၈၉	၁၁၉D၊ သံလွင်လမ်း၊ ဗဟန်း	ဗဟန်း	၃၆G	[illegible]	ဒေါ်ခင်အိုးမြိုင်နှင့် ဦးစိုးစံ	မြေပုံကူး
၈။	ဦးစောတွင်+၂	၁၂/သဃက(နိုင်)၁၁၇၃၂၀	၆၅၊ လေးဒေါင့်ကန်လမ်း၊ သင်္ဃန်းကျွန်း	သင်္ဃန်းကျွန်း	၂၆	၈၁	မွတ်ကြီးအင်နှင့် ဒေါ်နှင်းမြ	မြေပုံကူး
၉။	ဒေါ်အမီနာဘီဘီ	၁၂/ပဗတ(နိုင်)၀၀၅၃၆၈	၂၇၄၊ ၃၉လမ်း၊ ကျောက်တံတား	ကျောက်တံတား	၁၃F-3	V-59	Mahomed Cassim Mapara	အမည်ပြောင်း
၁၀။	ဒေါ်ငွေငွေတင်	၁၂/ဥကမ(နိုင်)၀၃၇၇၇၅	၁၂၆၊ မနောဟရီလမ်း၊ ဒဂုံမြို့နယ်	အင်းစိန်	၂၁	၆၆-ဆ	ဦးဘကျော်	အမည်ပြောင်း
၁၁။	ဒေါ်လှမေ	၁၂/ဥကတ(နိုင်)၀၆၄၀၁၁	အမှတ်(၁၁၃၉)၊ သမင်လမ်း၊ (၆)ရပ်ကွက်၊ တ/ဥ	တောင်ဥက္ကလာပ	၉	၆၂	ဦးအုန်း	အမည်ပြောင်း
၁၂။	ဦးမြဝင်း	၁၀/မလမ(နိုင်)၀၄၅၁၈၈	အမှတ်(၅၆/၇-၅၅)၊ ကျောက်မြောင်းလမ်း၊ တာမွေ	ဒဂုံမြောက်	၄၁	၈-၂၂၄	ဦးရှိန်ဝင်း	အမည်ပြောင်း
၁၃။	ဦးထွန်းလှ	၁၂/အလန(နိုင်)၀၃၀၂၅၆	၁၅၁၊ ၁၁ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၁၁	၁၅၁	ဦးကျော်မြင့်	ဂရန်သစ်
၁၄။	ဒေါ်ခင်အုန်းမြင့်+၁	၁၂/တမန(နိုင်)၀၈၁၀၆၄	အမှတ်-၁၁၇၊ သီရိလမ်း၊ ၂၄ရပ်ကွက်၊ဒဂုံတောင်	ဒဂုံတောင်	၂၄	၁၁၇	ဒေါ်သက်သက်မွယ်	အမည်ပြောင်း
၁၅။	ဒေါ်မြမြအောင်	၁၂/ဗဟန(နိုင်)၀၀၈၁၆၄	၇၈A၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ရုံ၊ ၂ရပ်ကွက်၊ ဗဟန်း	ဗဟန်း	၂I	၄၁၈R/၁A၂	မောင်သိန်းနိုင်+၂	အမည်ပြောင်း
၁၆။	ဒေါ်မြမြလေး	၁၂/အစန(နိုင်)၀၄၅၈၆	၆၄၁၊ မြည်တောင်စုလမ်း၊ ၄၆ရပ်ကွက်ဒဂုံမြောက်	ဒဂုံမြောက်	၄၆	၆၄၁+၆၄၄(ခ)	ဦးသိန်းတန်	မြေပုံကူး
၁၇။	တင်မြလေး	၁၂/ဥကတ(နိုင်)၀၁၆၇၂၄	၈၆၂၊ သံသုမာလမ်း၊ ၁၀ရပ်ကွက်၊ တ/ဥ	တောင်ဥက္ကလာ	၁၀	၈၆၂(ခ)	ဦးအောင်ကြည်	အမည်ပြောင်း
၁၈။	ဒေါ်ခင်စိုးလင်း+၆	၁၂/ကမတ(နိုင်)၀၄၇၁၆၇	၂၄-ပန်းလှိုင်လမ်း	ကြည့်မြင်တိုင်	၂၅E?	IV ၃၇	ဦးအောင်မြင့်စန်း+၆	မြေပုံကူး
၁၉။	ဦးဝင်းတင်	၁၂/အစန(နိုင်)၁၃၃၉၃၁	၁၃၅၊ အရှေ့ကြို့ကန်(၂)လမ်း၊ အင်းစိန်	အင်းစိန်	6D၁၄၀၅၀၆	၄၇	ဒေါ်လေးဆင့်	အမည်ပြောင်း
၂၀။	ဒေါ်အေးမြင့်သောင်း	၁၂/စခန(နိုင်)၀၂၁၀၅၇	၁၇၊ ၁၉၊ မဂ်ကြီးလမ်း၊ စမ်းချောင်း	စမ်းချောင်း	၂၈E	၇၄A-၁/C-၁	ဦးကျော်သောင်း+၁	မြေပုံကူး

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့်အကြောင်းအရာ
၁။	ဦးအောင်ကျော်ဝင်	၉/ပမန(နိုင်)၁၅၈၄၈၆	၆၉၅၊ ၂၉-ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၂၉	၆၉၅	ဦးတင်လွင်	ဂရန်သစ်
၂။	ဒေါ်တင်တင်	၁/ဗမန(နိုင်)၀၀၂၇၂၇	၆၉၄၊ ၂၉-ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၂၉	၆၉၄	ဒေါ်သန်းဝင်း	ဂရန်သစ်
၃။	ဒေါ်ယဉ်ယဉ်	၁၄/မမန(နိုင်)၀၉၂၄၂၇	မြောင်းမြမြို့ ပဟိုတ်ကြီးရွာ	လှိုင်သာယာ	သကမ-၁၄	၅၆၇	ဒေါ်မြင့်မြင့်အေး	ဂရန်သစ်
၄။	ဦးကုလား+၂	၁၂/သကတ(နိုင်)၁၀၈၄၀၉	၁၃၁၉/ခ၊ မာန်ပြေ(၂၀)လမ်း၊ (၃)ရပ်ကွက်	သာကေတ	၃/မာန်ပြေ	၁၃၁၉/၁	ဒေါ်ကြင်မေ	မြေပုံကူး
၅။	ဦးအောင်မြိုင်	၁၂/လမန(နိုင်)၀၀၄၉၈၈	၂၉၁၊ ၄၂ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၄၂	၂၉၁	ဒေါ်ခင်ဝေဌေး	ဂရန်သစ်
၆။	ဒေါ်ထွေးတင်	၁၂/ကမရ(နိုင်)၀၁၁၁၅၇	၂၀၊ အောင်မင်္ဂလာလမ်း၊ (၅)ရပ်ကွက်	ကမာရွတ်	၇၁	၇၆၂	ဦးမြစိန်	မြေပုံကူး
၇။	ဦးမြင့်ရီ	၁၂/တမန(နိုင်)၀၇၆၆၀၄	G-4၊ လွတ်လပ်ရေးလမ်း၊ (စ)ရပ်ကွက်၊ လှိုင်	လှိုင်	၁၅	၆၁/၄?	ဒေါ်အမာ	အမည်ပြောင်း
၈။	ဦးနုရူမယာမတ်+၁	၁၂/မဂတ(နိုင်)၀၈၉၇၇၅	၅၁၊ စစ-လမ်း	မင်္ဂလာတောင်ညွန့်	၁၂-F	V ၁၀၀	ဦးရွှေသိန်း+၁	အမည်ပြောင်း
၉။	ဦးအောင်သူရ+၇	၁၂/ကမတ(နိုင်)၀၄၃၂၅၄	၁၀၃၊ သီရိ(၄)လမ်း၊ (၂)ရပ်ကွက်၊ လှိုင်	လှိုင်	၁၂-A	၄၀၅	မသွယ်ရှင်	အမည်ပြောင်း
၁၀။	ဦးမြတ်သူ+၁	၁၂/မရက(နိုင်)၁၁၀၁၈၄	၅၅-B၊ တေးနယဉ်လမ်း	မရမ်းကုန်း	၅၅ သမိုင်း	[illegible]	မခင်မြင့်(ခ)မတီစိန်	အမည်ပြောင်း
၁၁။	ဒေါ်ခင်အုန်း	၁၂/တမန(နိုင်)၀၅၃၄၀၉	၄၆၊ ၁၅၇-လမ်း	တာမွေ	၃၄ E	၃၈၇	ဦးထွန်းကြည်+၁	အမည်ပြောင်း
၁၂။	ဒေါ်ကျင်သန်း	၁၂/ဗဟန(နိုင်)၀၀၇၄၈၂	၈၆၊ ၁၅၇-လမ်း	တာမွေ	၃၄ E	၃၆၃	ဒေါ်တင်+၁	အမည်ပြောင်း
၁၃။	ဒေါ်မြင့်မြင့်စန်း	HLG ၀၁၁၉၂၀	၁၀၉၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်	လှိုင်	၁၀(က+ခ)	၁၀၆	ဦးတင်မြင့်	မြေပုံကူး
၁၄။	ဒေါ်ခင်သိန်းဝင်း	၇/လပတ(နိုင်)၀၁၂၀၀၀	၅၊ သီလဝင်းတန်းလမ်း၊ ထောက်ပံ့တန်းမြို့နယ်	ဒဂုံဆိပ်ကမ်း	၁၅၀	၁၀၈၂	ဦးတင်မွေ	ဂရန်သစ်
၁၅။	ဦးတင်ကြည်	၁၂/ပဗတ(နိုင်)၀၂၅၉၁၉	၁၄၃၀(က+ခ)၊ ယင်းမာ-၂လမ်း၊ ၂၄-ရပ်ကွက်၊ ဒဂုံတောင်	ဒဂုံတောင်	၂၄	၁၄၃၀(က+ခ)	ဦးကန်အုန်း+ဦးသိန်းဆင်	ဂရန်သစ်
၁၆။	ဒေါ်စိမ်းလှ+၃	၁၂/တမန(နိုင်)၀၄၈၁၀၁	၁၆၊ ၁၆၆လမ်း	တာမွေ	၃၄ E	၂၂၆	မောင်ဖုံ	မြေပုံကူး
၁၇။	ဦးရန်နိုင်အောင်	၁၂/ဗကမ(နိုင်)၀၀၃၉၅၁	၈၂၊ အောင်ရိပ်သာလမ်း၊ ၂၈-ရပ်ကွက်ဒဂုံမြောက်	ဒဂုံမြောက်	၂၈	၈၂	ဒေါ်တင်ရီ	မြေပုံကူး
၁၈။	ဒေါ်မြင့်မြင့်စိန်	၁၂/မရက(နိုင်)၀၁၅၆၇၆	၂၄၊ မြေတတီလမ်း၊ ဘုရင့်နောင်	လှိုင်သာယာ	ရှမ်းချောင်း	၅၄(က+ခ)	ဦးအောင်လွင်ဦးစောသန်းရွှေ	ဂရန်သစ်
၁၉။	ဦးအောင်မြင့်	KLT ၁၆၃၆၁၂	၉၅၀/ခ၊ ဗိုလ်အောင်ကျော်လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာ	လှိုင်သာယာ	သကတ-၂	၉၅၀/ခ	ဦးဟိန်း	ဂရန်သစ်
၂၀။	ဒေါ်စန်းရီ	၁၂/မရက(နိုင်)၀၈၅၂၇၇	၂၂/ခ၊ အနော်ရထာလမ်း၊ (၁၈)ရပ်ကွက်၊ လှိုင်သာယာ	လှိုင်သာယာ	သကမ-၁၆	၂၃(က)/၂၂(ခ)	ဒေါ်စောမာဘီ၊ ဦးသိန်းရွှေ	ဂရန်သစ်

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြိမ်းချမ်းရေး
TV-VIDEO-VCD
အိမ်အရောက်ပြုပြင်ပေးသည်။
No-41၊ သမ္မာဒိဋ္ဌိလမ်း၊
ကျောက်မြောင်း၊ ဖုန်း-၅၄၈၁၉၇။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ် အမှတ်-၁၃၈၇၀၈မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ဦးထွန်းဝင်း
ဖုန်း-၂၅၀၀၁၂။

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သမီးဖြစ်သူ မနွယ်နီထွေး[၁၂/ဗတထ(နိုင်)၀၁၁၉၃၂]သည် မိဘစကားကို နားမထောင်ဘဲ မိမိဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သမျှ တာဝန်မယူပါ။

ဖခင်-ဦးကျော်နီ
[၁၂/ဗတထ(နိုင်)၀၁၀၀၀၅]
မိခင်-ဒေါ်နွဲ့
[ဗတထ(နိုင်)၀၁၁၉၃၄]

အများသိစေရန်

စမ်းချောင်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ အမှတ်-၁၅ဒီ၊ ရှစ်ထပ်၊ လက်ဝဲဘက်အခန်းမှာ Dr.ရီရီမြင့် [၁၂/မဂတ(နိုင်)၀၅၄၅၉၀] အမည်ဖြင့် စာချုပ်ချုပ်ဆိုထားသော အခန်းဖြစ်ပါသည်။ အဆိုပါ မူရင်းစာချုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် ယုဇနဆောက်လုပ်ရေးအဖွဲ့သို့ မိတ္တူမှန်စာချုပ် လျှောက်ထားခြင်းကို ကန့်ကွက်လိုပါက (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

ယုဇနစင်တာ၊ ၁၃၀၊
တတိယအလွှာ၊ ရွှေဂုံတိုင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၄၀၇၄၂။
Dr.ဒေါ်ရီရီမြင့်

မွေးနေ့ဆုတောင်းလွှာ
မောင်ပိုင်ဖြိုးသန့်

ဖေဖေ Dr ဦးတင်မောင်ဇော်(မကွေး)နှင့် မေမေ Dr သန်းဝင်း(OG) ကသာမြို့တို့၏ တစ်ဦးတည်းသောသားလေး မောင်ပိုင်ဖြိုးသန့်၏ ၄–၇–၂၀၀၄နေ့တွင် ကျရောက်သော (၈)နှစ်မြောက်မွေးနေ့မှ ဘဝတစ်လျှောက်လုံး သားသားချစ်တဲ့ မေမေနှင့်အတူ ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေ–––။

ယဉ်ကျေးလိမ္မာပြီး ထူးချွန်ထက်မြက်တဲ့သားလေးဖြစ်ပါစေ–––။

ဘဘ၊ ကြီးကြီး၊
တီတီအေး၊ ဦး၊ တီတီလေး
ကိုကို၊ ညီညီ။

ရက်(၁၀၀)ပြည့်မွေးနေ့ဆုတောင်း

ဖေဖေ ဦးသန်းထွန်းနှင့် မေမေ ဒေါ်ခင်ဌေးသူတို့ရဲ့ သမီးဦးလေး မြသက်မှူးသည် အသိနှင့်ပညာကြီးမားကျယ်ပြန့်၍သတိနှင့်ယှဉ်ကာ အမြဲတမ်းနေစွမ်းနိုင်သော သမီးထူးလေးဖြစ်ပါစေလို့ ၄–၇–၂၀၀၄နေ့မှာ ကျရောက်တဲ့ သမီးရဲ့ ရက်(၁၀၀)ပြည့် မွေးနေ့မှာ ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ချစ်ဖေဖေ–ဦးသန်းထွန်း
ချစ်မေမေ–ဒေါ်ခင်ဌေးသူ။

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် အမည်၊ အမှတ်အသားသည် ကျွန်ုပ်တို့၏အမှုသည် ဦးခင်မောင်လတ်[၁၂/လသန(နိုင်)၀၀၂၅၁၁]မှ တစ်ဦးတည်းမူပိုင်ပြုလုပ်သုံးစွဲလျက်ရှိသည့် ကုန်အမှတ်တံဆိပ်နှင့်အမည်၊ အမှတ်အသားဖြစ်ပါသည်။

ကုန်အမှတ်တံဆိပ်နှင့်အမည်၊ အမှတ်အသား။

Shan Shan

ကုလားပဲဗယာကြော်မှုန့်

မှတ်ပုံတင်စာချုပ်အမှတ်–၃၁၁၃/၂၀၀၄

အထက်ဖော်ပြပါတံဆိပ်၊ အမှတ်အသားဖြင့် ဖော်ပြပါ Shan Shan ကုလားပဲဗယာကြော်မှုန့်အမည်တံဆိပ်အမှတ်အသားဖြင့် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၅၀)၊ လမ်းမတော်လမ်းတွင်လည်းကောင်း၊စက်ရုံများတွင်လည်းကောင်း၊ အခြားသင့်တော်သည့်နေရာများ၌လည်းကောင်း အမည်၊ ထုတ်လုပ်မှု လုပ်ငန်းများက အဆိုပါပစ္စည်းထည့်သွင်းအသုံးပြုသောပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူအိတ်၊ စက္ကူဘူး၊ စက္ကူထုပ်များ၊ ပါဆယ်ထုပ်များ အပေါ်တွင် ယင်းအမည်အမှတ်အသားတို့ကို ဒီဇိုင်းအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကိုလည်း ပြုလုပ်ပြီးလျှင်၊ ဖိနှိပ်၍လည်းကောင်း၊ ကပ်နှိပ်၍လည်းကောင်း၊ ရိုက်နှိပ်၍လည်းကောင်း၊ အသားတံဆိပ်ပြုလုပ်၍လည်းကောင်း၊ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တစ်ဦးတည်း ထုတ်လုပ်ရောင်းချသွားနိုင်ရန် ရန်ကုန်မြို့စာချုပ်၊ စာတမ်းများ မှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်(၄/၃၁၁၃/၂၀၀၄)၊ နေ့စွဲ ၇–၆–၂၀၀၄ဖြင့် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ (သို့မဟုတ်)လူအများကသော်လည်းကောင်း၊ (သို့မဟုတ်) ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခုကသော်လည်းကောင်း၊ ထပ်တူထပ်မျှ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ၊ ပုံတူပုံမှား၊ တုပပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူရလိမ့်မည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–

ဦးခင်ညွန့်(၁၇၀၁)၊ ဒေါ်ရီရီတင်(၁၉၉၅)၊
တရားရုံးချုပ်ရှေ့နေများ၊
အမှတ်–၅၅၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း၊
ရုံးဖုန်း–၃၇၂၈၀၄၊ ၃၇၁၇၁၇၊ ၇၂၀၂၅၅၊ ၀၉–၅၀၁၁၅၇၁။
E;mail-khinyunt@ baganmail.net.mm

ခရသင်းခြောက်မျိုးအထူးကုသမားတော်ကြီးဦးကျော်ဟိုး

ဆရာကြီး ဦးကျော်ဟိုးသည် သထုံမြို့ ဘင်လိုင်ရပ်မှ ရန်ကုန်သို့ ပြောင်းရွှေ့ပြီး မပျောက်ကင်းနိုင်သော ခရသင်းခြောက်မျိုးနှင့် အတက်ရောဂါ၊ ဝက်ရူးပြန်ခုနစ်မျိုးတို့ကို ကုသပေးနေပြီဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဝေဒနာရှင်များသိရှိရန် ကြေညာအပ်ပါသည်။

ယခုတစ်ဖန် နေရောင်လင်းဆေးတိုက်မှ နန္ဒင်းခါး၊ ဘုမ္မရာဇာ၊ ဆင်တုံးမနွယ် သုံးမျိုးဖြင့် သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါတို့ကို ဖိတ်ခေါ်လိုက်ပါသည်။

ဥပုသ်နေ့ပိတ်သည်
နေရောင်လင်းဆေးတိုက်၊ အမှတ်–၂၄၊ ဇင်ယော်လမ်း၊ ၁၄/၂ရပ်ကွက်၊
မြင်သာအိမ်ရာ(၂)၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းဖွင့်လှစ်မည့်
Introduction to Internet
သင်တန်းတက်ရောက်ခွင့်လျှောက်လွှာခေါ်ယူခြင်း

သင်တန်းစတင်ဖွင့်လှစ်မည့်ရက်–၂၀–၇–၂၀၀၄
သင်တန်းဖွင့်လှစ်မည့်နေရာ–E-Learning Center (MICT Park)
သင်တန်းအချိန်–4:00 PM to 7:00PM
သင်တန်းကာလ–(14)Days
လက်ခံမည့်သင်တန်းသူဦးရေ–၅၀ဦး
လျှောက်လွှာစတင်ရောင်းချမည့်ရက်–၄–၇–၂၀၀၄

သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို တစ်စောင်လျှင်(၁၀၀)ကျပ်နှုန်းနှင့် သင်တန်းကြေး (၆၀၀၀)ကျပ်ကို အောက်ပါလိပ်စာတွင် ၁၇–၇–၂၀၀၄ နေ့ နောက်ဆုံးထား၍ ပေးသွင်းထားနိုင်ပါသည်။

လိပ်စာ–အမှတ်(၂၈၈/၂၉၀)၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဆက်သွယ်ရန်ဖုန်း–၂၅၄၄၀၀။

လှဝတီ (အတွင်းရေးမှူး)
မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းကို အမေရိကန်ဒေါ်လာ(US Dollars)၊ ယူရို(Euros) ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender) များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T)10/MR(ML) 2004-2005	(1)Wheel Steel Solid (2)Axle "Y" (3)Axle " YD"	1200-Nos. 200-Nos. 200-Nos.

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၅–၈–၂၀၀၄ (ကြာသပတေးနေ့) (၁၂း၀၀)နာရီ
ချိပ်ပိတ်တင်ဒါဖွင့်မည့်ရက်နှင့်အချိန် – ၅–၈–၂၀၀၄ (ကြာသပတေးနေ့) (၁၄း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၅–၇–၂၀၀၄ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
☎–၂၉၁၉၈၂၊ ၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊ ၆၀၅၊ ၆၁၂။

အမည်ပြောင်းခြင်း

ဦးကိုကိုကြီး၏သား အထက(၂)ဒဂုံ၊ ဒသမတန်း(အေ)မှ မောင်သီဟစိုး [၁၂/ကတတ(ဧည့်)၀၀၀၉၆၀]အား မောင်သက်ဖြိုးဝေဟု ပြောင်းလဲခေါ်ပါရန်။

မောင်သက်ဖြိုးဝေ။

အမည်ပြောင်းခြင်း

ဦးခင်မောင်သန်း၏သမီး အလက (၇)တောင်ဥက္ကလာ သတ္တမတန်း(ဂ)မှ မစိုးမြတ်ကြည်အား မချောဆွေဇင်သက်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မချောဆွေဇင်သက်။**

ကွန်ပျူတာ ဝီဒီယို အသံဖိုင်များ
NATIONAL CD
ဖုန်း - 708225
ဖုန်း - 252604, 280334

U NYAN WIN
International English Language Centre
LCCI (UK) English for Business or Commerce Level (I, II, III) IELTS ... SAT (U.S) ... (prescribed standard of excellence) ... We have proof of credit and distinction.
No. 345, Room 18, Mahabandoola Street, between 39th & 40th Street, Kyauktada, Yangon.

ကွန်ပျူတာ စာရင်းကိုင်ဆော့ဖ်ဝဲများ
! ACCPAC ! Peachtree
PEACE GLOBAL ...

ဘဝ ပန်းချီ ... လောင်းရွှေခြေ (မဟာဝိဇ္ဇာ) ရဲ့ ...

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ **Sale & Marketing Manager** မ(၁)ဦး
- M.B.B.S (သို့) B.V.S ဘွဲ့ရပြီးသူဖြစ်ရမည်။
- လက်ရှိ Marketing အဖွဲ့ကို ဦးဆောင်နိုင်သူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

၂။ **Secretary** (၁)ဦး
- ဘွဲ့ရပြီးသူဖြစ်ရမည်။
- အင်္ဂလိပ်စာ ကျွမ်းကျင်စွာ ရေးနိုင်၊ ဖတ်နိုင်၊ ပြောနိုင်ရမည်။
- Computer ကျွမ်းကျင်သူဖြစ်ရမည်။

၃။ **Sales Representatives** မ(၅)ဦး
- B.Pharm (သို့) B.Sc ဘွဲ့ရပြီးသူဖြစ်ရမည်။
- အင်္ဂလိပ်စာအသင့်အတင့် ရေးနိုင်၊ ပြောနိုင်ရမည်။

အမှတ်စဉ်အားလုံးအတွက် သင့်တင့်လောက်မွန်သောလစာငွေပေးမည်။ အမှတ်စဉ် ၁နှင့်၃အတွက် လျှောက်ထားသူများသည် နယ်ခရီးသွားနိုင်ရမည်။ လျှောက်ထားလိုသူများသည် ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်း ထောက်ခံချက်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့ကို ယူဆောင်၍ ကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ရွှေကျားကြီးကုမ္ပဏီလီမိတက်
(ဆေးနှင့်ဆေးကိရိယာများဖြန့်ဖြူးရောင်းချရေးကုမ္ပဏီ)
အမှတ်(၉၂)၊ (၅၁)လမ်း(အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဝန်ကြီးရုံး

ရက်စွဲ၊ ၂၀၀၄ခုနှစ် ဇွန်လ ၃၀ရက်။

တင်ဒါများဖိတ်ကြားခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာကောလိပ် (၃)ထပ် အဆောက်အအုံသစ်များကို ထားဝယ်၊ မြိတ်၊ လားရှိုး၊ မိတ္ထီလာ၊ ပခုက္ကူ၊ မကွေး၊ ဟသာတ၊ မော်လမြိုင်မြို့တို့တွင် တည်ဆောက်ရန်အတွက် ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ကြားအပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့် တန်ဖိုးကို (B.Q)နှင့် တကွ ပူးတွဲ တင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များမှ အကူအညီရယူနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှ လိုက်နာရန် အချက်အလက်များကို အောက်ပါလိပ်စာမှ ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အမှတ်(၁၃၃)၊ နတ်မောက်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၄၂၈၇၂၊ ၅၄၃၃၃၆။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အထက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး
၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ်-၂၂

ဦးဆန်းအောင် နှင့် ဦးဘိုးသန်(ခ)ဦးသိန်းမြင့်
တရားလို တရားပြိုင်

သုံးခွမြို့၊ (၃)ရပ်ကွက်၊ စည်သူလမ်း၊ အမှတ်(၄)ရှိ နေ ဦးဘိုးသန်(ခ)ဦးသိန်းမြင့်သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဆန်းအောင်က ပဋိညာဉ်ပါမြေကွက်နှင့်အိမ်ကို အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု(သို့မဟုတ်) တရားလိုမှ ပေးထားသောရောင်းဝယ်ငွေ ၂၃၅၀၀၀၀/-နှင့် နစ်နာကြေးရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်ပြဿနာအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ်၊ ဇူလိုင်လ၁၅ရက် (၁၃၆၆ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ရက်)နေ့၊ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူတရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေရာတွင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်၊ သို့တည်းမဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် ဇွန်လ ၂၂ရက်နေ့၊ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်ဆွေရီ
ခရိုင်တရားသူကြီး
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး။

အမေတစ်ယောက်ရဲ့ လက်ရာနှင့် မခြား စားချင့်စဖွယ် အိမ်ထမင်းဟင်းကို သုံးဆောင်လိုပါက
မေ့မေ့
ထမင်းချိုင့် ကိုဒုံးစဆောင်ပါ
ဖုန်း - ၅၇၁၃၉၄၊ ၅၇၈၈၈၂
ရုံး၊ ကျောင်း၊ ဈေး၊ ကုမ္ပဏီ အတွက် အထူးစီစဉ်ပေးသည်။

အရိုးကျီးပေါင်းရောဂါကုထုံးကျမ်းပြုသမားတော် ဆရာမြင့်
... ကိုယ်တိုင်ကု လက်တွေ့ပျောက်တဲ့
စကြာမင်းအရိုးကျီးပေါင်းရောဂါပျောက်ဆေး
... နိုင်ငံရာ ဆေးဆိုင်များတွင် ဝယ်ယူသုံးစွဲပါ။
... ဆေးခန်း
အမှတ်-၈/၃ ... ရန်ကုန်မြို့။

❖ တင့်တင့်အောင် ❖
(အင်္ဂလိပ်သင်တန်း)
... အမြန်နှိပ်စက်သင်တန်း

အမှတ်(၁၁၄) ၁၃လမ်း ၊ ကျောက်တံတားမြို့နယ် ရန်ကုန်
ဖုန်း -245366

... Supervisor ... Office Staff ... CV ...

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ အရောင်းမြှင့် ဝန်ထမ်း (ကျား၊ မ) စကားပြောပြေပြစ်၍ ဈေးကွက်ကိုစိတ်ဝင်စားသူ၊ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။ နယ်မှလာသူများ နေထိုင်ရေး စီစဉ်ပေးမည်။ DREAM အလှကုန်လုပ်ငန်း၊ အမှတ်(၃၆) ဘုရင့်နောင်ရိပ်သာ(၂)လမ်း၊ ဝိတောက်လမ်းမှတ်တိုင်ဘုရင့်နောင်လမ်းမကြီး အင်းစိန်ရန်ကုန်မြို့၊ ဖုန်း-၆၄၀၅၃၀။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ရှိသွားသော Upland Co.,Ltd. ကုမ္ပဏီမှတ်ပုံတင်မူရင်း၊ ယာဉ်အမှတ် ၅က/၂၈၃၈ယာဉ်မှတ်ပုံတင်စာအုပ်နှင့် ဝရမ်းဟံစာအုပ်တို့ ပျောက်ဆုံးသွားပါ၍ တွေ့ရှိကပြန်လည်ပေးပို့ပါရန်။

ဆက်သွယ်ရန်-
Ph: 561490, 708470,
09 50 14461

အမြန်ရောင်းမည်

မြောက်ဥက္ကလာ၊ အဝေးပြေးအနီး၊ သုခမွှာ(အမှတ်-၃) လမ်းမပေါ် 30'x40' BN နှစ်ထပ်၊ ဘိလပ်ယက် ၂ပုံ။ **Ph: 0950 12322.**

Corona, Carina, Corolla Limited (Saloon 87 မှ 92) နမ်ပါ၅က၊ ကက-22 အိမ်စီးကားသန့်များသာဝယ်လိုသည်။ ပွဲစားမလို။

Ph: 09-8030907

ရောင်းမည် (ညီနောင်ဈေး)

ပါရမီလမ်းကြီးပေါ် (ကော့မာလာဘက်) 20' x 60' ဂရန်မြေ နှစ်ထပ်အိမ်၊ ရေမီးစုံ။

ဖုန်း-၅၆၁၁၇၆၊ ၀၉၈၀၃၃၀၆၃။

စရီကာလီမယ်တော်ဘုရားကျောင်းပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)ကော်၊ ဒုတိယတန်းစားမြေကွက်၊ အမှတ်(၁၀)၊ မြေရိယာ(၀.၁၁၀၉၅)ဧကနှင့် ဒုတိယတန်းစားမြေကွက်အမှတ်(၁၀-A)၊ မြေရိယာ(၀.၁၁၀၂)ဧက၊ နှစ်(၉၀)ဂရန်မြေကွက်များပေါ်ရှိ အမှတ်(၂၂၈/၂၃၀)၊ ဗိုလ်တထောင်ဈေးလမ်း၊ (ယခင် အိုင်းလမ်း)၊ အမှတ်(၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်ဟု ခေါ်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို K.P.P.RATNA SAMYNADAR က စရီကာလီမယ်တော်ဘုရားကျောင်းအတွက် လှူဒါန်းရန်ရည်ရွယ်၍ ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ်-၁၃၁၇ (၁၀-၉-၄၁)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

ယင်းမြေကွက်များနှင့်ပတ်သက်၍ စရီကာလီမယ်တော်ဘုရားကျောင်းဂေါပကအဖွဲ့မှ အများသိစေရန် ကြေညာချက်ကို ၁၂-၅-၂၀၀၃ရက်နေ့ထုတ်ကြေးမုံသတင်းစာတွင်လည်းကောင်း၊ ရုံးဌာနအသီးသီးတို့နှင့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့တွင် ကန့်ကွက်လွှာများပေး၍ ကန့်ကွက်ထားပြီးဖြစ်ပါသည်။

ထို့ကြောင့် အထက်ပါမြေကွက်များနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် စရီကာလီမယ်တော်ဘုရားကျောင်းဂေါပကအဖွဲ့၏ စီမံခန့်ခွဲအုပ်ချုပ်မှုတွင်ရှိနေသည့်အတွက် မည်သူမဆိုဂေါပကအဖွဲ့၏ သဘောတူခွင့်ပြုချက်မရဘဲ အဆောက်အအုံအားဖြိုဖျက်ခြင်း၊ ဆောက်လုပ်ခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းငှားရမ်းခြင်းများကို မပြုလုပ်ကြရန်နှင့် စရီကာလီမယ်တော်ဘုရားကျောင်း၏ ပိုင်ဆိုင်သည့်ပစ္စည်းများကို ထိပါးနှောင့်ယှက်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

စရီကာလီမယ်တော်ဘုရားကျောင်းဂေါပကအဖွဲ့၊
အမှတ်(၂၁၇)၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား (၂)လက်မ အဝီစိတွင်း(၁)တွင်းဖော်ခွင့်လိုင်စင်ထုတ်ပေးခြင်းကို မည်သူမဆိုကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်ရုံးချိန်အတွင်း မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) မြေအောက်ရေကြီးကြပ်မှု အရာရှိရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

လျှောက်ထားသူအမည်နှင့်-ဗိုလ်မှူးကြီး
နေရပ်လိပ်စာ-မြင့်အောင်-ဒေါ်အေးအေးလွင်
တူးဖော်မည့်နေရာ-အမှတ်(၃၃-အေ)၊ သစ္စာလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
မြေကွက်အမှတ်-၃၃/အေ
မြေတိုင်းရပ်ကွက်အမှတ်-၆၊ တောင်ဥက္ကလာပ

သန့်သန့်စိုး
မြေအောက်ရေကြီးကြပ်မှုအရာရှိ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
(ရုံးချုပ်)

သွာနုတ္တသမီးဖြစ်ကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ အမှတ်၄၅/ဒီနေ ဦးမြင့်သိန်း-ဒေါ်ခင်သက်တို့၏သမီးဖြစ်သူ မနိုလာ[၁၂/ဗဟန(နိုင်)၀၂၁၇၇၂]သည် မိဘ၊ မောင်နှမဆွေမျိုးတို့၏ ဆိုဆုံးမစကားကို မနာခံဘဲ မိမိဆန္ဒအလျောက် မိဘ၏နေအိမ်မှ ထွက်သွားပါသဖြင့် ယနေ့မှစ၍ အမွေခံသမီးအဖြစ်မှ ပယ်ဖျက်ပြီးသွာနုတ္တသမီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအားလုံးအား လုံးဝတာဝန်မယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်။

ဦးမြင့်သိန်း-ဒေါ်ခင်သက်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မေသိန်း B.A(Law).,LL.B
တရားရုံးချုပ်ရှေ့နေ(စဉ်-၂၁၅၄)
အမှတ်-၄၆(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။ (ဖုန်း-၂၄၇၆၀၁)

အခြေခံပညာ အလယ်တန်း၊ အထက်တန်း၊ စာသင်သားများအတွက်
Student's Companion စာစဉ်ထုတ်ဝေမည်

နယူးလိုက်အော့ဖ်မြန်မာသတင်းစာ စာတည်းအဖွဲ့က သင်ရိုးညွှန်းတမ်းများနှင့်အညီ ပြုစုထားသည့် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း ကျောင်းသူ/သားများ အတွက် အင်္ဂလိပ်စာအထောက်အကူပြု Student's Companion စာစဉ်များကို ၂၀၀၄ ခုနှစ် ဇူလိုင်လဆန်းမှ စတင်၍ ပြန်လည်ထုတ်ဝေမည်။

ယခင်နှစ်များနည်းတူ ဇူလိုင်လမှ ဒီဇင်ဘာလအထိ(၆)လတာ ကာလအတွင်း အလယ်တန်း (ခုနစ်တန်းမှ ရှစ်တန်း)အတွက် တစ်စောင်၊ အထက်တန်း(၉တန်း-၁၀တန်း)အတွက် တစ်စောင်၊ တစ်လလျှင်တစ်ကြိမ် နှုန်းဖြင့် (၆)ကြိမ် ပုံမှန်ထုတ်ဝေမည်။ ... နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်၊ ... အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့။ ဖုန်း ၂၄၃၀၁၆၃ သို့ ဆက်သွယ်မှာယူနိုင်ပါပြီ။

အကျယ်	ဂါလံ	လက်ကားဈေးနှုန်း
22"	17	2000 Ks
26"	28	3000 Ks
30"	50	5000 Ks

ရွှေနဂါးရေစည်ပိုင်းများကို လက်ကားဝယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။
DecadeTrading Co., Ltd. Tel : 01-708235 Fax : 540393

စန္ဒရားသင်တန်းဆရာမအလိုရှိသည်
(ပြည်တွင်း၌သာကျပ်ငွေဖြင့်ခန့်ထားရန်)

စန္ဒရားနှင့်အော်ဂင်ကို အိမ်တိုင်ရာရောက် ကျွမ်းကျင်စွာသင်ကြားပေးနိုင်သော အမျိုးသမီးဆရာမတစ်ဦးအလိုရှိသည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူ ပါရမည်။

ဆက်သွယ်ရန်– မကြင်ကြင်
ဖုန်း–၂၂၉၁၃၀၊ ၂၂၅၂၉၂
(ရုံးချိန်အတွင်း)။

ရှမ်းဆရာများထိုင်းဆေးခန်း

ကန့်ကွက်နိုင်ရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ မုန်နီဇလုပ်အနောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–၅၃၂/A၊ မြေကွက်အမှတ်(၁၈/c)၊ ဧရိယာ(၁၀၀ပေx၃၀၀ပေ) ရှိ ဥယျာဉ်ခြံမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ညွန့်ညွန့်ရီ (CF-၀၃၅၀၉၄)ဆိုသူမှပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေနှင့်အကျိုးခံစားခွင့် အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေသည် ဒေါ်ညွန့်ညွန့်ရီထံမှ ဝယ်ယူရန်စရံငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဤအရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်းမူရင်းများနှင့်အတူကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် (၇)ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်မိမိလှိုင် (LL.B) စဉ်–၅၃၅၄
အမှတ်(၃/ခ)၊ ၃၅လမ်း(အောက်)၊ မြေညီထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကိုတင်မြင့်နီ [၁၂/ပဘတ(နိုင်)၀၂၅၈၁၂]နှင့်အများသိစေရန်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မမီမီသန်း (အလုပ်သင်ဆရာဝန်)နှင့် ကိုတင်မြင့်နီတို့သည် နှစ်ဖက်မိဘများ စီမံမှုဖြင့် ၁၉–၅–၂၀၀၃ နေ့က စေ့စပ်ကြောင်းလမ်းခဲ့ကြပါသည်။ ယင်းသို့စေ့စပ်ကြောင်းလမ်းပြီး နောက်ပိုင်းတွင် ကိုတင်မြင့်က စေ့စပ်ကြောင်းလမ်းထားသည့်ကိစ္စကို တစ်ဖက်သတ်ဖျက်သိမ်းခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏အမှုသည်နှင့် ကိုတင်မြင့်နီတို့ စေ့စပ်ထားသည့်ကိစ္စမှာ ပျက်ပြယ်သွားပြီဖြစ်ကြောင်းနှင့် အဆိုပါကိုတင်မြင့်နီ၏တရားမဲ့လုပ်ဆောင်မှုများအပေါ် ဥပဒေနှင့်အညီ အရေးယူသွားရန် ကျွန်ုပ်အား လွှဲအပ်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးကိုနီ
B.A (Law), LL.B
တရားရုံးချုပ်ရှေ့နေ (စဉ်–၁၈၄၇)
Lavrel၊ ဥပဒေအတိုင်ပင်ခံလုပ်ငန်း
အမှတ်(၁၂၈)၊ (၄၁)လမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၂၄၅၇၈၄။

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် ခင်မောင်ကျော် (J/RGN–၀၀၈၁၇၄)နှင့် သွယ်မာသိန်း [၁၂/မဂတ(နိုင်) ၀၀၂၉၉၉]တို့သည် ၄–၃–၂၀၀၄နေ့တွင် တာမွေမြို့နယ်တရားရုံးတွင် ကွာရှင်းပြီးဖြစ်ပါ၍ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ခင်မောင်ကျော်
(J/RGN–၀၀၈၁၇၄)။

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၀ဂျေ၂၊ မြေကွက်အမှတ်(၂၈)၊ မြေဧရိယာ(၀ဒသမ၀၆၂)ဧက၊ မြေအကျယ်အဝန်း (၁၃၇'-၀"x ၅၁'-၆")ရှိ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်ဟုခေါ်တွင်သော ဗိုလ်တထောင်ဈေးလမ်း (ယခင်–အီဒင်လမ်း)၊ အဆောက်အအုံအမှတ်(၂၂၃)နှင့် (၅၆)လမ်းရှိ အဆောက်အအုံအမှတ်(၅၀)တို့၏ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ဗွီပါတ်ကီးမ္မာ (CI–၀၅၂၈၂၂)ကိုင်ဆောင်သူက ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး (မှတ်ပုံတင်စာချုပ်အမှတ် ၅၄၀/၅၃ (၂၃–၅–၅၃)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။

အထက်ပါမြေကွက်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဗွီပါတ်ကီးမ္မာ ကွယ်လွန်ပြီးနောက် အမွေဆက်ခံကြသူ သား၊ သမီးတို့၏သဘောတူညီခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ငှားရမ်းခြင်းများ မပြုလုပ်ရန်နှင့် လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဘာလာကစ္စနား
[၁၂/ပဇတ(နိုင်)၀၂၅၈၁၆]
အမှတ်(၂၂၃)၊ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးကိုဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌
၂၀၀၃ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၉၂

ဦးမြင့်စိုး	**နှင့်**	**၁။ ဒေါ်မြင့်မြင့်စော(မ–၉၄၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်။**
ဒေါ်ခင်လှမြိုင်		
အတူနေလင်မယား		**၂။ ဦးလှဝင်း(မ–၅၂၊ ရွှေတိဂုံဘုရားလမ်း၊(မ–၉၄၊ ရန်ကုန်မြို့။**
သမိန်ဗရမ်းလမ်း		
တာမွေမြို့နယ်၊ ရန်ကုန်မြို့။)		**၃။ ဦးတင်စိုး(မ–၂၆၁(က)၊ ၅လမ်း၊ ၁၅ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
တရားလိုများ		တရားပြိုင်များ

အထက်ပါအမှုမှတရားပြိုင်များဖြစ်ကြသော ဒေါ်မြင့်မြင့်စော၊ ဦးလှဝင်း၊ ဦးတင်စိုး(ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင့်အပေါ်တရားလိုများဖြစ်ကြသော ဦးမြင့်စိုးနှင့်ဒေါ်ခင်လှမြိုင်တို့က နှစ်ဦးသဘောတူကတိပဋိညာဉ်အရ တရားပြိုင်များကပေးရန် သဘောတူညီထားသည်။ နစ်နာကြေးငွေ–၁၀၀၀၀၀၀ိ/ကျပ် ရလိုကြောင်းလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ခုနှစ် ဇူလိုင်လ(၁၅)ရက်၊ (၁၃၆၆ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ရက်နေ့)မွန်းမတည့်မီ နံနက်၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်နုတ်၍တစ်ဖက်သတ် စစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

၂၀၀၄ခုနှစ် ဇွန်လ(၁၈)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ထွန်းဝေ
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်တီ(၈၄)နှစ်(မိတ္ထီလာ)

United Engineering Co.,Ltd. မှ General Manager ဦးတင်စိုး၏မိခင် ဒေါ်တီသည် ၃၀–၆–၂၀၀၄ရက်တွင် မိတ္ထီလာမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **United Engineering Groups of Companies မှဝန်ထမ်းများ။**

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်သန်း
အသက်(၆၁)နှစ်
ဖျာပုံမြို့

ဦးအောင်သန်း ဥက္ကဋ္ဌ–ဇင်းဘောင်ကုမ္ပဏီလီမိတက်၊ ဥက္ကဋ္ဌ– မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဖျာပုံခရိုင်အသင်းခွဲသည် ၃၀–၆–၂၀၀၄နေ့တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ဖျာပုံခရိုင်၊ ဖျာပုံမြို့။

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်သန်း
အသက်(၆၁)နှစ်
ဖျာပုံမြို့

ဦးအောင်သန်း ဥက္ကဋ္ဌ–ဇင်းဘောင်ကုမ္ပဏီလီမိတက်၊ ဥက္ကဋ္ဌ–မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဖျာပုံခရိုင်အသင်းခွဲသည် ၃၀–၆–၂၀၀၄နေ့တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ဖျာပုံမြို့နယ်၊ ဖျာပုံမြို့။

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်သန်း
အသက်(၆၁)နှစ်
ဖျာပုံမြို့

ဦးအောင်သန်း ဥက္ကဋ္ဌ–ဇင်းဘောင်ကုမ္ပဏီလီမိတက်၊ ဥက္ကဋ္ဌ–မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဖျာပုံခရိုင်အသင်းခွဲသည် ၃၀–၆–၂၀၀၄နေ့တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။

–ဒါရိုက်တာအဖွဲ့
ဇင်းဘောင်ကုမ္ပဏီလီမိတက်၊ ဖျာပုံမြို့။
–ပင်လယ်ကျားပိုက်လုပ်ငန်းရှင်များအသင်း၊ ဖျာပုံမြို့နယ်။
–မြန်မာနိုင်ငံဆန်ကုန်သည်များအသင်း၊ ဖျာပုံမြို့နယ်။
–မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဖျာပုံမြို့နယ်အသင်းခွဲ။
–မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဘိုကလေးမြို့နယ်အသင်းခွဲ။
–မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ ကျိုက်လတ်မြို့နယ်အသင်းခွဲ။
–မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဒေးဒရဲမြို့နယ်အသင်းခွဲ။

HELLO ! TOYO

- TOYO
- ရန်ကုန်ရုံးချုပ် ☎ – 223733, 701719, 701720, 212674
- မန္တလေးရုံးခွဲ ☎ – 02 32248, တောင်ကြီးရုံးခွဲ ☎ – 081 22523

NIKKO INSTITUTE OF BEAUTIFICATION

Nikko Institute of Beautification
No.160, 3rd Floor, M.G.M Hotel, Wardan Street, Lanmadaw Tsp., Yangon. Ph: (95-1) 221342, 210002
No.411, Pyay Road, Kamayut Tsp., Yangon. Ph: (95-1) 524979. E-mail:

အင်္ဂလိပ်စကားပြော

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြေညာချက်

ထားဝယ်အသင်း
ဦးလှဘို (၈၁)နှစ်
သက်ကြီးပူဇော်ခံ(ထားဝယ်)

ရန်ကုန်မြို့၊ အမှတ်–၁၅/ခ၊ (၅၆)လမ်း၊ လမ်းတို၊ ပုဇွန်တောင်မြို့နယ်နေ ဒေါ်ရင်လှ၏ချစ်လှစွာသောခင်ပွန်း၊ အသင်းဝင်အမှတ်(၆၇၄)သည် ၂၉–၆–၂၀၀၄နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၁–၇–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ထားဝယ်အသင်းသူ၊ အသင်းသားများအား အကြောင်းကြားပါသည်။ အမှုဆောင်အဖွဲ့။

ပုသိမ်အသင်း (ရန်ကုန်)
ဦးမြင့်ဝင်း
အသက်–၆၀(ပုသိမ်)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၉၉–အေ၂/၁)၊ သံလွင်လမ်းနေ အသင်းနာယက ဒေါက်တာ ဒေါ်ခင်အေးမူ၏ ခင်ပွန်းသည် ၂၉–၆–၂၀၀၄ရက်တွင် နေအိမ်၌ကွယ်လွန်ပါ၍ ၁–၇–၂၀၀၄ရက် နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့။

တိုက်ကြီးမြို့နယ်အသင်း
ဒေါ်လှလှ
အသက်(၈၇)နှစ်

တိုက်ကြီးမြို့၊ ရှမ်းဖက်ရပ်နေ (ဦးကြာဖံ–ဒေါ်သိန်းရွှေ)တို့၏သမီးကြီး တိုက်ကြီးမြို့နယ်၊ ရာသက်ပန်အသင်းဝင်(ည/၃၅၁)အပူဇော်ခံအဘွား ဒေါ်လှလှသည် ၂–၇–၂၀၀၄နေ့ နံနက် ၃နာရီတွင် ကွယ်လွန်ပါ၍ ယင်းနေ့တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့။

အလ္လာအရှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီဦးရာကွတ်
လဆန်းနီးယား(ခ)
ဟာဂျီဦးကျော်ကျော်ဦး
အသက်(၅၂)နှစ်

မန္တလေးမြို့၊ ၈၃–၈၄ကြား၊၂၅–၂၆ကြား၊ သရဖီပင်လက်ကျားနေ (ဟာဂျီဦးအီစမာန်အင် လဆန်းနီးယား–ဟာဂျီမဒေါ်ဟဝါး ဘီဘီလဆန်းနီးယား)တို့၏သား (ဦးစလီမာမတ်–ဒေါ်ဖိုဘေဓာဘီ)တို့၏သားသမက်၊ အစ္စလာမ်းဘိုင်(ခ)ကိုကျော်ဝင်း–ခတီကာဘီဘီ(ခ)မနီနီဝင်း၊ ဟာရွှန်ဘိုင်–မရေဟာနား၊မိုဟာမွက်ဂျာဝတ်–ပရာဝင်း၊ ဟာဆန်ဘိုင်–ရွှတ်စာနား၊ အီလီယာတ်–ဇိုဘေဓါဘီ၊ ဖော်ဇီယားဘီဘီ၊ အီစမာန်အင်တို့၏ မွေးသဖခင်၊ မြေး (၁၀)ယောက်တို့၏ အဘိုး ဟာဂျီမဒေါ်ဂိုရီ(ခ) ဒေါ်တင်တင်ဝင်း၏ ခင်ပွန်းဖြစ်သူသည် ၃၀–၆–၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင်အလ္လာ အရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ (၁–၇–၂၀၀၄) ရက်ဇာဟိုနမာက်အပြီးတွင် တော်မြင့်ကဘာရ် စသာန်၌ဒါဖနာပြီးစီးပါကြောင်း ရပ်နီး၊ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

အိမ်အရောက်လပေးဖြင့်
မြန်မာထမင်း မြိန်မြိန်စားလိုပါက
ဆက်သွယ်ပါ
ဖုန်း – ၂၉၀၁၆၉၊

ဒေါ်မမခင်
အသက်(၉၅)နှစ်
(ဆကာကြီး)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ် ၂/၂၈၅၊ ဗိုလ်ချုပ်လမ်းနေ (ဦးစောလှိုင်–ဒေါ်ကြိတ်ဆုံ)တို့၏ သမီးကြီး (ဦးကံညွန့်)၊(အုန်းခြံဝန်ထောက်၊မုဒုံ)၏ ဇနီး၊ ဒေါ်စိန်ဥ၊ (ဒေါ်သန်းကြည်)၊ (ဦးအုန်းခင်)–ဒေါ်စန်းရီ တို့၏အစ်မကြီး၊ ဒေါ်တင်တင်ဦး၊ ဦးမြင့်ဌေး(အခွန် ဦးစီးမှူး–ငြိမ်း)–ဒေါ်မြင့်မြင့်သန်း (အထက်တန်းရှေ့နေ)၊ ဦးအေးကို(ရွှေအေးကို၊ ပန်းချီဗီဒီယို)– ဒေါ်သန်းသန်းစိုး၊ ဦးသန့်ဇင်–ဒေါ်ခင်အုံးကြည် (အဝေးသင်တက္ကသိုလ်)ဦးတင်ထွဋ်(ပန်းချီသန္တိသုခ) – ဒေါ်ဝေဝေလှိုင်(CB ဘဏ်ခွဲ ဆိပ်ကမ်းသာလမ်း)၊ ဦးရဲထွဋ်–ဒေါ်လှလှရီတို့၏ အဒေါ်မြေး (၁၁)ယောက်တို့၏ အဖွားသည် ၁–၇–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၇ နာရီ ၃၀မိနစ်တွင် ကွယ်လွန်ပါ၍ ယင်းနေ့မွန်းလွဲ(၁) နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူ မိသားစု

ဦးကျော်ဇောမောင်(၃၈)နှစ်
NOBEL ဟိုတယ်
စစ်တွေ

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ မြို့သစ်ရပ်ကွက်နေ ဦးဦးမောင်–(ဒေါ်အောင်စိန်ညွန့်)တို့၏ဒုတိယသား၊ စစ်တွေမြို့၊ အမှတ်၆/၁၇၆၊ မင်းဘာကြီးလမ်း၊ အောင်မင်္ဂလာရပ်ကွက်နေ ဦးမောင်ရီ–ဒေါ်ဦးညိုတို့၏သားသမက်၊ မခင်မေ၏ခင်ပွန်း၊ ခင်မိုးမိုးဝေ၏ဖခင်၊ အမှတ်(၂၅၆)၊ သမိန်ဗရမ်းလမ်း(၃၇)ရပ်ကွက်၊ မြောက်ဒဂုံနေ ဦးအေးထွန်း–ဒေါ်မြရီတို့၏မောင်၊ ဦးထွန်းအေး–ဒေါ်အေးခိုင်သိန်း၊ ဦးအောင်နိုင်ဝင်း၊ ဦးစောဝင်းနိုင်၊ မောင်သန်းနိုင်၊ သန်းထွန်းနိုင်၊ မသန်းသန်းနွယ်တို့၏ညီအစ်ကို၊ တူ၊ တူမ ငါးယောက်တို့၏ ဦးလေးသည် ၂–၇–၂၀၀၄(သောကြာနေ့)နံနက် ၆နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၄–၇–၂၀၀၄ (တနင်္ဂနွေ)နေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(မြောက်ဒဂုံနေအိမ်မှ ကားများနံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကြင်ပြုံး (၉၇)နှစ်
(ကွမ်းခြံကုန်း)

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ (၂၅)လမ်း၊ အမှတ်(၆၆)နေ ဦးကျော်လှိုင်−(ဒေါ်မြသန်း)၊ ဒေါ်ပြုံး၊ ဦးကျော်မြိုင်(S.F.O)−ဒေါ်အေးအေး၊ ဦးကျော်ခိုင်(မြန်မာ့အလှဆောက်လုပ်ရေး)၊ (Golden Beach Hotel Chaung Tha)−ဒေါ်ခင်ခင်အေး(ရွှေဆောင်ပုံနှိပ်တိုက်)၊ ဦးကျော်စွာ−ဒေါ်မြမြသွင်တို့၏ မွေးသမိခင်၊ ဦးအောင်ကျော်ဦး−မဂီ(Art Man Co., Ltd. & IDEA Co.,LTD.)၊ ဒေါက်တာအောင်ကျော်ထူး(Bakerstield Gen; Hospital)၊ ဦးအောင်ကျော်ဖြူး−မတယ်မီ၊ မောင်အောင်ကျော်ကျော်(ဆေး−၁)၊ မောင်ဖြိုးဝေခိုင်(UC Berkeley)၊ မောင်တေဇာခိုင်၊ မောင်ထိန်လင်းခိုင်၊ မောင်ထိန်ဝင်းခိုင်၊ မြေး ၁၁ယောက်၊ မြစ်ငါး ယောက်တို့၏ ဘွားဘွားကြီးသည် ၃−၇−၂၀၀၄ရက် ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၇−၇−၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေး တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်ကြည် (၈၃)နှစ်
(ညောင်ဦး)

ရန်ကုန်မြို့၊ အမှတ်(၁၃)၊ သစ်ခွပန်းလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးဘထူး−ဒေါ်ဖွားသင်)တို့၏ သမီး၊ (ဦးစံမြင့်−ဒေါ်ကျင်နှစ်)တို့၏ သမီးချွေးမ၊ (ဦးငွေကြိုင်)၏ ချစ်လှစွာသောဇနီး၊ (ဒေါက်တာကျော်မင်း)−ဒေါ်တင်ရီ၊ (ဦးစိုးတင့်)−ဒေါ်တင်ရွှေ၊ ဒေါက်တာကျော်ညွန့်(ကလေးခွဲစိတ်အထူးကု ဆရာဝန်ကြီး)−ဒေါက်တာလှလှ(ခိုင်ဆေးခန်း)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၃ ယောက်တို့၏ အဘွား၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ကြည်သည် ၂−၇−၂၀၀၄ရက် နံနက် ၅း၀၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၄−၇−၂၀၀၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါက်တာအောင်ဆန်း (ဒါးက)
အသက်(၅၈)နှစ်

ဧရာဝတီတိုင်း၊ ကန်ကြီးဒေါင့်မြို့နယ်၊ ဒါးကမြို့နေ (ဦးဘငွေ−ဒေါ်သိန်းညွန့်)တို့၏ သား၊ ဦးခွေးယ−(ဒေါ်တင်ရှိန်)၊ ဒေါ်တင်ခန့်တို့၏ မောင်၊ ဒေါက်တာချိုနွယ်အေး၏ ခင်ပွန်း၊ ဦးရဲထွဋ်အောင်(အင်္ဂလိပ်စာဌာန ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)၊ မောင်ရဲထက်အောင်တို့၏ ဖခင်သည် ၂−၇−၂၀၀၄ (သောကြာနေ့) ညနေ ၃နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၄−၇−၂၀၀၄ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ဒါးကသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်သောင်းကြည်(၇၇)နှစ်
(ထန်းမနိုင်၊ မှော်ဘီ)

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီ(၃)လမ်း၊ အမှတ်(၆၂၇/A)နေ (ဦးအောင်လှ−ဒေါ်စိမ်းညွန့်)တို့၏ သမီး၊ [ဦးသောင်းညွန့် (ဗိုလ်ကြီး၊ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဦးတင်ဝင်း (အင်ဂျင်နီယာ)−ဒေါ်အေးဝင်း(နှင်းဝေဝေစတိုး၊ အမှတ်(၂၂၉)၊ ၄ဝါလမ်း၊ အလုံ)တို့၏ မွေးသမိခင်၊ မမေနှင်းအေး(1st Yr E.P.H)၊ မောင်ဖြိုးဝေဝင်း(XB TTC)တို့၏ ချစ်လှစွာသောအဘွားသည် ၂၉−၆−၂၀၀၄(အင်္ဂါနေ့)တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ (ကွယ်လွန်သူအားရည်စူး၍ ၅−၇−၂၀၀၄ရက်တွင် အထက်ပါရွှေနှင်းဆီ(၃)လမ်းနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ကြပါရန် ဖိတ်ကြားပါသည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

ဒေါ်သောင်း (၇၆)နှစ်
(ခရမ်း)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၉၄)နေ၊ (ဦးစိန်လှအောင်)၏ ချစ်လှစွာသောဇနီး၊ ဦးကိုကြီး−(ဒေါ်ဝင်း)၊ ဦးထွန်းကြည်−(ဒေါ်သန်းကြည်)တို့၏ ချစ်လှစွာသော ညီမ၊ (ဦးသောင်း)−ဒေါ်တင်အေး၊ ဦးမောင်ရွှေ−ဒေါ်သန်းစိန်တို့၏ ချစ်လှစွာသောအစ်မ၊ ကိုငွေအောင်−မကြည်ကြည်လွင်၊ ကိုစိန်ဝင်း−မခင်နှင်းဆီ၊ မသဇင်အောင်၊ ကိုအောင်နိုင်စိန်−မခင်ဆန်းဝင်း၊ ကိုဇော်ဝင်းအောင်−မခင်စန်းလွင်တို့၏ ချစ်လှစွာသောမိခင်၊ မြေး၁၁ယောက်နှင့် မြစ်နှစ်ယောက်တို့၏ အဘွားသည် ၂−၇−၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၆−၇−၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှလှမွေး (၄၁)နှစ်
အမက(၂၁) ဟင်္သာတ

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့၊ အမှတ်(၃၉၀)၊ ဈေးကလေးလမ်း၊ တာငါးဆယ်တောင်နေ ဦးလှမြင့်−ဒေါ်ငြိမ်းမြတို့၏ သမီး၊ ဦးအေးကို−ဒေါ်ညွန့်ညွန့်တို့၏ သမီးချွေးမ၊ ဦးသိန်းထွဋ်ဦး(ဟိုတယ်/ခရီး၊ ဟင်္သာတ)၏ ဇနီး၊ ဦးလေးလွင် (ကျန်းမာရေးမှူး) − ဒေါ်သန်းသန်းအေး (အထက၊ ဒူးယား)၏ ညီမ၊ ဦးဇော်လင်းအောင်(ခရိုင်စာရင်းရုံး)−ဒေါ်စံပယ်စိုး (မြန်မာ့ဂုဏ်ရှော်)၊ မောင်ဇော်မင်းစိုးတို့၏အစ်မ၊မသင်းခိုင်ဝေ၊မောင်ညီထက်ဇော်တို့၏မိခင် ဒေါ်လှလှမွေးသည် ၃−၇−၂၀၀၄ရက်တွင် ဦးနှောက်နှင့် အာရုံကြောဆေးရုံကြီး ရန်ကုန်မြို့၌ ကွယ်လွန်သွားပါ၍ ၅−၇−၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်(၂၃၇)၊ ... သုဝဏ္ဏနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းအမ

ဒေါ်ကျင်စွမ်(ခ)ဒေါ်ရင်ရင်
အသက်(၈၈)နှစ်

(ပဒေသာရပ်ရှင်)

ရန်ကုန်မြို့၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၁၁၀)နေ (ဦးစံရ−ဒေါ်ကြွေ)၏ သမီး၊ (ဦးထွန်းလင်း)၏ ဇနီး၊ ဒေါ်ကျင်အေး၊ (ဦးကျင်သိန်း)၏ ညီမ၊ ဦးမြတ်စံ−ဒေါ်တုတ်တုတ်၏အစ်မ၊ ဒေါ်သန်းသန်းညွန့်−(ဦးတင်ထွေး)၊ ဒေါ်သန်းသန်းငွေ−ဦးတင်မိုး၊ ဒေါ်စန်းစန်းတင့်−ဦးမောင်မောင်တို့၏မိခင်၊ သူရိန်တင်ထွေး၊ ဇော်ရဲမြင့်၊ ကဋ္ဌနာမြတ်မြတ်ထွေး၊ ကလျာမြတ်မြတ်ထွေး၊ မြင့်မိုရ်မောင်တို့၏ အဘွားသည် ၃−၇−၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၅−၇−၂၀၀၄ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်(၉)၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်းနှင့် အမှတ်(၂၇၃)၊ ပန်းဆိုးတန်း၊ ပဒေသာရုပ်ရှင်မှလည်းကောင်း၊ အမှတ်(၁၆၆)၊ ဗိုလ်ချုပ်လမ်းနှင့်အမှတ်(၁၁၀)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ကန်တော်ကလေးနေအိမ်များ မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဦးစန်းအောင်ဦး (၇၄)နှစ်
(အဖျောက်)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၂၀)၊ပန်းလှိုင်လမ်း၊ ဆေး/ ငြိမ်း ရပ်ကွက်နေ (ဦးမောင်ဦး−ဒေါ်စိန်မြ)တို့၏ သား၊ ဦးအောင်မြတ်သူ−ဒေါ်သင်းသင်းစိုး၊ ဦးအောင်ကျော်ထူး−ဒေါ်အေးအေးမြင့်၊ မမိုးဦး၊ ကိုခင်အောင်စိုး−မလေးလေးနွယ်၊ ကိုဇော်ဝင်းလှိုင်တို့၏ ဖခင်၊ မြေးသုံးယောက်၏အဘိုး၊ ဒေါ်တင်အိ၏ ခင်ပွန်း ဦးစန်းအောင်ဦးသည် ၃−၇−၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၅−၇−၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်နော်စီးယိုပေါလ်
အသက်(၅၀)

လဝက၊ မင်္ဂလာဒုံ

ရန်ကုန်မြို့၊ ပတ္တမြားမြို့သစ်၊ အမှတ်(၉)၊ မြအေးချမ်းလမ်းနေ (ဦးစောပေါလ်)−ဒေါ်ငွေလှိုင်တို့၏သမီး၊ ဦးစစ်ထွန်း(ခ)သိန်းဝင်း(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၏ ဇနီး၊ မောင်ထင်လင်း၊ မောင်ဝင်းသူတို့၏မွေးသမိခင်၊ ဦးစောမူးရာပေါလ်၊ဦးစောလောဘာပေါလ်၊ဦးစောမူးလယ်ပေါလ်တို့၏ညီမ၊ ဦးစောလယ်ဒိုပေါလ်၊ ဦးစောစူပေါလ်၊ ဒေါ်နော်ဒက်ဖနီပေါလ်တို့၏ အစ်မသည် ၃−၇−၂၀၀၄ (စနေနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၅−၇−၂၀၀၄ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးကရင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစောဖေ (၉၃)နှစ်
(မြိတ်)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်းနှင့်ဘုန်းကြီးလမ်းထောင့်၊ အမှတ်(၅၁၆/၅၁၈)၊ (၇)လွှာနေ (ဒေါ်ကြင်မေ)၊ (ဦးသံလုံး−ဒေါ်ခင်)တို့၏ သားကြီး၊ (ဦးဟေးရား−ဒေါ်ဖွားမေ)တို့၏သားသမက်၊ (ဒေါ်ကြင်မြိုင်)၏ ခင်ပွန်း၊ ပါမောက္ခDr.စိုးမောင်(ငြိမ်း/အကြောအဆစ်)၊ ဦးဖေသန်း(ငြိမ်း၊ လယ်/ရှင်း)−ဒေါ်ယုတင်၊ Dr.ဖေဝင်း−ဒေါ်တင်တင်အုံး(ငြိမ်း၊ ဗဟိုသုတေသန)၊ (ဦးညွန့်ရင်)၊ ဦးသန်းဇော်−ဒေါ်တင်တင်ဌေး(ဖြိုးမောက်ကုမ္ပဏီ)၊ ဒေါ်ရီရီဌေး(ငြိမ်း၊ အထပြ၊ ထ−၁၊ လမ်းမတော်)၊ Dr.ကျော်ဆန်း(အရိုးအထူးကုဆရာဝန်ကြီး၊ မြိတ်ဆေးရုံ)−ဒေါ်မာလာဆွေ၊ ဦးသိန်းထွေး−ဒေါ်အေးအေးသီ၊ ဦးဝင်းထိန်−ဒေါ်အေးအေးယု (Power Wing Co., Lld.)တို့၏ ကျေးဇူးရှင်မွေးဖခင်သည် ၃−၇−၂၀၀၄(စနေနေ့) နံနက် ၆း၁၀နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၅−၇−၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် မြိတ်အသင်းမှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမင်းဟန် (၈၉)နှစ်
အင်ဂျင်နီယာ(ငြိမ်း)၊ (ယခင်ဘီအိုစီ−သန်လျင်)

သန်လျင်မြို့နေ (ဦးအဖောင်−ဒေါ်လှမင်း)တို့၏သား၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ရွာနေ (ဦးသိန်းမောင်−ဒေါ်မယ်ရင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း(၁)လမ်း၊ အမှတ်(၃/၈)နေ ဒေါ်သောင်းမြင့်၏ ခင်ပွန်း၊ ဒေါ်ညိုညိုဝင်း၊ ဦးဘုန်းမြင့်−ဒေါ်ကြည်ပြာမင်းဟန်၊ ဦးမြင့်ဟန်၊ ဦးအောင်မြင့်−ဒေါ်ဖြူဖြူမင်းဟန်၊ ဦးအောင်ဝင်း−ဒေါ်နီနီမင်းဟန်တို့၏ ဖခင်၊ ကိုဟန်ဝင်းမော်−မဇင်နီအောင်၊ ကိုထွန်းထွန်းအောင်−မဇင်သီအောင်၊ ကိုသက်နိုင်−မစုဘုန်းမြင့်၊ မောင်ကျော်ငြိမ်း၊ မနိုနိုအောင်ဝင်းတို့၏ဘိုးဘိုး၊ မြစ် သုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂−၇−၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၄−၇−၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှစိန် အသက်(၈၀)
မြမြဝင်းပုံနှိပ်တိုက်၊ (မုဒုံ)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ်(၃၁၁/၃၁၃)နေ [ဦးလူရှိန်−ဒေါ်ထွန်းမေ(ခ)ဒေါ်ကွန်နွတ်]တို့၏ သမီး၊ (ဦးထွန်းအောင်−ဒေါ်စောခင်)တို့၏သမီးချွေးမ၊ (ဦးသန်းညွန့်−ပညာတန်ဆောင်)၏ ဇနီး၊ ဒေါက်တာမေစီ−ဦးအာယု(သီရိဇေယျသကြားစက်၊ မန္တလေး)၊ ဒေါက်တာကျော်မြင့်ဦး−ဒေါ်ရွှေစင်ထွေး၊ ဒေါ်ကြည်ကြည်ညွန့်(အထက်တန်းပြ၊ အထက−၄၊ အလုံ)−ဦးလှအောင်(လက်ထောက်အင်ဂျင်နီယာချုပ်၊ မြို့ပြ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)၊ ဦးမျိုးမြင့်(ပညာတန်ဆောင်)−ဒေါ်စန်းစန်းဝင်း(အထက−၄၊ အလုံ၊ ငြိမ်း)၊ ဒေါ်အိ(ကထိက၊ သင်္ချာဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)−ဦးစိုးတင့်(ဒုတိယညွှန်ကြားရေးမှူး၊ အကျဉ်းဦးစီးဌာန)၊ ဒေါက်တာအောင်မြင့်ဦး(တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)−ဒေါ်မိတင်တင်စိုးအေး(ကထိက/ဌာနမှူး၊မြန်မာစာဌာန၊ ဆေးတက္ကသိုလ်−၁)တို့၏ချစ်လှစွာသောမိခင်၊ ဒေါက်တာသုဝဏ်(အလုပ်သင်ဆရာဝန်၊ မန္တလေးဆေးရုံကြီး)၊ မောင်မင်းဇော်ထွဋ်၊ မပန်းဖြူ (2nd, MB,I.M.M)၊ ဗိုလ်လောင်းပြည့်ဖြိုးအောင်(2nd. M.B၊ တပ်မတော်ဆေးတက္ကသိုလ်)၊ မအေးဆုမြတ်သွယ်(ပ−နှစ်၊ ကွန်ပျူတာတက္ကသိုလ်)၊ မဖြူထွေး(အထက−၁၆၊မန္တလေး)၊ မင်းချမ်းမွန်ညိမ်(T.T.C)၊မလဲ့ရည်မျိုး(X-A၊ အထက−၄၊ အလုံ)၊ မိသက်ငုံဦး(VII-I,T.T.C)၊ မောင်သက်ထွန်းအောင်(VII-I, TTC)တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၃−၇−၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၅−၇−၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်သန်း အသက်(၆၀)
စိန်ပေါ(လ်)ကျောင်းသားဟောင်း

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာ ကိုးလုံးကွင်းစံပယ်လမ်းနေ (ဦးသိန်းအောင်−ဒေါ်အေး)တို့၏ သား၊ ဒေါ်အေးအေးမြင့်၏ ခင်ပွန်း၊ ဦးစိုးမြင့်၏ညီ၊ ဦးလှမြိုင်−ဒေါ်စန်းမြင့်(ပထစ)၏ အစ်ကို၊ ကိုတင်မျိုးအောင်−မဝင်းကလျာဦး၊ ကိုထိုက်တန်တိုး−မစန္ဒာအောင်၊ မောင်ကိုကိုလတ်−မဝါဝါအောင်၊ မောင်နေလင်း−မမြမြသင်းတို့၏ ဖခင်၊ မနှင်းအိအိခိုင်၏ဘကြီး၊ ကောင်းထက်သူ၏ အဘိုးသည် ၂−၇−၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၄−၇−၂၀၀၄ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုးအောင် (၅၈)နှစ်
တရားရုံးချုပ်ရှေ့နေ

(လက်ပံတန်း)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၇)လမ်း၊ အမှတ်(၁၄၀) တတိယထပ်နေ (ဦးလှစိန်−ဒေါ်အေးရှိန်)တို့၏ သားကြီး၊ ဒေါ်ဝင်းစမ်း၏ ခင်ပွန်း၊ (ဦးသန်းစိုး)၊ ဦးမောင်မောင်၊ ဦးအောင်မင်း(တွဲဖက်တိုင်း၊ အခွန်ဦးစီးမှူး၊ ပဲခူးတိုင်း)−ဒေါ်မြမြသန်း(တွဲဖက်ပါမောက္ခ၊မအူပင်တက္ကသိုလ်)၊ ကိုအောင်မင်းတို့၏အစ်ကိုကြီး၊မောင်ထွန်းဝင်းအောင်၊မသင်းသင်းစိုး(တနှစ်၊ ဓာတု)တို့၏ ဖခင်သည် အထက်ပါနေအိမ်၌ ၃−၇−၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၅−၇−၂၀၀၄ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုဇော်နိုင်ဦး (၃၃)နှစ်
(သက္ကလ)

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ သက္ကလရွာ၊ ဈေးလမ်းနေ ဦးပန်းနား−ဒေါ်လှကျင်၊ ဦးဟောက်လှိုင်− ဒေါ်ကျင်ရွှေတို့၏မြေး၊ ဦးဇော်ဝင်း − ဒေါ်သောင်းစိန်(ဆင်ညီနောင်ဆန်စက်)တို့၏ သားယယ်၊ ကိုဌေးအောင်−မသန်းနု၊ ကိုဌေးလွင်−မဖြူဖြူ၊ ကိုသက်နိုင်ဦး−မစန်းစန်းနွဲ့တို့၏ ညီ/မောင်၊ မခင်စန္ဒာဝင်း၊ ကိုဇော်မင်းဦး−မမြတ်သန္တာဝင်းတို့၏ အစ်ကိုသည် ၃−၇−၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၅−၇−၂၀၀၄(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ... သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ

ဦးမောင်ငယ်(ခ)ဦးညီငယ် (မိုးခိုင်ကြီး) အသက်(၈၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇမ္ဗူအေးဆရာတော် အရှင်တေဇိန္ဒ၏ ရဟန်းဒါယကာ၊ ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ မိုးခိုင်ကြီးကျေးရွာနေ (ဦးဖိုးသောင်−ဒေါ်စောလှ)တို့၏ သား၊ (ဦးထွန်းစိန်−ဒေါ်ဝက်)တို့၏ သားသမက်၊ အမှတ်(၉၉၅)၊ ရတနာပုံ(၁၁)လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်နေ (ဒေါ်မြကြင်)၏ ခင်ပွန်း၊ ဦးတင်လှ−ဒေါ်လှိုင်(သ/မဦးစီး)၊(ဦးမြင့်စိန်)−ဒေါ်စိုးစိုးမြင့်၊ ဦးသန်းညွန့်−(ဒေါ်သန်းသန်းစိန်)၊ ဦးတင်အောင်−ဒေါ်နုနုရီ(အမက−၁၀၊ သာကေတ)၊ ဦးတင်ဝင်း−ဒေါ်ခင်အေးကြည်၊ ဦးဝင်း မြင့်−ဒေါ်ခင်ကြည်ဝင်း၊ ရဲတပ်ကြပ်အေးဝင်း(ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး)−ဒေါ်သောဘီ၊ ဦးတင်မြင့်စိုး(စစစ)−ဒေါ်မြသီတာ၊ ဦးဇော်မင်းလွင်−ဒေါ်မြသန္တာ၊ ဦးမြင့်လွင်−ဒေါ်အိအိထွေးတို့၏ မွေးသဖခင်၊ မြေး၃၄ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၃−၇−၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၅−၇−၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးအုန်းကြိုင် အသက်(၇၀)
ဓနုဖြူ(ကျုံတနီး)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊(၁)လမ်း၊အမှတ်(၇၈/ဒီ)နေ (ဦးမောင်မှတ်−ဒေါ်ထွေးတင်)တို့၏ သား၊ (ဦးအုန်းဖေ−ဒေါ်ခင်တင့်)တို့၏ သားသမက်၊ ဦးကုန္ဒာသဘ၊ ဦးဝဇိရဉာဏတို့၏ ခမည်းတော်၊ (ဦးခင်အေး−ဒေါ်ခင်ဥ)တို့၏ ညီ၊ ဦးကြည်မြင့်−ဒေါ်အေးအေးကြူတို့၏ အစ်ကို၊ ဒေါ်ခင်သိန်း (မိသားစုဆေးဆိုးလုပ်ငန်း) ၏ ခင်ပွန်း၊ ဒေါ်ခင်စန်းမြင့်၊ ဦးသန်းလွင်−ဒေါ်မြတ်မြတ်ဦး၊ ဦးခင်မောင်လွင်−ဒေါ်ခင်ချိုချို၊ ဦးတင်ဌေးအောင်(စွမ်းအင်ဝန်ကြီးဌာန)−ဒေါ်တင်တင်ခိုင်၊ ဦးစိုးနိုင်တို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၃−၇−၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၄−၇−၂၀၀၄(တနင်္ဂနွေနေ့) ... နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (... ကားများ ... ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျင်စွမ်း (၈၇)နှစ်
(ပေါင်/မော်လမြိုင်)

မော်လမြိုင်မြို့၊ တိုက်(၁၉)၊ အခန်း(၆)၊ ပြည်တော်သာဝင်း၊ ဖက်တန်းရပ်နေ (ဦးစံကျော့−ဒေါ်စိန်)တို့၏သား၊ ဒေါ်ရှုဝါ၏ ခင်ပွန်း၊ ဒေါ်ရင်တီ၊ ဦးမြင့်လှိုင်−ဒေါ်တင်တင်နွဲ့၊ ဦးမြင့်နိုင်(အထွေထွေမန်နေဂျာ၊ တာယာစက်ရုံ၊ သထုံမြို့)−ဒေါ်ယဉ်ယဉ်ဌေး၊ ဒေါက်တာမြင့်အောင်−ဒေါ်မြင့်မြင့်ခိုင်၊ ဒေါ်ဌေးဌေးစန်း၊ ဦးမြင့်ခိုင်−ဒေါ်သီသီအေး၊ ဒေါ်ဌေးဌေးခိုင်တို့၏ ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၃−၇−၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၅−၇−၂၀၀၄ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ပါရမီကွန်ဒိုနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်နွဲ့ (၈၅)နှစ်
(မြိတ်ရာသက်ပန်အသင်းဝင်)

မြိတ်မြို့ဈေးတန်းရပ်နေ (ဦးဘဒွေး−ဒေါ်မြဆင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ (၁၃၃)ရပ်ကွက်၊ ပင်းယလမ်း၊ အမှတ်(၂၈၂)နေ (ဦးအုန်းမြ)၏ ဇနီး၊ ရန်ကုန်မြို့၊ (၁၃၇)လမ်းနေ (ဦးစံဝင်း)−ဒေါ်ထူးရှင်၊ မြိတ်မြို့ဈေးတန်းရပ်နေ (ဦးအုန်းသင်)−ဒေါ်အုန်းမြင့်တို့၏ ညီမ၊ (ဦးမောင်ဆင့်)၊ ဗိုလ်မှူးကြီးသန်းဌေး(လေ−ငြိမ်း) − (ဒေါ်အေးရှင်)၊ ဦးဘသန်း−ဒေါ်ခင်နုတို့၏ အစ်မ၊ ဦးအောင်ဝင်း−ဒေါ်ခင်ဌေးဝင်း၊ ဦးအောင်လွင်−ဒေါ်ကြည်စန်း(အထက−၂၊ ဒဂုံအရှေ့)တို့၏ မိခင်၊ မြေးငါးယောက်၏ အဘွားသည် ၃−၇−၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၅−၇−၂၀၀၄ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်မောင် (၈၄)နှစ်
ကုန်သွယ်ရေး(ငြိမ်း)

(ပြည်)

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အင်းစိန်လမ်း၊ အောင်မြေသာစည်အိမ်ရာ၊ တိုက်(၂)၊ အခန်း(၅၀၆)နေ (ဒေါ်အေးကြည်)၏ခင်ပွန်း၊ ဦးဇော်ဝင်း(ဆည်မြောင်း၊ ပြည်)−(ဒေါ်နုနုရီ)၊ (ဦးမျိုးဟန်)−ဒေါ်မြင့်မြင့်စိုး၊ ဦးတင်ဝင်း−ဒေါ်သန်းသန်းမြင့်၊ ဦးခင်ဇော်(စစစ၊ လှိုင်ကော်)၊ ဦးမျိုးခင်(YWIL)၊ ဦးခင်မော်(Golden Spectrun Co.,)၊ ဦးထင်ကျော်−ဒေါ်ဝင်းဝင်းမြတ်တို့၏ ကျေးဇူးရှင် ဖခင်ကြီး၊ ဦးခင်အောင်−ဒေါ်လွင်လွင်ဟန်၊ မသက်မွန်ဝင်း၊ မနွေသဲမာဝင်း၊ မောင်နေဇာဝင်း၊ မစုစန္ဒာဝင်း၊ ကေကေချင်းလုံ၊ ဇာနည်တို့၏ ဘိုးဘိုးကြီးသည် ၃−၇−၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၅−၇−၂၀၀၄ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နွဲ့ (၇၂)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း(၄၀) (အလယ်ဘလောက်)၊ အမှတ်(၂၂၁)၊ ပထမထပ်(ယာ)နေ ဦးနု၏ဇနီး၊ မဥမ္မာနု၊ (ကိုအေးဇော်)၊ မသီတာ၊ မခင်သန်းဝင်း−ကိုတင်ဝင်းလှိုင်၊ ကိုနေလင်း(ခ)Phillipnu၊ ကိုသက်နိုင်−မချိုချိုမာ၊ (ကိုသန့်ဇင်)−မရိန်မာ၊ ကိုတိုးနီနု−မကေသီနု၊ ကိုဌေးလင်းအောင်−မမြင့်စန္ဒာနု၊ကိုမောင်တို့၏ မွေးသမိခင်၊ မြေး၁၇ယောက်တို့၏အဘွားသည် ၂−၇−၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၄−၇−၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြကျင် (၆၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၂)ရပ်ကွက်၊ သခင်အုံးဖေကြီးလမ်း၊ အမှတ်(၁၀၆၉)နေ (ဦးစံရာ−ဒေါ်မြစိန်)တို့၏သမီး၊ ဦးကြည်မြင့်−ဒေါ်ခင်သို၊ ဦးစိုးအောင်−ဒေါ်တင်နှစ်၊ (ဦးသန်းရွှေ − ဒေါ်ခင်သန်းရွှေ)၊ ဦးကြည်ဝင်း−ဒေါ်ယဉ်ယဉ်မြင့်တို့၏ အစ်မကြီး၊ (ကိုကိုကြီး)၊ (မခင်မမ)၊ မလှလှ၊ (မောင်အောင်နိုင်)တို့၏ မွေးသမိခင်၊ တူ၊ တူမ ၁၉ယောက်တို့၏ကြီးကြီး၊ မြေး၃၄ယောက်တို့၏ ဘွားဘွားဒေါ်မြကျင်သည် ၂−၇−၂၀၀၄ရက်တွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၄−၇−၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် စံပြဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (စံပြဆေးရုံကြီးမှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

တောင်ငူမြို့၊ ဝိသုဒ္ဓါရုံသိမ်ဦးပရိယတ္တိစာသင်တိုက်၊ ပဓာနနာယကဆရာတော်

ဘဒ္ဒန္တ ဝိသာရဒပဏ္ဍိတ
အဂ္ဂမဟာပဏ္ဍိတ၊ ရွှေကျင်နိကာယဗဟိုဝန်ဆောင်

သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၁)နှစ်

ပဲခူးတိုင်း၊ တောင်ငူမြို့၊ မြို့ကြီးလမ်း၊ လောကုတ္တရာရပ်၊ ဝိသုဒ္ဓါရုံသိမ်ဦးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်၊ ရွှေကျင်နိကာယဗဟိုဝန်ဆောင်၊ ပဲခူးတိုင်းသံဃနာယက၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဝိသာရဒပဏ္ဍိတသည်(၁၃၆၆ခုနှစ်၊ ပထမဝါဆိုလဆန်း၁၄ရက်) ၃၀−၆−၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၆း၁၀နာရီတွင် ဝိသုဒ္ဓါရုံသိမ်ဦးပရိယတ္တိစာသင်တိုက်၌ ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ (၁၃၆၆ခုနှစ် ပထဝါဆိုလပြည့်ကျော် ၅ရက်) ၆−၇−၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကြွင်းကျန်သောဥတုဇရုပ်ကလာပ်တော်ကိုဝိသုဒ္ဓါရုံသိမ်ဦးပရိယတ္တိစာသင်တိုက်အတွင်း၌ အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း။ ဈာပနကော်မတီ။

ဦးကျော်ဇင်လွင်(လတ်လတ်)
B.A (Law) LLB တရားရုံးချုပ်ရှေ့နေ

အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၂)၊ သီရိလမ်း၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်နေ (ဒုတိယဗိုလ်မှူးကြီးစိုးလွင်၊ ငြိမ်း)−ဒေါ်ခင်လေးလွင်တို့၏ သား၊ ဦးဇော်ဝင်း (Eastwind)၊ ဦးဇော်လွင်(Eastwind)တို့၏ညီ၊ ဒေါက်တာကြွယ်လွင်−ဒေါက်တာတင်နွဲ့ဝင်း၊ ဒေါ်ကျော့ကျော့လွင်[OEM(M)Co., Ltd]၊ ဒေါ်ဆွေဆွေလွင်[OEM(M)Co.,Ltd]တို့၏ အစ်ကို၊ မောင်ရဲအောင်ပြည့်၊ မောင်ရဲသက်နိုင်၊ မစုစန္ဒာလွင်−မောင်မျိုးမင်းဝင်းတို့၏ဘကြီးသည် ၃−၇−၂၀၀၄(စနေနေ့)တွင် သျှင်ပါကူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၅−၇−၂၀၀၄ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်စိန် အသက်(၅၀)
အလက(၈) အင်းစိန်၊ (ပခုက္ကူ/စစ်ကိုင်း)

ရန်ကုန်မြို့၊ (D)နံ့သာကုန်းရိပ်သာ လမ်း၊ အင်းစိန်မြို့နယ်နေ အငြိမ်းစားစက်ရှင်တရားသူကြီး(ဦးစိန်ဖေ)−ဒေါ်တင်တင်နွယ်တို့၏ ချစ်လှစွာသော သားကြီး၊ ဦးဝင်းမြင့်စိန်−ဒေါ်သန်းသန်းနွယ်၊ ဒေါ်ညိမ်းညိမ်းဖေ၊ ဦးမျိုးသန့်ဖေ(လက်ထောက်ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဒေါ်ခင်ပြုံးပြုံးဖေ(အထက−၂၊ ကမာရွတ်)တို့၏ ချစ်လှစွာသော အစ်ကိုကြီး၊ မောင်နေအောင်ဖေ၊ မောင်ဥက္ကာဖေတို့၏ ချစ်လှစွာသောဦးကြီးသည် ၂−၇−၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၆−၇−၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စန်းတီ (၇၄)နှစ်
(ခေတ်သစ်ကဖီး၊ မြေနီကုန်း)

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊အမှတ်(၂၆၅)၊ ပြည်လမ်းမြေနီကုန်းနေ [ဦးစိန်(ခ)ဦးအိကြောင်]၏ ချစ်လှစွာသောဇနီး၊ ဦးဝင်းစိန်−ဒေါ်စန်းစန်းကြူ၊ ဒေါ်ဝင်းကြည်(ရွှေနန်းရောင်းဝယ်ရေး၊ ညောင်ပင်လေးဈေး)၊ဦးအေးအေး−ဒေါ်မြဝင်း(ပြည့်ဝကျော်ဆီဆိုင်)၊ ဒေါ်စန်းဝေ၊ ဦးမောင်မောင် − ဒေါ်မေဖွားတို့၏ မိခင်ကြီး၊ မောင်ရဲမျိုးမင်း၊ မအေးအေးခိုင်၊ မောင်သာထက်၊ မအေးအေးအောင် (အထက−၁၊ဒဂုံ)၊ မောင်အောင်မျိုးမင်း (အထက−၁၊ ဒဂုံ)၊ မလှမျိုးစု၊ မဖြူနှင်းသော်၊ မောင်အောင်ကိုသက်တို့၏ အဘွားသည် ၃−၇−၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၅−၇−၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးတရုတ်သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်အေး(၇၃)နှစ်
(အငြိမ်းစားစာရင်းဦးစီးမှူး)

သန်လျင်မြို့၊ အောင်မင်္ဂလာရပ်၊ တိုက်(၃)၊ အခန်း(၈)နေ (ဦးဘရွှေ−ဒေါ်ထွေး)တို့၏ သား၊ ဒေါ်ခင်ခင်ညွန့်၏ ခင်ပွန်း၊ ဒေါ်ခင်မာမာအေး၊ ဦးထင်ဇော် (MSAI)၊ ဒုတိယဗိုလ်မှူးကြီးရဲမင်းအေး−ဒေါ်နန်းနုတို့၏ ဖခင်၊ မောင်အောင်နိုင်သူ၊ မောင်ကျော်ကောင်းလူ၊ ဇာနည်ရဲမင်း၊ စည်သူရဲမင်းတို့၏ အဘိုးသည် ၃−၇−၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၅−၇−၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ပျဉ်ထောင်ကျောင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စိုးသန်း (၃၉)နှစ်
(ကညင်ကုန်း)

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ကညင်ကုန်းကျေးရွာနေ (ဦးအောင်သန်း)−ဒေါ်ကျင်အေးတို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်း၊ အမှတ်(၆၆)၊ တိုက်(၂)၊ အခန်း(၄)နေ ဦးဝင်းညွန့်(လ/ထညွှန်ကြားရေးမှူး၊ အင်/ယာ၊ စည်ပင်သာယာရေးဦးစီးဌာန)၏ ဇနီး၊ ဦးမြတ်စိုး(EE)−ဒေါ်ခင်လေးမြင့်(ဒု−ဦးစီး၊ စည်ပင်ဦးစီး)၊ ကိုဇော်မြင့်အောင်−မဇာခြည်နွယ်လွင်၊ ကိုမျိုးမြင့်ဦး−မကြည်ကြည်ရင်၊ မနွယ်နီသန်းတို့၏ အစ်မကြီး၊ တူ၊ တူမ လေးယောက်တို့၏ ကြီးကြီးသည် ၂−၇−၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၄−၇−၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စန်းတီ (၇၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၂၆၅)၊ ပြည်လမ်း၊ မြေနီကုန်းနေ [ဦးစိန်(ခ)ဦးအိကြောင်]၏ ချစ်လှစွာသော ဇနီး၊ Mr. Jacksonl−မသီတာ၊ Mr. Choon Seng − မသွယ်သွယ်၊ မောင်အောင်နိုင်ဝင်း − မနန်းကြွယ်၊ မောင်စိုးလင်း−မခိုင်မေလတ်၊ မောင်ငွေစိုးဇင်−မမြသန္တာ၊ မသန္တာဝင်း၊ (မစပယ်ဝင်း)၊ မဖြိုးပပ၊ မဝင်းမာလှိုင်၊ မနှင်းပွင့်လှိုင်၊ မောင်ညီညီထွေးတို့၏ အဒေါ်သည် ၃−၇−၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၅−၇−၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးတရုတ်သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူတူ၊တူမများ။

ဦးခင်မောင်အေး (၄၇)နှစ်
အလုပ်ရုံစိတ်မှူး

ကပရအခြေစိုက်(၃) မရမ်းကုန်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(တောင်)၊ အမှတ်(၂)၊ နိဗ္ဗာန်ကျောင်းလမ်းနေ ဦးထွန်းကြည်−(ဒေါ်တင်အေး)တို့၏ သား၊ ဒေါက်တာဦးစိုးအောင်−ဒေါက်တာဒေါ်ကြည်ကြည်ဝင်း(OG၊ ဖျာပုံ)တို့၏ မောင်၊ ဗိုလ်မှူးသိန်းဇော်(ထားဝယ်)−ဒေါ်ကြည်ကြည်သစ်၊ ဦးဝင်းဇော်−ဒေါ်အေးအေးသန်းတို့၏ အစ်ကို၊ ဒေါ်သပြေလွင် (MTRI)၏ ခင်ပွန်း၊ မနုခက်ဝေ(X-S၊ ထ−၃၊ မ/ဥက္ကလာ၊ မောင်အောင်သက်(VIII-B၊ လ−၈၊ မ/ဥက္ကလာ)တို့၏ဖခင်၊ တူ၊ တူမ ခြောက်ယောက်တို့၏ ဦးလေးသည် ၃−၇−၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၅−၇−၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

Mohammed Zubair (ခ)အာယုမင်းနိုင်(၂၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၁/၁၃)၊ (၅၅)လမ်းနေ ဒေါက်တာမင်းနိုင်−ဒေါ်ယဉ်ယဉ်သီတို့၏ သား၊ မောင်ဝေဠုမင်းနိုင်−မသဇင်တင်မောင်၊ (မောင်အာသုမင်းနိုင်)တို့၏ညီ၊အမေရိကန်နိုင်ငံ Sacramento မြို့နေ Dr. Razia Y Forte၊ ဒေါ်ညွန့်ညီဆွေ၊ ဒေါ်ညွန့်ညီယဉ်၊ ဦးကျော်မိုးမြင့်၊ Houston မြို့နေ ဦးကျော်စိန်−ဒေါ်ယဉ်ယဉ်သော် (Majia Amin) တို့၏ တူ အာယုမင်းနိုင်သည် Sacramento မြို့တွင် ၂၉−၆−၂၀၀၄ရက်တွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၃၀−၆−၂၀၀၄ရက်တွင် ယင်းမြို့ မွတ်စလင်ကာဘာရိစတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်−၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်−၁၁၈၈ကြေးနန်းလိပ်စာ−ကြေးမုံ၊ စာတည်းမှူး−၂၉၁၀၃၃၊ ၂၈၁၀၅၄၊ သတင်းထောက်မှူး−၂၉၁၀၃၃၊ မန်နေဂျာ−၂၉၁၀၃၃၊ စီမံ/ငွေစာရင်း−၂၉၁၀၃၃၊ မြန်ရှီးရေး−၂၉၁၀၃၁၊ ကြော်ငြာ−၂၉၁၀၃၁၊ ပုံနှိပ်−၂၉၁၀၃၃။ R/184

ဇူလိုင်၃ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း ၂၀၀၄ခုနှစ် မြန်မာအမျိုးသမီးများနေ့ (Myanmar Women's Day) အထိမ်းအမှတ်အခမ်းအနားတွင် ထူးချွန်အမျိုးသမီး မီးသတ် တပ်ဖွဲ့ဝင် မီးသတ်ဦးစီးဌာနချုပ်မှ ဒုတိယတပ်ကြပ်မိုးမိုးစိုးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်း–ရွှေဖုံး) (သတင်းစဉ်)

ဇူလိုင် ၃ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း ၂၀၀၄ခုနှစ် မြန်မာအမျိုးသမီးများနေ့ (Myanmar Women's Day) အထိမ်းအမှတ်အခမ်းအနားတွင် ထူးချွန်အမျိုးသမီး မသန်စွမ်းအားကစားမယ် မနန်းမစိန်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်း–ရွှေဖုံး) (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ကြည့်ရှုလေ့လာ

ရန်ကုန် ဇူလိုင် ၃

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင်မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများလိုက်ပါ၍ နံနက် ၆ နာရီတွင် မော်တော်ယာဉ်များဖြင့် ညောင်နှစ်ပင်စခန်းမှ ထွက်ခွာလာကြပြီး ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ခွန်းဆက်

ရှေးဦးစွာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကိုယ်စား မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒုတိယရဲမှူးကြီးဆယ်မောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြတိုက်နှင့်ပတ်သက်၍ သိကောင်းစရာများနှင့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ် ပြတိုက်အတွင်း ခင်းကျင်းပြသထားသော ရှေးမြန်မာမင်းများ လက်ထက်မှ ယနေ့ မျက်မှောက်ခေတ်ကာလအထိ နိုင်ငံတော်အစိုးရအဆက်ဆက် အထူးသဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် စွမ်းစွမ်းတမံအလေးထား ကြိုးပမ်းဆောင်ရွက်ခဲ့မှုပြခန်း ပြကွက်များကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ **စာမျက်နှာ ၁၀ ကော်လံ ၄ သို့** ☆

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ရုံးခန်းသစ်ဖွင့်

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ၂၀၀၄ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံးခန်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အဆောက်အအုံ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ကြသည်။ **စာမျက်နှာ ၁၂ ကော်လံ ၅ သို့** ❍

၂၀၀၄ ခုနှစ် ဇူလိုင်၃ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ရုံးခန်းသစ်ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

လက်တွဲ ဝန်းရံ အမျိုးသား ညီလာခံ

ယူရို–၂၀၀၄ ဗိုလ်လုပွဲ သမိုင်းမော်ကွန်းထိုးမည့် အိမ်ရှင်ပေါ်တူဂီ

သတင်းဆောင်းပါး ဂမ်ဆိုင်း

ရန်ကုန် ဇူလိုင် ၃

(၁၂)ကြိမ်မြောက် ယူရို–၂၀၀၄ ဘောလုံးပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်များ ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ အိမ်ရှင် ပေါ်တူဂီနှင့် ဂရိအသင်းတို့ ဗိုလ်လုပွဲသို့ ရောက်ရှိလာကြသည်။ နောက်ဆုံးဗိုလ်လုပွဲကို ဇူလိုင် ၅ ရက် (တနင်္လာနေ့) မြန်မာစံတော်ချိန် နံနက် ၁း၁၅ နာရီတွင် လစ္စဘွန်းမြို့ရှိ ပရိသတ် ၆၅၀၀၀ ဆံ့သော Estadio da luz ဘောလုံးကွင်းတွင် ယှဉ်ပြိုင်ကစားကြမည်။

အုပ်စု(က)နှစ်သင်းပြန်ဆုံ

ဂရိနှင့် အိမ်ရှင်ပေါ်တူဂီတို့သည် အုပ်စု(က)မှ တက်လာကြသော အသင်းများဖြစ်သည်။ အုပ်စုပြိုင်ပွဲတွင် ပေါ်တူဂီက အုပ်စုပထမရပြီး ဂရိက အုပ်စုဒုတိယရသည်။ ပြိုင်ပွဲတွင် ရေပန်းမစားသော အဆင့်(၃) အိမ်ရှင်ပေါ်တူဂီနှင့် အဆင့်(၁၀)ဂရိအသင်းတို့ ပြန်လည်တွေ့ဆုံကြခြင်းဖြစ်သည်။

ဗိုလ်လုပွဲသို့

ဂရိသည်အုပ်စုပြိုင်ပွဲ၏ပွဲဦးထွက်တွင် အိမ်ရှင်ပေါ်တူဂီကို နှစ်ဂိုး–တစ်ဂိုးဖြင့်ပြီး စပိန်နှင့် တစ်ဂိုးစီသရေကျကာ ရုရှားကို နှစ်ဂိုး–တစ်ဂိုးဖြင့်ရှုံး၍ဒုတိယဖြင့် အုပ်စုတက်လာသည်။ကွာတားဖိုင်နယ်တွင် ပြင်သစ်ကို တစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ ဆီမီးဖိုင်နယ်၌ ချက်ကို တစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်းနိုင်ပြီး ဗိုလ်လုပွဲသို့ ရောက်လာခြင်းဖြစ်သည်။ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ✧